ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့။ Monday, 31 May 2021 ၁၀၃၉၀

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်)
(၂၀၂၁ ခုနှစ်၊ မေ ၃၀ ရက်)

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေးအောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန် ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အမြန်ဆုံးဆက်လက်ဆွေးနွေးနိုင်ရေးအတွက် တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်ဆိုင်းပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

# မန်းရွှေစက်တော်ရာဘုရားတွင် ဓာတ်လှေကားတပ်ဆင်မည်

နေပြည်တော် မေ ၃၀

ဘုရားဖူးပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် မန်းရွှေစက်တော်ရာဘုရားတွင် ဓာတ်လှေကား တပ်ဆင်မည်ဖြစ်ကြောင်း မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

**တပ်ဆင်သွားမည်**

မန်းရွှေစက်တော်ရာဘုရား ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်းကို ဆရာတော်ကြီးများ၏ ဩဝါဒနှင့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ မန်းရွှေစက်တော်ရာဘုရားနှစ်ကျိပ်ရှစ်ဆူမှ ကိုးခန်းကြီးတန်ဆောင်းအထိ အမြင့်ပေ ၁၀၁ ပေခန့်ရှိသည့် ဓာတ်လှေကားကို တပ်ဆင်သွားမည်ဖြစ်သည်။

**နှစ်စင်းတပ်ဆင်မှာဖြစ်**

“ဓာတ်လှေကားက နှစ်စင်းတပ်ဆင်မှာ ဖြစ်ပါတယ်။ လေဝင်လေထွက်ကောင်းအောင် Steel Structure နဲ့ တပ်ဆင်သွားမှာဖြစ်ပြီး အဝင်လမ်းအရှည် ပေ ၂၁၀ ရှိမှာဖြစ်ပါတယ်”ဟု မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ဝင် ဦးသိန်းလှိုင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❐



မန်းရွှေစက်တော်ရာဘုရား ဓာတ်လှေကားတပ်ဆင်မည့်ပုံစံကို တွေ့ရစဉ်။

## ကြေးမုံ ယနေ့ဖတ်စရာ

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့** စာမျက်နှာ » ၄

**ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနေနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးရှိ ဟိုတယ်၊ မိုတယ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြု** စာမျက်နှာ » ၅

**ရေကြည်မနောက် ကြာမပျောက်စေရေး** စာမျက်နှာ » ၆

**ဂုဏ်ယူလေးစား တန်ဖိုးထားသည့် အနုပညာရှင်** စာမျက်နှာ » ၁၀

**ဆရာ နွမ်ဂျာသိုင်း ၏ အခန်းဆက်ဝတ္ထုရှည်**

**ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်** စာမျက်နှာ » ၂၃

ကြေးမုံ

# အနာဂတ်ကိုအလှဆင်မည့်စာသင်ကျောင်း အားလုံးပါဝင်လက်တွဲပူးပေါင်း

အနာဂတ်တွင် လင်းလက်ကြယ်လေးများသဖွယ် ပွင့်လန်းလာမည့် ကလေးသူငယ်၊ လူငယ်လူရွယ်များအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်တော့မည်ဆိုသည့် သတင်းသည် မင်္ဂလာရှိသော သတင်းကောင်းပင်ဖြစ်သည်။ ကလေးသူငယ် ငယ်ရွယ်သူများအဖို့ ကျောင်းပြန်ဖွင့်မည်ဆိုသည့်အတွက် ပျော်ရွှင်နေကြသည်။ စာသင်ကျောင်းများသည် ကလေးသူငယ် ငယ်ရွယ်သူများအတွက် နားခိုရာ၊ ရှင်သန်ရာ၊ ဖူးပွင့်ရာ၊ ပျိုးထောင်ရာ မြေကောင်းမြေမှန် နေရာမှန်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့မှုကြောင့် ကျောင်းများပိတ်ထားခဲ့ရသဖြင့် စာသင်နှစ်တစ်နှစ် ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ကာကွယ်ဆေးများထုတ်လုပ်နိုင်ပြီး ကြိုတင်ကာကွယ်ရေးနည်းလမ်းအမျိုးမျိုးတို့ကြောင့် ရောဂါကူးစက်မှုပါးလျားကာ အသားတကျဖြစ်လာသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်များ ပညာရေးနစ်နာမှုမရှိစေရေးအတွက် ကျောင်းများပြန်ဖွင့်ရန် အသင့်စီမံထားပြီးဖြစ်သလို မကြာမီတွင် ဖွင့်လှစ်တော့မည်ဖြစ်သည်။ ပန်းကလေးများပွင့်တော့မည်၊ ဖူးတန်ဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်းဟူသည့် စာချိုးနှင့်အညီ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံမည့်အချိန် ရောက်ပေတော့မည်။

သို့သော် ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူများအဖို့ ကျောင်းသားများအတွက် မျှော်လင့်ချက်ဆန္ဒ ပြည့်ပြည့်ဝဝတော့ မရကြပါပေ။ အများသူငှာ ပျော်ရွှင်ချမ်းမြေ့စိတ်ချမ်းသာလိုသည့်ဆန္ဒများကို မသမာသူအဖျက်သမားများက နင်းချေဖျက်ဆီးနေကြသည်။ စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းအမှုများကို ပြုလုပ်နေကြသည်။ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ခြိမ်းခြောက်နေကြသည်။ စည်းရုံးလှုံ့ဆော်မှုကို ယုံစားသောသူများ၊ ကျောင်းသား ကျောင်းသူများအတွက် စိုးရိမ်ကြသူများက ကျောင်းပရိဝုဏ်သို့ ရောက်မလာကြပေ။ ပညာလိုလားသော မိဘများက မိမိတို့ရင်သွေးငယ်များအား မဖြစ်မနေကျောင်းအပ်နှံခဲ့သည်။

ယခုစာသင်နှစ်တွင် လူငယ်လူရွယ်များ၏ရှေ့ရေးအတွက် ကျောင်းနေသူအားလုံး ကျောင်းနေရေး၊ ကျောင်းထွက်သူမရှိစေရေးကို သက်ဆိုင်ရာက ရည်မှန်းထားသော်လည်း ဆန္ဒအပြည့်အဝတော့ ရနိုင်မည်မဟုတ်ပေ။ ကျောင်းမတက်သူသည် ပညာသင်နှစ်တစ်နှစ် ထပ်မံဆုံးရှုံးပြီး ကျောင်းတက်သူသည် ပညာရေးရှေ့သို့ တစ်ဆင့်တက်လှမ်းနိုင်မည်ဖြစ်သည်။ တာဝန်ရှိသူများအနေဖြင့် ကျောင်းသားကျောင်းသူများ လုံခြုံရေး၊ ကျန်းမာရေး လစ်ဟင်းမှုမရှိစေရန်နှင့် အဘက်ဘက်က ထောက်ပံ့စေ့ရေး သတိကြီးစွာဖြင့် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည်။ ကျောင်းသားမိဘများ၊ တာဝန်ရှိသူများအား အကြံပြုလိုပါသည်။

ရင်သွေးငယ်များ ပညာအဆက်မပြတ်ရေးနှင့် မကင်းကွာစေရေးအတွက် အထူးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာရေးဖြောင့်ဖြူးစေရေးနှင့်အတူ ကျန်းမာရေးအတွက် အထူးဂရုစိုက်ကြရပါမည်။ စိုးရိမ်စိတ်များ လွန်ကဲရန် မလိုအပ်သလို မပေါ့ဆရန်လည်း အထူးလိုအပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါမှာ အသွင်ပြောင်းကူးစက်နိုင်သည့်အပြင် အန္တရာယ်ကြီးမားသောကြောင့် ကပ်ရောဂါဆိုး ကင်းစင်သည်အထိ အမြဲဂရုပြုရန် လိုအပ်ပါသည်။ ထို့ကြောင့် ကလေးသူငယ်၊ လူငယ်လူရွယ်များ အောင်မြင်စွာ ပညာသင်ကြားနိုင်ရန်အတွက် မိဘ၊ ဆရာ အားလုံးပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

အစွန်းရောက်အကြမ်းဖက်သမားများကိုလည်း သတိပေးလိုပါသည်။ ကလေးသူငယ်များသည် အပြစ်ကင်းစင်ပြီး မိမိတို့လူမျိုး၊ မိမိတို့၏အနာဂတ်မျိုးဆက်များဖြစ်ပါသည်။ နိုင်ငံ့ကောင်းမွေကိုခံယူပြီး ပခုံးပြောင်း တာဝန်ယူကြရမည့်သူများဖြစ်သည်။ နိုင်ငံ့တာဝန်ကို လက်ဆင့်ကမ်းတာဝန်ယူကြမည့်သူများသည် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်။ ပြည်သူများ အကျိုးခံစားနိုင်မည်။ ကျန်းမာရေးအကန့်အသတ်ကြောင့် နှောင့်နှေးခဲ့ရသော ပညာရေးသည် အဖျက်လုပ်ရပ်ကြောင့် ကာလရှည်ရပ်တန့်သွားမည်ဆိုပါက သမိုင်းတရားခံဖြစ်မည်ကနောက် ပြည်သူများ၏ ပြင်းထန်စွာတုံ့ပြန်ခံရမည်ကအစရင် မလွဲမသွေကြုံတွေ့မည်သာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံရေးကိစ္စကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းပြီး အပြစ်မရှိသော ကလေးသူငယ်များ ပညာသင်ကြားရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသည်မှာ အပြင်ဗဟိဒ္ဓအသွင်သာဖြစ်သည်။ ပတ်ဝန်းကျင်မှ ပြည်သူများ၏ အတွင်း အဇ္ဈတ္တတွင် ထိတ်လန့်တုန်လှုပ် စိုးရိမ်ပူပန်နေကြရသည်။ ထို့ကြောင့် မဖြစ်မီက ကြိုတင်ကာကွယ်နိုင်အောင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှ စိတ်အေးချမ်းသာနိုင်မည်။

သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်ကို အလှဆင်မည့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် မွေးထုတ်ပေးနေသည့် စာသင်ကျောင်းများ အေးချမ်းစွာပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် အသိစိတ်ဓာတ်ဖြင့် အားလုံးပူးပေါင်းပါဝင်လက်တွဲကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက်(၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)




ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင် |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အခြေခံပညာအဆင့်တွင် အလေးထား

စာပေသင်ကြားရေးနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများတွင် ကောင်းမွန်စွာ စာပေသင်ကြားပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာရပ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် အခြေခံပညာအဆင့်တွင် အလေးထား၍ လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဘူတာများနှင့် ကုန်းတွင်းဆိပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် မေ ၂၉ ရက်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအဆင့်(၁) ဖြစ်သည့် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ ဘူတာများနှင့် ကုန်းတွင်းဆိပ်(Dry Port)တို့ကို ကြည့်ရှုစစ်ဆေးသည်။



### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်လေးပင်ဘူတာကို ရှေးမူမပျက် အဆင့်မြှင့် ပြုပြင်ထိန်းသိမ်းတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း၏ ပဲခူး-ညောင်လေးပင် လမ်းပိုင်း(CP-102)စီမံကိန်း(ပြွန်တန်ဆာ) ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(မြို့ပြ)က လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပဲခူး-ညောင်လေးပင် လမ်းပိုင်း(CP-102)စီမံကိန်းဆောင်ရွက်နေသည့် ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြွန်တန်ဆာဘူတာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြွန်တန်ဆာဘူတာမှ ဒိုက်ဦး ဘူတာအထိ RBE ရထားဖြင့် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ ဒိုက်ဦးဘူတာတွင် ရထားစီးရန် စောင့်ဆိုင်းနေသည့် ခရီးသည်များနှင့်တွေ့ဆုံ၍ ရထားခရီးစဉ်များ အဆင်ပြေမှု ရှိ၊ မရှိ အခြေအနေကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းပြီး ခရီးသည်များ လက်မှတ်ဝယ်ယူရာတွင် အဆင်ပြေစွာ ရောင်းချပေးရေး၊ ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ဘူတာဆိုင်းဘုတ်များ သပ်ရပ်စွာ ပြုပြင်ဆောင်ရွက်ပေးရေး တာဝန်ရှိသူများကို မှာကြားသည်။

ထိုမှတစ်ဆင့် ပဲခူးဘူတာသို့ရောက်ရှိရာ ပဲခူးဘူတာရုံပိုင်ချုပ်က ပဲခူးဘူတာနှင့်ပတ်သက်သည်များ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ရထားစီးခရီးသည်များ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးရန်၊ ရထားများ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိရေး၊ ဘူတာလုံခြုံမှုရှိရေး၊ မီးဘေးအန္တရာယ် ဂရုပြုဆောင်ရွက်ရေး၊ ဝန်ထမ်းလိုင်းခန်းများ ချို့ယွင်းပျက်စီးနေမှုများကို တာဝန်ရှိသူများက စစ်ဆေးပြုပြင်ဆောင်ရွက်ပေးရေး၊ ဘူတာအဆင့်မြှင့်ပြုပြင်တည်ဆောက်နေမှုများအပေါ် ရေရှည်တည်တံ့ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးအတွက် တည်ဆောက်နေချိန်တွင် စံချိန်စံညွှန်းကိုက်ညီရေး တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးဘူတာမှ ရွာသာကြီးဘူတာအထိ ၃၃ ဒသမ ၂၅ မိုင်အား RBE ရထားဖြင့် သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ထုံးကြီးဘူတာ၌ သံလမ်းဂဟေဆက်လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းခွင်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ဖြည့်ဆည်းပေး

ဆက်လက်၍ စီမံကိန်းရှင်းလင်းဆောင်တွင် မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(မြို့ပြ)က (CP-101)၏ ရွာသာကြီး-ပဲခူး(အစုန်လမ်းပိုင်း) လုပ်ငန်းဆောင်ရွက်မှု၊ တံတားများတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မြေသားလုပ်ငန်း ဆောင်ရွက်မှု၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များကို မှာကြားပြီး ရန်ကုန်-ပဲခူး လမ်းပိုင်း (CP-101) စီမံကိန်းဆောင်ရွက်နေသည့် ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် ရွာသာကြီးရှိ ကုန်းတွင်းဆိပ် (Dry Port)နှင့် ဆက်စပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ ရှေ့ဖုံးမှ**

၃။ ယခုဆက်လက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆွေးနွေးနိုင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အား ရှေးရှု၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးသွားမည်ဖြစ်သည်။

၄။ တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ထပ်မံတိုးမြှင့်ရပ်စဲပေးထားသည့် ကာလများအတွင်း ညှိနှိုင်းဆွေးနွေးမှုများဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

---

**❒ မန်းရွှေစက်တော်ရာဘုရားမှ**

မန်းရွှေစက်တော်ရာဘုရား ဓာတ်လှေကား တပ်ဆင်ခြင်းလုပ်ငန်းကို ဇွန် ၁ ရက်တွင် စတင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် လုပ်ငန်းများ ပြီးစီးရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းဆောင်ရွက်မှုကာလကို ခုနစ်လခွဲအတွင်း အပြီးဆောင်ရွက်မယ်လို့ မျှော်မှန်းထားပါတယ်။ Phase 1 အနေနဲ့ ဓာတ်လှေကားအိမ်၊ လျှောက်လမ်းနဲ့ တာဝါအတွက် စုစုပေါင်း ကုန်ကျစရိတ်က ငွေကျပ်သိန်းပေါင်း ၁၆၃၈၇ သိန်း ကုန်ကျမယ်လို့ ခန့်မှန်းတွက်ချက်ထားပါတယ်။ Phase 2 အနေနဲ့ ဓာတ်လှေကားအတွက် တင်ဒါခေါ်ယူပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဦးသိန်းလှိုင်က ပြောသည်။

"မန်းရွှေစက်တော်ရာဘုရားကိုလာတဲ့ ဘုရားဖူးတွေ အဆင်ပြေစေဖို့ ရည်ရွယ်ချက်နဲ့ တပ်ဆင်တာဖြစ်ပါတယ်။ ပွဲတော်ရက်အတွင်း ရုံးပိတ်ရက်ရှည်ရှိတဲ့အခါ ဘုရားဖူးခရီးသွား များပြားတဲ့အတွက် အထက်စက်တော်ရာက တောင်တက်လမ်းမှာ ကားကျပ်တာမျိုးတွေ ရှိပါတယ်။ တောင်ပေါ်ဆိုတော့ ကားထားတဲ့နေရာကလည်း ကားအစီးရေ ၁၅ စီး၊ ၂၀ လောက်ပဲ ထားနိုင်တယ်။ ပြီးတော့ ဘုရားဖူးလာတဲ့ သက်ကြီးရွယ်အိုတွေအတွက်လည်း အထက်စက်တော်ရာအထိ အဆင်ပြေပြေနဲ့ ဘုရားဖူးနိုင်အောင် ရည်ရွယ်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန်းရွှေစက်တော်ရာဘုရားတွင် ဓာတ်လှေကား တပ်ဆင်မည့်လုပ်ငန်းသည် ငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော် ကုန်ကျမည်ဖြစ်သည့်အတွက် လှူဒါန်းလိုသူများအနေဖြင့် မန်းရွှေစက်တော်ရာဘုရားဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကေတာ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် အသက် ၈၅ နှစ်အထက် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးသူရိန်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အသက် ၈၅ နှစ်အထက် ဘိုးဘွားများနှင့် မသန်စွမ်းပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကား ပြောကြားကြသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေ၊ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၃၃၃၆၆ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၁၀၈၂၆ ဦးအတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၁၆၅၀ ဒသမ ၃၂၄ သန်းကို မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးသူရိန်ထွန်း၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးကျော်ဆန်း၊ ဦးမျိုးအောင်၊ ဦးသိန်းဌွေးတို့က သက်ဆိုင်ရာစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး မသန်စွမ်းသူများအသင်းမှ ကိုယ်စားလှယ် ဦးစိုင်းအောင်ထက်တို့ထံ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာသူများကိုယ်စား ဂေဟာအုပ်ချုပ်ရေးမှူး ဦးထူးထူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ဘိုးဘွားများနှင့် မသန်စွမ်းပုဂ္ဂိုလ်များထံ ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ နားမကြားသောကလေးများကျောင်း၌ ပြုလုပ်သည့် မန္တလေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး တက်ရောက်လာသူ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နားမကြားသောကလေးများကျောင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေး လူငယ်သင်တန်းကျောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး) နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းတို့သို့ ရောက်ရှိကြပြီး သင်တန်းကျောင်းများအတွင်း သင်တန်းသားများ နေထိုင်စားသောက်မှု၊ အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သော ဆံသသင်တန်း၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်း၊ ပန်းချီသင်တန်း၊ သံဂဟေသင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း၊ ပန်းရန်သင်တန်း၊ ပိုက်ဆက်သင်တန်း၊ လက်သမားသင်တန်း၊ လျှပ်စစ်တပ်ဆင်ပြုပြင်သင်တန်း၊ အပ်ချုပ်သင်တန်းတို့ လက်တွေ့သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းထိန် ရှမ်းပြည်နယ်(တောင်ပိုင်း) လမ်း၊ တံတားလုပ်ငန်းများ၊ အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများနှင့် ကျေးလက်လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်သည် မေ ၂၈ ရက် နံနက်ပိုင်းတွင် Highland Road Construction Co.,Ltdမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘုရားငါးဆူ-တောင်ကြီးလမ်းပိုင်းစီမံကိန်း ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)တွင် ဆေးရုံတက်ရောက်ကုသနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လမ်းလုပ်သားနှင့် လူနာများကို ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံတက်ရောက်နေသော ပြည်သူများအတွက် ဆေးပဒေသာပင် အလှူငွေပေးအပ်သည်။

ဆက်လက်၍ အဆောက်အဦအထူးအဖွဲ့(၁၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(တောင်ကြီးရုံးခွဲ) (၄)ခန်းတွဲ၊ (၃)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် အဆောက်အအုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မေ ၂၉ ရက်တွင် ဒုတိယဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးလှဦးတို့နှင့်အတူ ကျောက်တန်း-ဖက်နမ်- ပင်လုံလမ်းပိုင်းကို လည်းကောင်း၊ "ဝ" တစ်လုံးဥမင်ဖောက်လုပ်မည့် တည်နေရာကို လည်းကောင်း၊ လွိုင်လင်မြို့နယ် ပြည်သူ့ဆေးရုံ (၃)ထပ် သူနာပြုအပျိုဆောင် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် အဆောက်အအုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဂျာမနီ ဖွံ့ဖြိုးရေးဘဏ်(KfW) ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နေသည့် သာယာကုန်း-ရွာသစ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေ ၈၁၁ အိမ်နှင့် လူဦးရေ ၃၅၀၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပုသိမ်ကြီးမြို့နယ်ရှိ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးနှင့် စက်ရုံမှူးတို့က လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုနှင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံနှင့် ရေပိုလွှဲတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။




**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံများသို့ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးများက ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားခွဲရုံ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားမပြတ်တောက်စေရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဓာတ်အားဖြတ်တောက်ရသည့်အခါတွင်လည်း အချိန်အနည်းဆုံးဖြစ်စေရန်နှင့် ပြည်သူသို့ ကြိုတင်အသိပေးဆောင်ရွက်ကြရန် မှာကြားပြီး ဓာတ်အားခွဲရုံများအတွင်းရှိ ဓာတ်အားထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိုင်းခတ်မြို့နယ်အတွင်း ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

မိုင်းခတ် မေ ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နယ်စပ်ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာအထောက်အကူပြုသည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၄၄ ဒသမ ၁၁၈ သန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ်အတွင်း မိုင်းခတ် - မိုင်းညွင်း မြေသားလမ်း ၂၂ မိုင်အနက် ၁ မိုင် ၄ ဖာလုံ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ငွေကြယ်



## ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနေနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးရှိ ဟိုတယ်၊ မိုတယ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြု

နေပြည်တော် မေ ၃၀

ခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနေနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးရှိ ဟိုတယ်၊ မိုတယ်များကို မေလမှ စတင်ကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ဟိုတယ်၊ မိုတယ် အလုံး ၅၀ ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်အတွက် ခေတ္တပိတ်ထားခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ ကန့်သတ်စောင့်ကြည့်ရေးစင်တာမဟုတ်သည့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက် (Version 2.0) နှင့်အညီ လိုက်နာဆောင်ရွက်ပြင်ဆင်စစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ဟိုတယ်၊ မိုတယ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်က "ပြီးခဲ့တဲ့ ဧပြီလအထိက ဟိုတယ်၊ မိုတယ် ၂၁ လုံး ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး အခု မေလကုန်မှာ အလုံး ၅၀ ကို အကုန်လုံးပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက်တာဖြစ်ပါတယ်။ ရပ်တန့်နေတဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်နိုင်ပြီး ဝင်ငွေရတယ်ဆိုတော့၊ တဖြည်းဖြည်းနဲ့ အမြတ်အစွန်းတွေ မျှော်မှန်းလို့ရလာနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိဟိုတယ်၊ မိုတယ်နှင့် ခရီးသွားလုပ်ငန်းများသည် ပြည်တွင်းခရီးသွားများကို အဓိကပိုမိုအားထားနေရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမှာက တက္ကသိုလ်တွေရှိတော့ တက္ကသိုလ်တွေ ဖွင့်တာ၊ ပိတ်တာနဲ့ ဘွဲ့နှင်းသဘင်ရက်တွေဆို ဟိုတယ်တွေက လူပြည့်တယ်။ ဒါ့အပြင် ရွှေစက်တော်ဘုရားပွဲက သုံးလနီးပါးရှိတယ်။ ဘုရားပွဲမတိုင်ခင်တစ်လနဲ့ ဘုရားပွဲပြီးတဲ့ တစ်လ ပေါင်းလိုက်ရင် ငါးလနီးပါးလောက် မကွေးတိုင်းဒေသကြီးရဲ့ ဟိုတယ်၊ မိုတယ်တွေက ပြည်တွင်း ပြည်ပ ခရီးသွားတွေနဲ့ တည်းခိုသူများပြားပါတယ်။ ဘုရားပွဲတွေကြောင့်လည်း ပြည်တွင်း ပြည်ပခရီးသွားတွေ လာရောက်လည်ပတ်တာကို အဓိကပြုပြီး အဓိကဝင်ငွေရနေတာ ဖြစ်ပါတယ်" ဟု ပြောသည်။

မကွေးမြို့နယ်တွင်မြသလွန်စေတီတော်၊ ကံကော်တစ်ထောင်ဘုရားနှင့် ကွေ့ချောင်းခံတပ်၊ မင်းလှမြို့နယ်တွင် မလွန်မြသပိတ်ဘုရား၊ မင်းလှခံတပ်၊ မင်းဘူးမြို့နယ်တွင် စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ ရွှေစက်တော်ဘုရား၊ ရွှေစက်တော်ဘေးမဲ့တောနှင့် ဆင်စခန်း၊ စကုမြို့နယ်တွင် ရုပ်စုံကျောင်းနှင့် ရှေးဟောင်းဘုရားများ၊ ပွင့်ဖြူမြို့နယ်တွင် စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရား၊ ဘားဝပ်ကျောင်း၊ လယ်ကိုင်းရုပ်စုံကျောင်း စသည့်နေရာများသည် ပြည်တွင်း ပြည်ပခရီးသွားများ စိတ်ဝင်တစား လည်ပတ်လေ့ရှိသော အထင်ကရနေရာများ ဖြစ်သည်။

မကွေးတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖြစ်စေရေး၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး၊ ရေမြေတောတောင် သဘာဝအလှအပများဖြင့် ပြည်တွင်း ပြည်ပခရီးသွားများကို ဆွဲဆောင်ကာ ခရီးသွားများအတွက် လုံခြုံချောမွေ့စိတ်ချမ်းမြေ့စွာ လည်ပတ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလအလွန်တွင် ပြောင်းလဲလာသည့် ခရီးသွားလုပ်ငန်းများအတွက် ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးကို ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကေတာ

# ရေကြည်မနောက် ကြာမပျောက်စေရေး

မင်းသုခ

မေတ္တာရှိသူ၊ ခင်မင်ရသူ မိတ်ဆွေအပေါင်းအသင်းများနှင့် မိတ်ဝတ်မပျက် ဆွေဆက်မျိုးဆက်၊ စိုလက်မခြောက်စေရန်အလို့ငှာ **“ရေကြည်မနောက်၊ ကြာမပျောက်စေရေး”** အလေးထား၍ ဆိုချင်ပါသည်။ အမျိုးများကို ချစ်၍သာ၊ မိတ်ဆွေများကို လွမ်း၍သာ။

မျက်မှောက်ကာလတွင် စီးပွားရေးလုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းအချင်းချင်းသည်လည်း အယူတိမ်းကာ ခပ်စိမ်းစိမ်းလေးဖြစ်နေကြပါသည်။ မိသားစုအသွင်ဆွေမျိုးသားချင်းပမာ ရှိနေပြီးကာမှ မတူကွဲပြား တစ်ကမ္ဘာခြားသွားသလိုလို ဖြစ်သွားကုန်ကြပါသည်။

ကာလတစ်ခု၊ အချိန်တစ်ခုထိသာ ကြာမြင့်ခဲ့၍တော်ပါသေးသည်။ အချိန်ကတော့ ရှိနေမြဲမို့ **“ရေကြည်မနောက်၊ ကြာမပျောက်ပါရစေနှင့်”** ဟု ထပ်ကာထပ်ကာ သတိပေးရေးသားတင်ပြလိုပါသည်။ သာမန်ဆန္ဒပြခြင်းမှသည် တောမီးလောင် တောကြောင်တို့ တစ်စခန်းထခဲ့ကြခြင်းမျိုး ဖြစ်ပါသည်။ မီးလောင်ရာလေပင့်သူများလည်း ရှိပါ၏။

သုတေသီပညာရှင်အချို့၏ဆိုစကားမှာ **“ထာဝရမိတ်ဆွေ၊ ထာဝရရန်သူမရှိ၊ ထာဝရ အကျိုးစီးပွားသာရှိသည်”** ဟု ဆိုကြပါသည်။ သို့သော်လည်း သားနှင့်အမိ၊ မောင်နှင့် နှမ၊ ဆွေမျိုးသားချင်းတို့အကြား ရှိနှင့်ပြီးသော သံယောဇဉ်များကို ပြန်လည်သတိရဆင်ခြင်မိလိုက်ချိန်တွင် ပြေလည်သွားနိုင်သည်။ ငြိမ်းချမ်းသွားနိုင်သည်။ အချောင်သမားများ ကြားဝင်မိ၍ နောင်တရခြင်းမျိုးဖြစ်သွားနိုင်မည်ကို သတိထားစေချင်ပါသည်။ ဤစကားကိုဆိုရခြင်းမှာ အကြောင်းပြချက်ခိုင်လုံစွာရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့တိုင်းပြည်၊ ကျွန်ုပ်တို့ လူမျိုးသည် လွယ်လွယ်နှင့်ပြိုကွဲမည်မဟုတ်။ လွယ်လွယ်နှင့် ပျောက်ပျက်မည်မဟုတ်ဟု ရဲရဲဝံ့ဝံ့ဖွင့်ဆိုလိုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ သမိုင်းအခြေခံကောင်း၊ နိုင်ငံသားတို့၏ မနုဿဇာစ်မြစ်ကောင်း၊ အခြေခံကောင်းတို့ရှိခဲ့ကြသည်ဟူသော အကြောင်းပြချက် ဖြစ်ပါသည်။

**နိုင်ငံတော်၏သမိုင်းအခြေခံကောင်းများ**

နိုင်ငံတော်၏သမိုင်းကို သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဟူ၍ ခေတ်နှစ်ခေတ်ကို ပိုင်းခြားတင်ပြမှသာ ပိုမိုခိုင်မာမည်ဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် သမိုင်းမတင်မီခေတ်မှာပင် လူဆင့်ကဲဖြစ်စဉ်အထောက်အထား ရုပ်ကြွင်းများနှင့် ကျောက်ခေတ်လူသားတို့၏ ရုပ်ကြွင်းအထောက်အထားများကို တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ ထပ်မံတူးဖော်ပါက အသစ်ထပ်မံတွေ့ရှိနိုင်သော နေရာများစွာရှိနေခြင်းပင် ဖြစ်ပါသည်။ ပုံတောင်ပုံညာဒေသနှင့် မြိုင်မြို့နယ် ဗဟင်းဒေသ၊ ပြဒါးလင်းဂူ အစရှိသောဒေသများမှ တွေ့ရှိချက်များကို ရည်ညွှန်းလိုခြင်းဖြစ်ပါသည်။

တစ်ဖန် အစောဆုံး သမိုင်းတင်ခေတ်ကာလမှ ယနေ့ထိတိုင် ရေတွက်ကြည့်သော် နှစ်ပေါင်း နှစ်ထောင်ခန့် သမိုင်းသက်တမ်းရှိပြီဟု သမိုင်းပညာရှင်များက ရဲဝံ့စွာ ပြောဆိုနိုင်ပြီဟု ဆိုကြပါသည်။ ယခုထက်ပို၍ ခိုင်ခိုင်မာမာဆိုရပါလျှင် မြန်မာနိုင်ငံသည် ကမ္ဘာစစ်ကြီးများကြောင့်သော်လည်းကောင်း၊ အင်အားကြီးနိုင်ငံတို့၏ အတင်းအဓမ္မစီမံဖန်တီးမှုကြောင့်လည်းကောင်း၊ ပြိုကွဲသွားသော အင်ပါယာကြီးများမှ ခွဲထုတ်ပြီးမှ ထူထောင်သောနယ်ပယ်များကို စုစည်းပေါင်းစပ်ဖန်တီးမှုအရ ပေါ်ထွန်းလာရသော ပေါ်ပင်နိုင်ငံမျိုး မဟုတ်ကြောင်းကိုလည်းကောင်း ခိုင်မာစွာ သက်သေထူ၍ ပြောဆိုနိုင်ပါသည်။ ပထဝီဝင်အရသော်လည်းကောင်း၊ မနုဿဗေဒနှင့် ရှည်လျားသော သမိုင်းစဉ်တို့အရ ပေါက်ဖွားတည်ရှိခဲ့သောနိုင်ငံမျိုးသာလျှင် ဖြစ်ပါသည်။

အကျဉ်းချုပ်၍ တင်ပြရမည်ဆိုပါလျှင် ပျူ၊ ရှေးဦးမွန်၊ ရခိုင်မြို့ပြနိုင်ငံ (City States) များမှ မင်းပြည်ထောင်စု (Kingdom) အဖြစ်ပေါင်းစည်းတည်ထောင်လာပြီးမှ လက်နက်နိုင်ငံတော်ကြီး (Empire) အထိ ကျယ်ပြန့်စွာ ထူထောင်လာခဲ့သော သမိုင်းသက်သေ အထင်အရှားရှိခဲ့ပါသည်။

အနော်ရထာမင်း (အေဒီ ၁၀၄၄–၁၀၇၇) တည်ထောင်ခဲ့သော ပထမမြန်မာ့လက်နက်နိုင်ငံတော်ကြီးသည် စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ပြီး အင်အားခိုင်မာခဲ့ကြောင်းကို ပုဂံရာဇဝင်က အခိုင်အမာသက်သေပြနိုင်ခဲ့ပါသည်။ အင်အားလျော့နည်းလာချိန်တွင် ခေါင်းဆောင်မှု၊ စည်းလုံးညီညွတ်မှုတို့ပါ ပျက်ပြားပြီး လက်နက်နိုင်ငံတော်ကြီး ပြိုကွဲခဲ့ရပါသည်။ မြို့ပြနိုင်ငံများဖြစ်သည့် တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းတို့မှစကာ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ မြင်စိုင်း၊ ကုန်းဘောင် စသဖြင့် ခေတ်အလိုက် မျိုးရိုးဂုဏ်ဆောင် တည်ထောင်ထိန်းသိမ်းနိုင်ခဲ့ကြပြီးဖြစ်ပါသည်။

ပုဂံခေတ်ပြိုကွဲခြင်းကို ပင်းယခေတ်က သာဓကပြခဲ့သော်လည်း အင်းဝခေတ်က မင်းပြည်ထောင်အထိ ပြန်လည်စည်းရုံးလာနိုင်ခဲ့သည့် သာဓကလည်း ရှိပါသည်။ တောင်ငူခေတ်တွင် မင်းကြီးညို၊ တပင်ရွှေထီးတို့က လက်နက်နိုင်ငံတော်ကြီးကို ပြန်လည်တည်ထောင် ကြိုးပမ်းခဲ့ကြပြန်ပါသည်။ အဆိုပါ ကြိုးစားမှု၏ အကျိုးဆက်အဖြစ် ဘုရင့်နောင်မင်းတရားကြီးလက်ထက်အေဒီ (၁၅၅၁–၁၅၈၁)တွင် ဒုတိယမြန်မာ့လက်နက်နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ပြန်ပါသည်။ သားတော်နန္ဒဘုရင်နှင့် ညောင်ရမ်းမင်းတို့လက်ထက်တွင် ကာကွယ်ရေးအင်အားကျဆင်းလာခြင်း၊ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်နိုင်မှုအားနည်းခြင်း စသည်တို့ကြောင့် ရွှေဘိုသားဦးအောင်ဇေယျလက်ထက် (အေဒီ ၁၇၅၂–၁၇၆၀) အတွင်း တတိယမြန်မာနိုင်ငံတော်ကြီးကို ကုန်းဘောင်မင်းဆက်အဖြစ် တည်ထောင်နိုင်ခဲ့ပါသည်။

သို့ရာတွင် ကမ္ဘာတစ်လွှား ကိုလိုနီနယ်ချဲ့များ၏ ဈေးကွက်လုစစ်ပွဲများမှသည် နယ်ချဲ့ကျူးကျော်စစ်ဆင်နွှဲသည့် အဓမ္မနယ်ချဲ့ဝါဒ ဖြန့်ကြက်လာမှုကို ထိရောက်စွာ ကာကွယ်တုံ့ပြန်နိုင်စွမ်းရှိသော ကာကွယ်ရေးစသည့်တပ်များကို အခြေစိုက်စခန်းများ ဖွင့်လှစ်ထားရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ အလားတူ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ကာ ခြိမ်းခြောက်ခြင်းများလည်း ရှိနေပါသည်။ တပ်အင်အားများကို ထင်သာမြင်သာအောင် ဖြန့်ကြက်စိုးမိုးထားသကဲ့သို့ နိုင်ငံတကာအရေးကိစ္စများကို ဝင်ရောက်နှောင့်ယှက်တိုက်ခိုက်ခြင်းများအားပြုလုပ်လျက်ရှိပါသည်။

**လက်နက်ဆန်း**

အံ့ဖွယ်လက်နက်ဆန်းကြီးကို တီထွင်အသုံးပြုလာကြပါပြီ။ **“လူနှင့်အဆောက်အအုံများကိုသေကျေပျက်စီးစေနိုင်စွမ်း မရှိသော်လည်း တစ်ကြိမ်ပစ်ခတ်ရုံမျှနှင့် လူသားတို့၏ နလုံးသားနှင့် တိုင်းပြည်တစ်ဝန်းကို အလုံးစုံပျက်သုဉ်းသွားစေရန် ကြိမ်ဖန်များစွာ ထိရောက်စေနိုင်သော လက်နက်အသစ်အဆန်းက ပေါ်ထွက်နေပြီဖြစ်ပါသည်။”**

အမှန်မှာမူ ထိုလက်နက်ဆန်းက ပေါ်ထွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပါပြီ။ နည်းပညာတိုးတက်မှုကြောင့်သာ အရှိန်အဟုန်ကြီးမားစွာပျံ့နှံ့ပြီး အဖျက်စွမ်းအား၊ ပေါက်ကွဲမှုစွမ်းအား လွန်စွာကြီးမားလာခဲ့ခြင်းဖြစ်ပါသည်။

ထူးဆန်းသည်မှာ တစ်ချက်ပစ်လိုက်သည်နှင့် ကမ္ဘာအနှံ့ရှိ ပစ်မှတ်များစွာဆီသို့ ဖြန့်ကြက်ထိမှန် ဖျက်ဆီးလိုက်နိုင်စွမ်းပင်ဖြစ်ပါသည်။ အချို့ပစ်မှတ်များသည် ထိမှန်သည်နှင့် ချက်ချင်းပျက်စီးသွားစေနိုင်သကဲ့သို့ အချို့ပစ်မှတ်များမှာ တဖြည်းဖြည်းချင်း ပျက်စီးသွားစေနိုင်

**နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ရင်ဆိုင်နေရသော ပဋိပက္ခများ၊ ဖိအားများနှင့် တိုက်ခိုက်ခံနေရမှုများကို သေသေချာချာ ဂဃနဏမသိနိုင်သောကြောင့် ဝေဖန်မှု၊ စိတ်ဝမ်းကွဲမှု၊ အထင်အမြင်လွဲမှားမှုများကိုလည်း ကြုံတွေ့နေရပါပြီ။ ပြည့်ပြည့်စုံစုံ သိရှိရန်၊ ကျွမ်းကျင်ပိုင်နိုင်စွာ တိုက်ပွဲဝင်နိုင်ရေးအတွက် စွမ်းအားပြည့်ဝစေရန်မဆိုထားဘိ၊ ပြည်သူအများစုမှာ “ကြားပင်မကြားဖူးပါ” ဟု ဆိုနေကြပါသည်။**

**သာမန်ပြည်သူအများစုသာမက အကြမ်းဖက်တိုက်ခိုက် ဆန့်ကျင်နေကြသူ အများစုမှာလည်း ယင်းတို့၏ ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို ရှင်းရှင်းလင်းလင်း သိမြင်ကြဟန်မတူပါ။ စစ်ဆင်ရေးနည်းလမ်းများကိုလည်း မကျွမ်းကျင်၊ မလိမ္မာသည့်အတွက် မသိနားမလည်သူအများစုကို နောက်ကွယ်မှ တွန်းပို့အသုံးချနေသည့်အတွက် ရေကြည်များလည်း နောက်စပြုလာ**

အင်အားစု အင်အားကျဆင်းခဲ့ကြသဖြင့် အမှောင်ခေတ်၊ အမှောင်ကာလကို ကြုံခဲ့ရပါတော့သည်။ တနင်္သာရီ၊ ရခိုင်ဒေသနှင့် မြန်မာပြည်အောက်ပိုင်းတို့ကို တဖြည်းဖြည်းချင်း ဖွဲ့ယူသိမ်းပိုက်ခံခဲ့ရပါသည်။

၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ၆၃ နှစ်ကြာမျှထိ သူ့ကျွန်ဘဝသို့ လုံးလုံးလျားလျားရောက်ခဲ့ရသည့် အတိတ်ဆိုးကို မြန်မာတစ်နိုင်ငံလုံး ခံစားခဲ့ရပါသည်။ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်တို့ကို အရင်းတည်ကာ ပြည်ထောင်စုစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေး ခွန်အားတို့ဖြင့် ပေါင်းစည်းတိုက်ခိုက်တွန်းလှန်နိုင်ခဲ့ပါသည်။

**“ကမ္ဘာမကြေကြောင်းဥဒါန်းကျူးရင့်ကာ”** သားစဉ်မြေးဆက် ယနေ့ထိတိုင် ဟစ်ကြွေးတိုင်တည် ကာကွယ်ခဲ့ကြပါသည်။ ဆက်လက်ကာကွယ်ကြပါမည်။ **“ကမ္ဘာတည်သရွေ့ မြန်မာတည်ရမည်”** **“တို့ပြည်ထောင်စုကို တို့တွေကာကွယ်မည်”** ဟူသော သန္နိဋ္ဌာန်စိတ်သည် မျိုးဆက်သွေးဆက်တစ်လျှောက် အသက်ဆက်၍ လက်ဆင့်ကမ်းသွားကြမည်ဖြစ်ပါသည်။

အုပ်ချုပ်မှုယန္တရား၌ အားနည်းချို့ယွင်းမှုများကြုံလာရတိုင်း ခေတ်သစ်အဓမ္မနယ်ချဲ့လိုသူများက သွေးထိုးလှုံ့ဆော်မြှောက်ပင့်ပေးလျက်ရှိပါသည်။ မိမိတို့နိုင်ငံတစ်နိုင်ငံတည်းသာ ကြုံတွေ့ရခြင်းမဟုတ်ပါ။ အရှေ့အလယ်ပိုင်းဒေသ၊ အာရှ–ပစိဖိတ်ဒေသများသို့ မြေပြင်လက်နက်ကိုင်တပ်များ၊ ရေတပ်များ၊ လေယာဉ်တင်သင်္ဘောကြီးများ

ပါသည်။ အဖျက်စွမ်းအားမျိုးစုံကိုပါ ပေါင်းစည်းအသုံးပြုထားကြသည်ကိုလည်း အံ့ဩဖွယ်ရာတွေ့ရှိရပါသည်။ ဇီဝလက်နက်သဖွယ် ဗိုင်းရပ်စ်ပိုးများက အတိုင်းအဆမရှိ လျင်မြန်စွာ ကူးစက်နိုင်ပါ၏။ မျက်နှာဖုံး မက်စ်တပ်၍ မရနိုင်ပါ။ လူချင်းမတွေ့ရသော်လည်း ကူးစက်နိုင်ပါသည်။

ထိုအရာကို Information Operation – သတင်းစစ်ဆင်ရေးဟု ခေါ်ဆိုပါသည်။

ကမ္ဘာ့ထိပ်တန်း စစ်အင်အားများနှင့် သိပ္ပံနည်းပညာများစွာကြီးမားပြီး သာလွန်အင်အားများရှိသော်လည်း ထိုလက်နက်၏ စွမ်းရည်ကို ထိရောက်စွာ ကာကွယ်နိုင်စွမ်းမရှိခဲ့သော ဆိုဗီယက်ပြည်ထောင်စု၊ အီရတ်နှင့် လစ်ဗျားနိုင်ငံတို့၏ ပြိုကွဲမှုသာဓကများအား သက်သေပြလျက်ရှိပါသည်။ စူးစူးနစ်နစ် ဂရုစိုက်ကာ နက်နက်ရှိုင်းရှိုင်းလေ့လာသင့်ကြပါသည်။

သတင်းစစ်ဆင်ရေး၏ စွမ်းဆောင်ရည်နှင့် ဆက်စပ်နေသော လုပ်ဆောင်ချက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာသင့်ပါသည်။ သတင်းစစ်ဆင်ရေးတွင် မည်သည့်အချက်များ ထည့်သွင်းတည်ဆောက်ထားကြပါသနည်း။

သမားရိုးကျလုပ်ဆောင်ချက်များမှ ခွဲထွက်ဆောင်ရွက်လျက်ရှိသော အချက်အလက်များကို အကြမ်းအားဖြင့် သိရှိထားသင့်ပါသည်။

**စာမျက်နှာ ၇ သို့** ★

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကို ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ကျောင်းများသို့ သွားရောက်ကြည့်ရှုပြီး ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ



**မန္တလေး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုသည် အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးကျော်ဆန်း၊ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၃၉)၊ အမှတ်(၂၉)၊ အမှတ်(၂၇)နှင့် အမှတ်(၃၂) အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်တွေ့ဆုံသည်။

**ပြောကြား**

ထိုသို့တွေ့ဆုံစဉ် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျောင်းများဖွင့်လှစ်တော့မည်ဖြစ်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ သင်ကြားနိုင်ရေး၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်သွားကြသူများ ပြန်လည်တာဝန်ထမ်းဆောင်ရန်အတွက် ဝင်ရောက်လာသည့်အခါ နွေးထွေးစွာကြိုဆိုပေးစေချင်ပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအား ကျောင်းပညာရေးသာမက ယဉ်ကျေးလိမ္မာစာပေများ၊ ဘဝတိုးတက်ရေးအတွက် စာပေများကိုပါ ရွေးချယ်ဖတ်တတ်သည့် အလေ့အကျင့်ကောင်းများကိုပါ လမ်းညွှန်ပြသပေးစေချင်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်သင်ကြားသည့်ကာလအတွင်း ကျောင်းများ၏လုံခြုံရေး၊ သင်ကြားရေးဝန်ထမ်းများ၏ လုံခြုံရေး၊ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများတွင် ကျောင်းဝင်းလုံခြုံရေးအစီအမံများကို ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များဖြင့် စနစ်တကျ ဆောင်ရွက်ထားရန်လိုအပ်ပြီး ကျောင်းပြင်ပလုံခြုံရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများက ကျောင်းများဖွင့်လှစ်ချိန် ပညာသင်ကြားရာတွင် ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက်ပြင်ဆင်ထားမှုများ၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ စာသင်ကျောင်းဆောင်များ ပြုပြင်ထိန်းသိမ်းရေး၊ လုံခြုံရေး စသည့်လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်ကျော်မင်းက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အဖွဲ့ဝင်(၂) မန္တလေးမြို့တော်ဝန်ဦးကျော်ဆန်းက ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အဖွဲ့ဝင်(၃) ဦးမျိုးအောင်က စာသင်ကျောင်းဆောင် ဥပဓိရုပ်ကောင်းမွန်စေရန် လိုအပ်သည့်ပြုပြင်မှုများ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှတ်(၃၉)၊ အမှတ်(၂၉)၊ အမှတ်(၂၇)နှင့် အမှတ်(၃၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းအပ်နှံလက်ခံဆောင်ရွက်ပေးနေကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများအတွက် တစ်ကျောင်းလျှင် ချီးမြှင့်ငွေကျပ် နှစ်သိန်းစီဖြင့် စုစုပေါင်း ငွေကျပ်ရှစ်သိန်း ချီးမြှင့်ခဲ့သည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲ ငါးကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ မူလတန်းလွန်ကျောင်း သုံးကျောင်းနှင့် မူလတန်းကျောင်း ခြောက်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၂၄ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၅ ကျောင်းရှိပြီး ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်ဖြစ်သည့် မေ ၂၄ ရက်မှစ၍ မေ ၃၁ ရက်အထိ ကျောင်းအပ်လက်ခံရေးကို ကျောင်းအသီးသီးတို့တွင် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ဆောင်ပုဒ်မှာ ကျောင်းနေအရွယ်ကလေးအားလုံးပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့ဖြစ်ပြီး ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိကြောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ နှာခေါင်းစည်း၊ မျက်နှာအကာ တို့ကို နိုင်ငံတော်မှအခမဲ့ထောက်ပံ့ပေးကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ထားသည့် ပိုစတာများနှင့် ကျောင်းအပ်နှံရေးအစီအစဉ် အသိပေးကြေညာချက်ပိုစတာများကိုလည်း သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများ၊ အခြေခံပညာကျောင်းများသို့ ဖြန့်ဝေထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

★ **စာမျက်နှာ ၆ မှ**

ရှောင်နိုင်၊ တိမ်းနိုင်၊ ယိမ်းနိုင်စေရန်အတွက်သာ ရည်ရွယ်မိတ်ဆက်တင်ပြပေးလိုပါသည်။ ထိုအချက်များမှာ -

၁။ ပြည်သူ့ရေးရာအဖြာဖြာ၊
၂။ တန်ပြန်လှည့်စားမှု၊
၃။ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု၊
၄။ လှည့်စားမှု၊ ပရိယာယ်၊
၅။ ကွန်ပျူတာ၊ လုံခြုံရေး၊
၆။ ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်ရေး၊ ပျက်စီးရေး၊
၇။ တန်ပြန်ထောက်လှမ်းရေး၊
၈။ တန်ပြန်ဝါဒဖြန့်ရေး၊
၉။ ကွန်ရက်စီမံခန့်ခွဲမှု၊
၁၀။ အီလက်ထရောနစ်စစ်ဆင်ရေး၊
၁၁။ စစ်ဆင်ရေးများလုံခြုံမှု၊
၁၂။ ကွန်ပျူတာကွန်ရက်ထိုးစစ် ၊
၁၃။ မြို့ပြရေးရာ၊
၁၄။ သတင်းလုံခြုံရေး၊
၁၅။ အထွေထွေစစ်ဆင်ရေး။

အဆိုပါ သတင်းစစ်ဆင်ရေးနှင့်အတူ အီလက်ထရောနစ်စစ်ဆင်ရေးများ၊ စိတ်ဓာတ်စစ်ဆင်ရေးများ၊ ဆိုက်ဘာစစ်ဆင်ရေးများစသည့် စနစ်များပေါင်းစည်းခြင်းကိုအသုံးချကာ ခေတ်သစ်စက်မှုသိပ္ပံနှင့် နည်းပညာများ ပါဝင်နေသည်ကို ပြည်သူအများက သိရှိနားလည်ရန် ခက်ခဲနေပါမည်။

နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ရင်ဆိုင်နေရသော ပဋိပက္ခများ၊ ဖိအားများနှင့် တိုက်ခိုက်ခံနေရမှုများကို သေသေချာချာ ဂဃနဏမသိနိုင်သောကြောင့် ဝေဖန်မှု၊ စိတ်ဝမ်းကွဲမှု၊ အထင်အမြင်လွဲမှားမှုများကိုလည်း ကြုံတွေ့နေရပါပြီ။ ပြည့်ပြည့်စုံစုံ သိရှိရန်၊ ကျွမ်းကျင်ပိုင်နိုင်စွာ တိုက်ပွဲဝင်နိုင်ရေးအတွက် စွမ်းအားပြည့်ဝစေရန်မဆိုထားဘိ၊ ပြည်သူအများစုမှာ "ကြားပင်မကြားဖူးပါ" ဟု ဆိုနေကြပါသည်။

သာမန်ပြည်သူအများစုသာမက အကြမ်းဖက်တိုက်ခိုက်ဆန့်ကျင်နေကြသူ အများစုမှာလည်း ယင်းတို့၏ ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို ရှင်းရှင်းလင်းလင်း သိမြင်ကြဟန်မတူပါ။ စစ်ဆင်ရေးနည်းလမ်းများကိုလည်း မကျွမ်းကျင်၊ မလိမ္မာသည့်အတွက် မသိနားမလည်သူအများစုကို နောက်ကွယ်မှ တွန်းပို့အသုံးချနေသည့်အတွက် ရေကြည်များလည်း နောက်စပြုလာပါသည်။ ပြည်သူများလည်း ထိတ်လန့်တုန်လှုပ် ရပါသည်။

နောက်ကွယ်မှ ကြိုးကိုင်ထောက်ပံ့ နည်းလမ်းပြနေသူများသည် အဓိကရုဏ်းများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ဖန်တီးကာ စီးပွားရှာနေတတ်ကြသူများပင်ဖြစ်ပါသည်။ ပြည်တွင်းရေးကို ပြည်သူ့အားဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ကြိုးပမ်းရသည်ထက် ပြည်ပမှ အဖျက်အမှောင့်သမားကြီးများကို ကာကွယ်ရန်မှာမူ ခက်ခဲနိုင်ပါသည်။ အထူးကြိုးပမ်းကြရပါဦးမည်။

မိမိတို့ကဲ့သို့ အင်အားငယ်သော တိုင်းပြည်များ မဆိုထားဘိ၊ အင်အားကြီးနိုင်ငံကြီးများသည်ပင်လျှင် တစ်နိုင်ငံတည်း ထီးတည်း ရပ်တည်၍မရနိုင်တော့ပါ။ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာကောင်းမွန်နေစေရန် တည်ထောင်ရပါမည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသာမက စစ်ရေးမဟာမိတ်ဖွဲ့ကာ ပူးတွဲလေ့ကျင့်ခြင်း၊ လှုပ်ရှားမှုပြုလုပ်ခြင်းများကိုပါ မျက်ခြည်မပြတ်လေ့လာသတိထားရမည့်အခြေအနေသို့ ရောက်ရှိနေပါပြီ။

ကမ္ဘာနှင့်အဝှမ်းအုပ်စုဖွဲ့ အားပြိုင်မှုများအား အလေးထားစောင့်ကြည့်လေ့လာရန် လိုအပ်သကဲ့သို့ခေတ်သစ်စစ်ပွဲများကို ဟန့်တားတားဆီးနိုင်ရေးအတွက် "**သံတမန်ရေးနှင့် တားဆီးရေးမဟာဗျူဟာ Diplomatic and Deterence Strategy**" ကို ရေးဆွဲကာ အထူးကြိုးပမ်းဆောင်ရွက်သင့်ပြီဟု ထင်မြင်ယူဆမိပါသည်။ ပိုမိုစည်းလုံးညီညွတ်သင့်ပါပြီ။

ရေကြည်မနောက်စေချင်လို့ပါ။ ကြာလည်းမပျောက်စေချင်၍ပါ။ ရေကန်သာ ကြာပန်းပွင့် ရှုတိုင်းတင့်စေချင်လှပါသည်။

■



မိမိနှင့် မိမိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းနိုင်ငံ၏ အသက်သွေးကြောပင်ဖြစ်ရာ နိုင်ငံသားတိုင်း သိရှိလိုက်နာရမည့် ဥပဒေဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် အခန်း (၈) ၌ ပါရှိသည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ရန်အလို့ငှာ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

စာတည်းအဖွဲ့

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်

# အခန်း(၈)

# နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ

၃၄၅။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်–

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

( ခ ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့် နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။

၃၄၆။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

၃၄၇။ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်။

၃၄၈။ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ ချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှု မရှိစေရ။

၃၄၉။ နိုင်ငံသားများသည် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရရှိစေရမည် –

(က) ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊

( ခ ) အလုပ်လုပ်ကိုင်မှု၊

( ဂ ) ကုန်သွယ်ရောင်းဝယ် ဖောက်ကားမှု၊

(ဃ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု၊

( င ) အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊

( စ ) ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု။

၃၅၀။ အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်။

၃၅၁။ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်။

၃၅၂။ နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ် တာဝန်ပေးရာတွင် ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။

၃၅၃။ မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရ။

၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲ ဆောင်ရွက်ခွင့်ရှိသည် –

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

( ခ ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

( ဂ ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၃၅၅။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၃၅၆။ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင် ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်။

၃၅၇။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ ကာကွယ်ပေးရမည်။

၃၅၈။ နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်။

၃၅၉။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်ကဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်။

၃၆၀။ (က) ဘာသာ သာသနာရေးဆိုင်ရာ ကိုးကွယ်ဆောက်တည်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြားလောကီရေးရာ ဆောင်ရွက်မှုတစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ ၃၄ ပါ ဘာသာသာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ၊

( ခ ) ထိုသို့ ဘာသာသာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူအကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။

၃၆၁။ နိုင်ငံတော်သည် ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။

၃၆၂။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်။

၃၆၃။ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။

၃၆၄။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုး ပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

၃၆၅။ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့ပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကို ဖြစ်စေ၊ လူမျိုးများကို ဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများအချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိပြီးမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၃၆၆။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ –

(က) ပညာသင်ကြားပိုင်ခွင့်ရှိသည်၊

( ခ ) ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာများကို သင်ကြားရမည်၊

( ဂ ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာခေတ်မီတိုးတက်စေရန် တီထွင်ကြံဆ ဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြုဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်။

၃၆၇။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့် အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိသည်။

၃၆၈။ နိုင်ငံတော်သည် ပညာရည်ထူးချွန်သော နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှု မထားရှိဘဲ ယင်းတို့၏ အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်။

၃၆၉။ (က) နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊

( ခ ) သက်ဆိုင်ရာ မဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

၃၇၀။ နိုင်ငံသားများသည် နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၃၇၁။ နိုင်ငံတော်သည် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

၃၇၂။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသည်။

၃၇၃။ ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့် အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

၃၇၄။ တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးက ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ် လွတ်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှုထင်ရှား စီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ် လွတ်သည့်စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကိုအသစ်တစ်ဖန်ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်သည့်အခါမှတစ်ပါး ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

၃၇၅။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ တစ်ဦးဦးသည် ဥပဒေနှင့်အညီ ခုခံချေပခွင့်ရှိစေရမည်။

၃၇၆။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့်မရရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရ။

စာမျက်နှာ ၉ သို့ »»

# မန္တလေးတိုင်းဒေသကြီးအတွင်းကျင်းပမည့် ဓမ္မာစရိယနှင့် ပါဠိပဌမပြန်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**မန္တလေး မေ ၂၀**
မန္တလေးတိုင်းဒေသကြီးအတွင်း ကျင်းပမည့် ဓမ္မာစရိယနှင့် ပါဠိပဌမပြန်စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးမောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးမောင်ကိုက စာဖြေသံဃာတော်များ အေးချမ်းစွာဖြေဆိုနိုင်ရန် စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆရာတော်သံဃာတော်များ၏ သွားလာရေး၊ ဆွမ်း၊ ကွမ်းအတွက်နှင့် စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကာ လိုအပ်ချက်များကိုလည်း တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂) ဦးကျော်ဆန်းနှင့် လုပ်ငန်းကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက ကြီးကြပ်ရေးဆရာတော်နှင့် စာဖြေသံဃာတော်များအတွက် ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စနှင့် နေရာထိုင်ခင်း၊ စာမေးပွဲဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သွားလာရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လစ်ဟာမှုမရှိအောင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကျင်းပမည့် ဓမ္မာစရိယစာမေးပွဲနှင့် ပဌမပြန်စာမေးပွဲတွင် စာဖြေဌာန ကိုးဌာန၌ ဝင်ရောက်ဖြေဆိုကြမည့် စာရင်းသွင်း စာဖြေသံဃာတော်အရေအတွက်မှာ ပါရာဇိကဏ်ဘာသာရပ်တွင် ၃၀၄၄ ပါး၊ သီလက္ခန်ဘာသာရပ်တွင် ၃၂၄၅ ပါး၊ ဓမ္မသင်္ဂဏီဘာသာရပ်တွင် ၂၉၀၇ ပါး၊ မြန်မာဂုဏ်ထူးတွင် ၅၅၆ ပါး၊ ပါဠိဂုဏ်ထူးတွင် ၁၅၅ ပါး ဝင်ရောက်ဖြေဆိုကြမည် ဖြစ်ကြောင်း၊ မန္တလေးခရိုင်အတွင်း၌ (ဗက)ချမ်းအေးသာစံမြို့နယ် စာဖြေဌာနကို ပရိယတ္တိသာသနဟိတအသင်း (ဦးလှသိန်းဇိမာန်)တွင် လည်းကောင်း၊ (ဗခ)မဟာအောင်မြေစာဖြေဌာနကို မစိုးရိမ်တိုက်သစ်၊ ဓမ္မမဟိဒ္ဓိလေးထပ်ကျောင်းဆောင်တွင် လည်းကောင်း၊ (ဗဂ) ချမ်းမြသာစည်မြို့နယ်စာဖြေဌာနကို မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက် ငါးထပ်ဇိမာန်ကြီးတွင် လည်းကောင်း၊ ဓမ္မာစရိယကျမ်းရင်း သုံးကျမ်းကို သက်ဆိုင်ရာစာဖြေဌာနများတွင် ဖြေဆိုကြမည်ဖြစ်ပြီး မြန်မာဂုဏ်ထူး၊ ပါဠိဂုဏ်ထူးကျမ်းများကို စာဖြေဌာနသုံးခုပေါင်း၍ ပရိယတ္တိသာသနဟိတအသင်း(ဦးလှသိန်းဇိမာန်)တွင် ဖြေဆိုကြမည်ဖြစ်ကြောင်းနှင့် ဓမ္မာစရိယစာမေးပွဲကို ဇွန် ၁ ရက်မှ ဇွန် ၉ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီ အထိလည်းကောင်း၊ ပါဠိပဌမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကို ဇွန် ၇ ရက်မှ ဇွန် ၁၃ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း ဖြေဆိုကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၀**
ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၉၀ ကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၇၁၇၅ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



»»» **စာမျက်နှာ ၈ မှ**

၃၇၇။ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုပါလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိရမည်။

၃၇၈။ (က) ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့်ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါ စာချွန်တော် အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့်အာဏာရှိရမည် -
(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်၊
(၂) အာဏာပေးစာချွန်တော်အမိန့်၊
(၃) တားမြစ်စေစာချွန်တော်အမိန့်၊
(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်၊
(၅) အမှုခေါ်စာချွန်တော်အမိန့်။
( ခ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အပ်နှင်းသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခြားတရားရုံးများအား တည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် စာချွန်တော်အမိန့် သဘောမျိုး သက်ရောက်သည့် အမိန့်ထုတ်ဆင့်ပိုင်ခွင့် အာဏာကို မထိခိုက်စေရ။

၃၇၉။ အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး ပုဒ်မ ၃၇၇ ပါ အခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်းမပြုရ-
(က) စစ်မက်ဖြစ်ပွားချိန်၊
( ခ ) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊
( ဂ ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်။

၃၈၀။ နိုင်ငံခြားတိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်းသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိသည်။

၃၈၁။ အောက်ဖော်ပြပါ အခြေအနေနှင့် အချိန်အခါမှတစ်ပါး နိုင်ငံသားများ၏တရားဝင် ရပိုင်ခွင့်ရှိသော နစ်နာချက်များအတွက် ဥပဒေဖြင့် သတ်မှတ်ထားသောရယူပိုင်ခွင့်များကို ငြင်းပယ်ခြင်းမပြုရ-
(က) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊
( ခ ) ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊
( ဂ ) အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေချိန်။

၃၈၂။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များအား ယင်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့် စည်းကမ်းသေဝပ်မှုများ ရှိစေရေးတို့အတွက် ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများအနက် ကန့်သတ်ရန် သို့မဟုတ် ဖျက်သိမ်းရန် လိုအပ်သော အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်း၍ ကန့်သတ်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုရမည်။

၃၈၃။ နိုင်ငံသားတိုင်းသည် အောက်ပါတို့ကို စောင့်ထိန်းရန်တာဝန်ရှိသည် -
(က) ပြည်ထောင်စု မပြိုကွဲရေး၊
( ခ ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
( ဂ ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

၃၈၄။ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်တာဝန်ရှိသည်။

၃၈၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်။

၃၈၆။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်။

၃၈၇။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၃၈၈။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။

၃၈၉။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

၃၉၀။ နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည် -
(က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
( ခ ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
( ဂ ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်းခြင်း၊
(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

# ဂုဏ်ယူလေးစားတန်ဖိုးထားသည့် အနုပညာရှင်

■ ကိုရေချမ်း ■

ကျွန်တော် လေးစားဂုဏ်ယူ တန်ဖိုးထားပါသော ဆရာသမားတစ်ဦးရှိသည်။ ဆရာသည် ကျွန်တော့်အဖို့ သင်ဆရာမဟုတ်သော်လည်း မြင်ဆရာဖြစ်သည်။ ဆရာသည် မြန်မာမှု အနုပညာရှင်တစ်ဦးဖြစ်သည်။ ယနေ့အချိန်အခါအရ ဆရာ့အား ရိုသေလေးစားသောအားဖြင့် ဆရာ့အမည်နာမ၊ ဆရာ့အတ္ထုပ္ပတ္တိကို အကျယ်ဖွဲ့မပြလိုတော့ပါ။ အကျယ်ဖွဲ့ပြလျှင် မွန်မြတ်သန့်စင်သော ဆရာ့အနုပညာအား အရောင်ဆိုးခံရမည်ကို စိုးရိမ်မိ၍ဖြစ်သည်။ သို့သော် လေးစားမြတ်နိုးရပါသော ဆရာ့ဘဝအကြောင်းကို အကျဉ်းမျှ ဖော်ပြလိုပေသည်။

## မြန်မာမှုလက်ရာများ

ဆရာသည် ငယ်ရွယ်စဉ်ကလေးဘဝမှ ကွယ်လွန်ချိန်အထိ ပန်းချီ၊ ဗိသုကာ အနုပညာလက်ရာများဖြင့် တစ်ရံမလပ် ထုဆစ်ပုံဖော်ပျော်မွေ့နေသူဖြစ်သည်။ စာပေအနုပညာလောကနယ်ပယ်၌ ကျင်လည်ခဲ့စဉ်က ဆရာ့ပန်းချီ၊ ဒီဇိုင်းအနုပညာလက်ရာများမှာ ညွှန်းဆို၍ပင် ကုန်နိုင်မည်မထင်။ မြန်မာမှုဗိသုကာနယ်ပယ်တွင် ဆရာ့လက်ရာများမှာ သမိုင်းဝင် မော်ကွန်းတင်ထားသည်။ ဆရာ၏ပထမဆုံးလက်ရာမှာ မင်းကွန်းမိုးမိတ်ကုန်းမြေမှ ပိဋကတ်စေတီတော်နှင့် တန်ဆောင်းများပင်ဖြစ်သည်။ ရန်ကုန်မြို့ ကမ္ဘာအေးသိမ်တော်ကြီးမှ မြန်မာမှုများသည် ဆရာ့လက်ရာများပင် ဖြစ်သည်။ ကမ္ဘာအေးစေတီတော်ဘက်စုံမွမ်းမံရာ၌ ဆရာ့မြန်မာမှုလက်ရာများ အများဆုံးပါဝင်သည်။

ရန်ကုန်မြို့ သိမ်ကြီးဈေးနာရီစင်ကြီးသည် ဆရာ့ဒီဇိုင်းလက်ရာဖြစ်သည်။ စွယ်တော်မြတ်စေတီတစ်ဆူလုံးကို ဆရာ ပုံစံထုတ်ပေးခဲ့သည်။ ရွှေတိဂုံစေတီတော်မုခ်ဦး၊ ရင်ပြင်တော်၊ စောင်းတန်းမွမ်းမံပြင်ဆင်ရေး ကြီးကြပ်ပေးခဲ့သည်။ ကုန်းမြင့်သာယာက ဇေယျာသီရိတပ်မတော်ဗိမာန်၊ တပ်မတော်ဓမ္မာရုံ၊ ဆက်သွယ်ရေးဝန်ကြီးဌာနဓမ္မာရုံ၊ သစ်လုပ်ငန်းဓမ္မာရုံတို့၏ မြန်မာမှုများသည် ဆရာ့လက်ရာများပင်ဖြစ်သည်။ ပုသိမ်ကန်ကြီးထောင့်စေတီ၊ မြင်းခြံမဟာဗောဓိစေတီ၊ စစ်ကိုင်းတောင်ရိုး သယမ္ဘူစေတီ၊ တံတားဦး လောကထွန်းတင် စေတီတော်ကြီးတို့အတွက် မြန်မာမှုများ ဖန်တီးပေးခဲ့သည်။

## ကိုယ်ပိုင်စိတ်ကူးစိတ်သန်း

မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး အမှတ်တရပြတိုက်ကြီး၊ မန္တလေးမဟာမုနိ ဘုရားရွှေစင်ရွှေသားထီးတော်ကြီး၊ လားရှိုး တြိလောကဝိဇယစေတီတော်ကြီး၊ ထိုင်း-မြန်မာ သိမ်တော်ကြီး၏ပလ္လင်စသည်တို့သည် ဆရာ ဒီဇိုင်းပုံစံထုတ်ပေးခဲ့ရသော လက်ရာများဖြစ်သည်။ ဤသို့ အစိုးရအဆက်ဆက်တို့၏ ဆိုင်ရာအဖွဲ့အစည်းများက အပ်နှံကြသော မြန်မာမှုများကို လုပ်ကိုင်ပေးခဲ့သည့်အတွက် တင့်တောင့်တင့်တယ်နေနိုင်သည့် အခကြေးငွေ အမြောက်အမြားရရှိခဲ့သည်။ ဆရာသည် တတ်သည့်ပညာဖြင့် အများအကျိုးပြုခဲ့သော်လည်း ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ဒီဇိုင်းထုတ်ခြင်းကိုသာ ပိုမိုလိုလားသည်။

ဤမြန်မာမှုအလုပ်များ မပြုလုပ်မီက ဆရာသည် နိုင်ငံတော်၏ အရေးပါသော ဌာနကြီးတစ်ခုမှ အရာရှိတစ်ဦးဖြစ်သည်။ အစိုးရအရာရှိဘဝတွင် ပံ့ပိုးပေးထားသော အထောက်အပံ့များနှင့် သက်သောင့်သက်သာနေထိုင်ရသည်။ ဒီဇိုင်းသုတေသီအရာရှိဘဝဖြင့် မိသားစုအတွက် လောက်လောက်ငငတော့ မရှိလှပေ။ သို့သော် ဆရာသည် နိုင်ငံတော်မှ ပေးအပ်သော တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။ “မင်းခယောကျ်ား ကမ်းနားသစ်ပင်” ဟူသော ဆိုစကားရှိသည်။ ကံကြမ္မာ၏ အလှည့်အပြောင်းကို ဆရာ အလူးအလဲခံလိုက်ရသည်။ နိုင်ငံရေးနှင့် ဆက်နွှယ်သောဆရာ့ဇနီးကို အကြောင်းပြု၍ အလုပ်မရှိ၊ နေစရာမရှိ၊ ငွေမရှိ၊ ခေတ္တစစ်ဆေးထိန်းသိမ်းခံရသည်။ ဆိုရှယ်လစ်အစိုးရသည် ဆရာ့အနုပညာလက်ရာများအပေါ် နားလည်မပေးနိုင်ခဲ့ပေ။ စီရင်ချက်ချရာတွင် အပြစ်မရှိသော်လည်း အစိုးရအရာရှိအလုပ်ပြုတ်ခဲ့သည်။

## သန့်ရှင်းသည့်အနုပညာ

အလုပ်လက်မဲ့ဘဝဖြင့် နှစ်အနည်းငယ်ရုန်းကန်ခဲ့ရသည်။ ဝန်ထမ်းအရာရှိဘဝတွင် အရှေ့နိုင်ငံ၊ အနောက်နိုင်ငံများသို့ အလုပ်တာဝန်ဖြင့် ရောက်ခဲ့သည်။ ဝန်ထမ်းဘဝ၏ အကျိုးရလဒ်များဖြစ်သည်။ အရာရှိဘဝမှ ပြုတ်သွားရာတွင် မည်သည့် ခံစားခွင့်မှ မရခဲ့ပေ။ အရာရှိဘဝမှ ပြုတ်ထွက်လွင့်စဉ်ရသည်မှာ ကံကြမ္မာ၏ လှည့်စားချက်ဟု ခံစားမိသည်။ လောကဓံကို ရင်ကော့ရင်ဆိုင်သည်။ မည်သူ့ကိုမျှလည်း အပြစ်မတင်၊ ဝန်ထမ်းဘဝက သူ့ကို ကျေးဇူးပြုခဲ့မှုများကိုသာ ပြန်တွေးမိသည်။ ဘဝပေးဒဏ်ရာများအတွက် အစိုးရအပေါ် အပြစ်ပုံမချပေ။ အစိုးရအဆက်ဆက် ဆရာမြတ်နိုးသည့် အနုပညာအလုပ်ဖြင့် ဆက်လက်အကျိုးပြုခဲ့သည်။ ဘဝပေး၊ နိုင်ငံရေးနှင့် အနုပညာတို့ကို ရောထွေးခြင်းမပြုပေ။ ဖြူစင်သန့်ရှင်းသည့် ဆရာ့အနုပညာကို လေးစားမိသည်။

အနုပညာရှင်ဆိုသည်ကား ဝါသနာပါရာ အရင်းခံဖြင့် စိတ်ကူးဉာဏ်နှင့် ပါရမီအခံရှိလျှင် ရှိသလောက် ထွန်းပေါက်ကြသည်။ အနုပညာရှင်သည် စေတနာ၏ လှုံ့ဆော်ချက်အရ စိတ်ကူးဉာဏ်ကို အရင်းတည်၍ အကောင်းဆုံးဖန်တီးကြသူများဖြစ်သည်။ အနုပညာရှင်သည် ပုဂ္ဂလအဓိဋ္ဌာန်ကို ဓမ္မာဓိဋ္ဌာန်ဖြစ်အောင် အားထုတ်သည်။ စိတ်လှုပ်ရှားမှု အတွေ့အကြုံသို့မဟုတ် ဘဝစိတ်ကို ပုံဖော်ရန်အလို့ငှာ သတိတရားများအနက် ပယ်တန်သည်ကိုပယ်၍ ယူတန်သည်ကို ယူရသည်။ ယူသောအသိတရားတို့ကို အဆင်ပြေပြေဖြစ်အောင် အမြီးအမောက်တည့်အောင် ပြုပြင်တန်သည်ကို ပြုပြင်ရသည်။ အံဝင်ခွင်ကျဖြစ်အောင် နေရာချသည်။ ထို့အပြင် မိမိစိတ်ကူးဉာဏ်၊ မိမိအနုပညာကို တစ်ဖက်သတ်မဖြစ်အောင် ထိန်းပေးသည်။ ပွဲကိုင်ပေးသည်။ မဲတင်းပေးသည်။

## အနုပညာစည်းမျဉ်း

ထို့ကြောင့် အနုပညာရှင်သည် အနုပညာအလုပ်ကိုလုပ်ရာ၌ အထိန်းအမမရှိဘဲ တောရောက်တောင်ရောက် လွင့်ပါးတတ်သည့် ဉာဏ်မျိုးကို အရင်းမတည်ပေ။ ဘဝအတွေ့အကြုံ၊ ဘဝခံစားမှု၊ ဘဝအသိအမြင်၊ ဘဝအသိတရားတည်းဟူသော အထိန်းအမဖြင့် လှုပ်ရှားတတ်သော အနုပညာစိတ်ကူးဉာဏ်ကို အရင်းတည်သည်။ အနုပညာအလုပ်ကို လုပ်ကိုင်ရာ၌ အနေအထားမှန်ကန်မှု၊ စည်းလုံးညီညွတ်မှု၊ ပြေပြစ်မှု၊ ဟန်ချက်ညီမှုတို့သည် အနုပညာအင်္ဂါရပ် သို့မဟုတ် အနုပညာစည်းမျဉ်းများဖြစ်သည်။ ဆရာသည် အဆိုပါ အနုပညာအင်္ဂါရပ် သို့မဟုတ် အနုပညာစည်းမျဉ်းများကို ထိန်းသိမ်းစောင့်ရှောက်လိုက်နာခဲ့သည်။

အနုပညာအလုပ်မှာ လွယ်ကူလှသည် မဟုတ်ပေ။ ပါရမီအခံလည်း ရှိပါမှ၊ ပရိသတ်နှင့်လည်း အံဝင်ခွင်ကျဖြစ်ပါမှ၊ ပရိသတ်ကလည်း လက်ခံပါမှ၊ ခေတ်နှင့်လည်း လျော်ညီပါမှ၊ အနုပညာစိတ်ကူးစိတ်သန်းလည်းကောင်းပါမှ၊ စေတနာလည်း မှန်ကန်ပါမှ၊ ရိုးသားဖြောင့်မတ်မှုလည်းရှိပါမှ၊ အနုပညာအလုပ်ကိုလည်း တစ်သက်လုံးရိုးမြေကျလုပ်ပါမှ၊ နိုင်ငံနှင့် ပြည်သူကိုလည်း အလုပ်အကျွေးပြုပါမှ စသည့်အချက်များ ပြည့်စုံမှသာ ပြည်သူချစ်သော အနုပညာရှင်၊ အနုပညာသမားစစ်စစ် ဖြစ်ပေလိမ့်မည်။ လူပင်သေသော်လည်း နာမည်မသေသည့် အနုပညာရှင်၊ အနုပညာရှင်ကောင်း ဖြစ်ပေလိမ့်မည်။ အနုပညာရှင်ဟုဆိုရာတွင် ရုပ်ရှင်၊ ဇာတ်သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာ စသည့်အနုသုခုမပညာအမျိုးမျိုးတို့အပြင် ကဗျာ၊ စာပေ၊ ကာတွန်း၊ သရုပ်ဖော် စသည့်အနုပညာရပ်အားလုံး ပါဝင်သည်။

## တန်းတူညီမျှဖြစ်သည်

အနုပညာသည် ပရော်ဖက်ရှင်နယ်ဖြစ်သည်။ ပရော်ဖက်ရှင်နယ်ဖြစ်သည့် မည်သည့်လောကသားမဆို မိမိတတ်မြောက်ကျွမ်းကျင်သည့် ပညာနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် နယ်ပယ်သို့ရောက်ရှိသောအခါ သူ၏အနုပညာသည် ဆုံးရှုံးသွားတတ်သည်။ မဆုံးရှုံးလျှင်လည်း အနုပညာရှင်စစ်စစ်ကဲ့သို့ ထွန်းတောက်တော့မည် မဟုတ်ပေ။ အများပြည်သူနှင့်သက်ဆိုင်သည့် ပရော်ဖက်ရှင်နယ်အလုပ်သည် လူအများအား ပေါင်းစည်းစေဖို့ ဖြစ်သည်။ ကွဲပြားအောင်လုပ်ဖို့ မဟုတ်၍ ဟိုဘက်၊ သည်ဘက် ဘက်လိုက်ရန် မသင့်ပေ။ အနုပညာသည် မတူကွဲပြားသော လူအများအတွက် တန်းတူညီမျှဖြစ်စေသည့် အမူအကျင့်နှင့် ကိုက်ညီရန်လိုအပ်သည်။

သို့သော် ယနေ့ကာလတွင် အနုပညာရှင်အချို့၏လုပ်ဆောင်မှုများကြောင့် များစွာစိတ်မကောင်း၊ ဝမ်းနည်းဖြစ်ရသည်။ အနုပညာရှင်များအားလုံးကို ကျွန်တော်တို့ ချစ်ခင်မြတ်နိုးကြသည်။ အနုပညာရှင်အချို့မှာ မိမိတို့၏ အနုပညာဂုဏ်အင်္ဂါရပ်များကို အလေးမထားဘဲ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ယောက်ဘက်သို့ လိုက်ပါသွားကြသည်။ အထူးသဖြင့် အနုပညာနယ်ပယ်တွင် ပါဝင်သည့် ရုပ်ရှင်အနုပညာရှင်အချို့ကို ဖော်ညွှန်းရမည်ဖြစ်သည်။ ရုပ်ရှင်သည် ပြည်သူအတွက်၊ ရုပ်ရှင်သည် တိုင်းပြည်အတွက် ခံယူချက်မှ သွေဖည်သွားခဲ့သည်။ မကြာသေးမီက ရုပ်ရှင်အနုပညာရှင်အချို့ လှုံ့ဆော်ခဲ့ကြသည့် “ရုံးမတက်နဲ့ ရုန်းထွက်” CDM လှုပ်ရှားမှုများသည် အနုပညာအတွက်၊ ပြည်သူအတွက်၊ တိုင်းပြည်အတွက် လားလားမျှ မအပ်စပ်ပေ။ နိုင်ငံရေးရေစီးကြောင်းထဲ၌ စီးမျောသွားခြင်းသည် မိမိ၏ပရော်ဖက်ရှင်နယ်အနုပညာသည်ဘဝကို ပစ်ပယ်လိုက်ခြင်းဖြစ်သည်။

မြန်မာ့နိုင်ငံရေး ရေစီးကြောင်းတွင် မည်သို့မည်ပုံ ဖြတ်သန်းခဲ့ရသည်ဖြစ်စေ ကျွန်တော့်ဆရာ ပန်းချီ၊ ဒီဇိုင်း၊ ဗိသုကာဆရာကြီး၏ အနုပညာခံယူချက်ကို လေးစားမိသည်။ မြန်မာ့နိုင်ငံရေးသည် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ဖြစ်စေ အနုပညာရှင်သည် အနုပညာရှင်ဘဝတွင် ကျင်လည်ကြရမည်သာ ဖြစ်သည်။ ပြည်သူကို ထာဝစဉ်အလုပ်အကျွေးပြုခဲ့သည့် အနုပညာရှင်များကို အလေးအနက်ပြုမိသည်။ နိုင်ငံရေး အရောင်အသွေးကင်းစင်သည့် ပရော်ဖက်ရှင်နယ်စစ်စစ်၊ အနုပညာရှင်စစ်စစ်တို့ကို ထာဝစဉ် လေးစားဂုဏ်ယူတန်ဖိုးထားမိပါသည်။ ။

**မြန်မာ့နိုင်ငံရေး ရေစီးကြောင်းတွင် မည်သို့မည်ပုံ ဖြတ်သန်းခဲ့ရသည်ဖြစ်စေ ကျွန်တော့်ဆရာ ပန်းချီ၊ ဒီဇိုင်း၊ ဗိသုကာဆရာကြီး၏ အနုပညာခံယူချက်ကို လေးစားမိသည်။ မြန်မာ့နိုင်ငံရေးသည် မည်သို့မည်ပုံဖြစ်ပျက်ခဲ့သည်ဖြစ်စေ အနုပညာရှင်သည် အနုပညာရှင်ဘဝတွင် ကျင်လည်ကြရမည်သာ ဖြစ်သည်။ ပြည်သူကို ထာဝစဉ်အလုပ်အကျွေးပြုခဲ့သည့် အနုပညာရှင်များကို အလေးအနက်ပြုမိသည်။ နိုင်ငံရေး အရောင်အသွေးကင်းစင်သည့် ပရော်ဖက်ရှင်နယ်စစ်စစ်၊ အနုပညာရှင်စစ်စစ်တို့ကို ထာဝစဉ်လေးစားဂုဏ်ယူတန်ဖိုးထားမိ။**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသားကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ မေ ၂၄ ရက်နံနက်ပိုင်းမှစတင်၍ နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ အပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြသည်။ ကျောင်းနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက်ကိုလည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ထောက်ပံ့ပေးအပ်**

အဆိုပါကျောင်းများ လာရောက်အပ်နှံစဉ် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများ၊ ကျောင်းသုံးစာအုပ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသမှုကာလအတွင်း ကန့်သတ်စောင့်ကြည့်ရေး အဆောင်များအဖြစ် အသုံးပြုခဲ့သော စာသင်ဆောင်များကိုလည်း နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သားများက လိုအပ်သည့် ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ဆရာကြီး ကာတွန်းမောင်စိန်၏ နံရံပေါ်မှ ရုပ်ပြောင်များ ကာတွန်းလက်ရာများကို မူရင်းအတိုင်းဖော်ပြပါသည်။

စာတည်း





❖ **ရန်ကုန်မြို့မှ**

''လက်ရှိအိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ်နည်းနည်းပါးပါး ပြန်ဖြစ်နေပါတယ်။ ဒါပေမယ့် အိမ်ခြံမြေ ဈေးနှုန်းက လုံးဝမပါဘူး ဖြစ်နေတယ်။ ဈေးနှုန်းမပါဘူးဆိုတာကတော့ ဈေးနှုန်းမြင့်တက်မှု မရှိတာကို ဆိုလိုတာပါ။ ဖြစ်တဲ့ဈေးနှုန်းတွေကလည်း အောက်ဈေးတွေနဲ့ ပြန်အရောင်းအဝယ်ဖြစ်နေတာ တွေ့ရတယ်။ စီးပွားရေးလုပ်ငန်းတွေလည်း မကောင်းပြန်တော့ လုပ်ငန်းလုပ်ကိုင်မယ့်သူတွေရဲ့ အိမ်ခြံမြေ ငှားရမ်းသုံးစွဲမှုက အရမ်းနည်းပါးနေပြီး အငှားဈေးကွက်ကတော့ ကျဆင်းနေပါတယ်''ဟု ရန်ကုန်မြို့ရှိ ဝါရင့်အိမ်ခြံမြေ အကျိုးဆောင် ဦးမောင်မောင်က ပြောသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေး၊ ကုသရေး လုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုများ အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သော်လည်း အိမ်ခြံမြေ အငှားဈေးကွက်ကျဆင်းလျက်ရှိရာ နဂိုမူလ နှစ်ရှည်နေအိမ် ငှားရမ်းထားသူများအား အိမ်ပိုင်ရှင်များအနေဖြင့် စီးပွားရေးထိခိုက်နစ်နာမှုများအပေါ် လိုက်လျောမှုများရှိပြီး အိမ်ခန်းငှားရမ်းလခများ လျှော့ယူပေးခြင်း၊ အိမ်ခန်းငှားရမ်းမှု သက်တမ်းပြည့်ပြီဖြစ်သော်လည်း ဆက်လက်နေထိုင်ရန် အိမ်ခန်းအငှားသက်တမ်းတိုးပေးခြင်းများ ရှိကြောင်း သိရသည်။

''စီးပွားရေးထိခိုက်နစ်နာမှုများအပေါ် လိုက်လျောမှုရှိတဲ့အနေနဲ့ တချို့အိမ်ပိုင်ရှင်တွေကျပြန်တော့လည်း နှစ်ရှည်အငှားစာချုပ်ချုပ်ထားတဲ့ အိမ်ငှားတွေကို ပိုက်ဆံတချို့တစ်ဝက်ပြန်အမ်းပေးလိုက်တာလည်းရှိတယ်။ သဘောက အိမ်ငှားကစီးပွားရေးမကောင်းတဲ့အတွက် အခန်းကိုပိတ်သိမ်းလိုက်တော့ အချို့အိမ်ရှင်တွေအနေနဲ့ အိမ်ငှားထိခိုက်နစ်နာမှုအပေါ် ပိုက်ဆံတချို့တစ်ဝက် ပြန်အမ်းပေးတဲ့ သဘောပါ။ လုပ်ငန်းတော့ မပိတ်သေးဘူး၊ ခဏစောင့်ကြည့်ချင်သေးတယ်ဆိုတဲ့ တချို့အိမ်ငှားတွေအတွက်ကျပြန်တော့လည်း စောင့်ကြည့်ကာလ နှစ်လသုံးလအတွက် အိမ်ရှင်က အိမ်လခမယူတော့ဘဲ အခမဲ့နေထိုင်ခွင့်ပေးလိုက်တာလည်း ရှိပါတယ်။ ဒါတွေက အိမ်ရှင်နဲ့အိမ်ငှားနားလည်မှုယူပြီး လိုက်လျောမှုတွေနဲ့လုပ်ကြတာပါ''ဟု အိမ်ခြံမြေ အကျိုးဆောင်တစ်ဦးက ပြောသည်။

ရန်ကုန်အိမ်ခြံမြေဈေးကွက်၌ အိမ်ခြံမြေအရောင်းအဝယ်များ အနည်းငယ်ကောင်းမွန်သော်လည်း အိမ်ခြံမြေ ပိုမိုအရောင်းအဝယ်သွက်သည့် မြို့နယ်ဟု သတ်သတ်မှတ်မှတ်မရှိကြောင်း၊ အိမ်ခြံမြေ ဝယ်ယူသူအများစုမှာ မိမိစိတ်အားထက်သန်ရာ မြို့နယ်များမှ အိမ်ခြံမြေများကို ဝယ်ယူကြခြင်းဖြစ်ပြီး အချို့မှာလည်း ကေကျယ်ကျယ်ရသည့် လယ်မြေနှင့် ဥယျာဉ်ခြံမြေများကို ဝယ်ယူမှုများ ရှိလာသလို အချို့ဝယ်ယူသူများသည် အမြန်လမ်းမပေါ်တွင်ပင် ဝယ်ယူမှုများ ရှိကြသည်။ မြို့တွင်း ခြောက်မြို့နယ်ရှိ လုံးချင်းတိုက်ခန်းများနှင့် ကွန်ဒိုတိုက်ခန်းများ ဝယ်ယူမှုများ ရှိနေသော်လည်း မြို့တွင်း ခြောက်မြို့နယ်ရှိ အိမ်ခြံမြေအရောင်းအဝယ်များ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အိမ်ခြံမြေဈေးကွက် ကျဆင်းခဲ့သည်။ ယခု ၂၀၂၁ ခုနှစ်တွင် အိမ်ခြံမြေအရောင်းအဝယ်များ အနည်းငယ်သွက်လက်ကောင်းမွန်နေသော်လည်း စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေ၍ ဈေးကွက်အနေအထားအရ အိမ်ခြံမြေဈေးနှုန်း မြင့်မားမှုများ မရှိကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**

**ဓာတ်ပုံ - စိုးမြင့်အောင်**

## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ် (၁)

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော်လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော် လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော်လည်းကောင်း မူးယစ်ဆေးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါစိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- စိတ်ကျရောဂါဖြစ်ခြင်း
- မှတ်ဉာဏ်ချို့ယွင်းခြင်း
- အာရုံစူးစိုက်မှုလျော့ပါးလာခြင်း
- မိမိကိုယ်ကို သေကြောင်းကြံခြင်း
- မိမိမိသားစုနှင့် မိမိလုပ်ငန်းအပေါ် စိတ်ဝင်စားမှု လျော့နည်းလာခြင်း
- ပြင်းထန်စွာ စိုးရိမ်ကြောင့်ကြမှုဖြစ်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**

**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ပါ။**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် လက်ထပ်မင်္ဂလာပွဲပြုလုပ်

**လန်ဒန် မေ ၃၀**

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် လက်ထပ်မင်္ဂလာပွဲပြုလုပ်ခဲ့ကြောင်း ဗြိတိန်မီဒီယာများက ယနေ့သတင်းဖော်ပြသည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ကာရီဆိုင်မွန်စ်တို့နှစ်ဦးသည် လန်ဒန်မြို့လယ်ရှိ ဝက်စ်မင်စတာ ခရစ်ယာန်ဘာသာရေးကျောင်း၌ ယမန်နေ့တွင် လက်ထပ်မင်္ဂလာပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘောရစ်ဂျွန်ဆင်သည် ဗြိတိန်နိုင်ငံ၌ ရာစုနှစ်နှစ်ခုနီးပါးအတွင်း ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိစဉ် လက်ထပ်မင်္ဂလာပွဲပြုလုပ်ခဲ့သည့် ပထမဆုံးသော ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

ဗြိတိန်နိုင်ငံ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းများချမှတ်ထားသည့်အတွက် လက်ထပ်မင်္ဂလာပွဲတစ်ခုသို့ လူဦးရေ ၃၀ သာ တက်ရောက်ခွင့်ပြုထားသည်။ ယင်းကြောင့် ဝန်ကြီးချုပ်တို့ ဇနီးမောင်နှံနှစ်ဦးသည် ၎င်းတို့၏ မင်္ဂလာပွဲအခမ်းအနားကို မိသားစုဝင်များနှင့် မိတ်ဆွေအနည်းငယ်ဖြင့်သာ အကျဉ်းချုံးကျင်းပခဲ့ရသည်။

ဝန်ကြီးချုပ်တို့ဇနီးမောင်နှံသည် ဒေါင်းနင်းလမ်းတွင် နေထိုင်လျက်ရှိပြီး လွန်ခဲ့သော ဧပြီလတွင် သားတစ်ယောက်မွေးဖွားခဲ့ကြောင်း သိရသည်။

ယခုအကြိမ် လက်ထပ်မင်္ဂလာပွဲသည် ဘောရစ်ဂျွန်ဆင်၏ တတိယမြောက်မင်္ဂလာပွဲဖြစ်ပြီး ယခင်အိမ်ထောင်မှ ကလေးလေးယောက် ထွန်းကားခဲ့ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# ဗီယက်နမ်နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ်အသစ်တစ်မျိုး စစ်ဆေးတွေ့ရှိ

**ဟနွိုင်း မေ ၃၀**

ဗီယက်နမ်နိုင်ငံ၌ အိန္ဒိယဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများတွင် ဗီဇပြောင်းဗိုင်းရပ်စ်အသစ်တစ်မျိုး စစ်ဆေးတွေ့ရှိရကြောင်း ဗီယက်နမ်ကျန်းမာရေး အာဏာပိုင်များက ယနေ့ပြောကြားသည်။

အဆိုပါဗိုင်းရပ်စ်၏ မျက်နှာပြင်ပေါ်တွင် သန္ဓေပြောင်းသတ္တဝါတစ်မျိုးကို တွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါသန္ဓေပြောင်းသတ္တဝါများသည် လူသားများသို့ ကူးစက်ရာတွင် အဓိကနေရာမှ ပါဝင်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ယင်းသို့ သန္ဓေပြောင်းလဲသွားသည့် ဗိုင်းရပ်စ်သည် ဗြိတိန်နိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်နှင့် ဆင်တူကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ဗီဇပြောင်းဗိုင်းရပ်စ်၏ ကူးစက်မြန်နှုန်းကို မတွက်ချက်နိုင်သေးသော်လည်း အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူများအား အနီးကပ်စောင့်ကြည့်ရန် လိုအပ်ကြောင်း ဗီယက်နမ်နိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သော်လည်း ယခုနှစ်အစောပိုင်းမှစပြီး ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများကို စစ်ဆေးတွေ့ရှိခဲ့သည်။ ဧပြီလနှောင်းပိုင်းမှစပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် မြင့်တက်လာကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**





# တရုတ်နိုင်ငံက မောင်းသူမဲ့အာကာသယာဉ်တစ်စင်း အောင်မြင်စွာလွှတ်တင်

**ပေကျင်း မေ ၃၀**

တရုတ်နိုင်ငံက ၎င်း၏အာကာသစခန်းသစ်တည်ဆောက်ရေးတွင် အသုံးပြုမည့်ထောက်ပံ့ရေးပစ္စည်းများအား သယ်ဆောင်သော မောင်းသူမဲ့ အာကာသယာဉ်တစ်စင်းကို ယမန်နေ့တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ် Tianzhou-2 ကို သယ်ဆောင်သည့်ဒုံးပျံအား ဟိုင်နန်ကျွန်းရှိ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ယမန်နေ့တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်အာကာသအေဂျင်စီက ပြောကြားသည်။

ယင်းအာကာသယာဉ်သည် အာကာသစခန်းသို့ ယမန်နေ့တွင် ရောက်ရှိခဲ့ပြီး အာကာသအတွင်းရှိ အာကာသစခန်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အာကာသယာဉ် Tianzhou-2 သည် ၁၀ မီတာအရှည်ရှိပြီး အချင်း ၃ ဒသမ ၃ မီတာရှိကာ ခြောက်တန်ခန့် သယ်ဆောင်နိုင်ကြောင်း သိရသည်။

အာကာသယာဉ် Tianzhou-2 သည် အာကာသအတွင်း စူးစမ်းလေ့လာမှုများကို ဆောင်ရွက်မည့် အာကာသယာဉ်မှူးများအတွက် ဝတ်စုံများနှင့် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်သွားကြောင်း သိရသည်။

တရုတ်အစိုးရက အာကာသအတွင်း၌ အာကာသစခန်းသစ်တစ်ခုကို လာမည့်နှစ်အတွင်း ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားသည်။ အာကာသစခန်းသစ်တွင် တာဝန်ထမ်းဆောင်မည့် အာကာသယာဉ်မှူး သုံးဦးအား လာမည့်လအတွင်း အာကာသအတွင်းသို့ စေလွှတ်ရန် စီစဉ်ထားသည်။ တရုတ် နိုင်ငံသည် အာကာသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်လာစေရန် အာကာသဆိုင်ရာဆောင်ရွက်ချက်များကို အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။

လွန်ခဲ့သောနှစ်က တရုတ်နိုင်ငံ၏ မောင်းသူမဲ့စူးစမ်းရှာဖွေရေးယာဉ်တစ်စင်းသည် လကမ္ဘာပေါ်မှ ကျောက်ခဲများကို သုတေသနပြုရန် ကမ္ဘာမြေပေါ်သို့ ပြန်လည်သယ်ယူလာနိုင်ခဲ့သည်။ ထို့ပြင် ယခုလအတွင်း အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်တစ်စင်း အောင်မြင်စွာ ခြေချနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၅၈ ဦး ထပ်မံတွေ့ရှိ

**မနီလာ မေ ၃၀**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၀၅၈ ဦးထပ်မံတွေ့ရှိပြီး ထိုရောဂါဖြင့် လူနာ ၁၃၉ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ယနေ့ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၅၈ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ အဆိုပါ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၃၆၂၇ ဦးရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါဖြင့် တစ်ရက်တာအတွင်း လူနာ ၁၃၉ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၂၀၈၆၀ ရှိလာကြောင်း ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့်နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုစတင်ဖြစ်ပွားချိန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ လက်ရှိအချိန်အထိ နိုင်ငံ၏ လူဦးရေသန်း ၁၁၀ ကျော်ရှိသည့်အနက် ၁၂ သန်းတို့၏ သွေးနမူနာကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ မေ ၂၈ ရက်က ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၀၀၀ ကျော် တွေ့ရှိခဲ့ရာ တစ်လနီးပါးအတွင်း ရောဂါကူးစက်မှုနှုန်း အများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

ယခင်သတင်းပတ်များအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအပေါ် အခြေခံ၍ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာန ဒုတိယဝန်ကြီး မာရီယာ ရိုဆာရီယိုဗာဂျရီးက ပြီးခဲ့သည့် သီတင်းပတ်တွင် ပြောကြားသည်။

မြို့တော်မနီလာနှင့် အနီးဝန်းကျင်ရှိ ပြည်နယ် များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ကျဆင်းလာသော်လည်း မကြာသေးမီ သီတင်းပတ်များအတွင်းက ရောဂါကူးစက်မှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ရောဂါကူးစက်မှု ကျဆင်းနှုန်း သိသိသာသာကျဆင်းမှုမရှိသေးကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ထို့ကြောင့် ဖိလစ်ပိုင်ကျန်းမာရေးဌာနသည် လတ်တလောအချိန်၌ နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ဒေသန္တရအစိုးရများအား ရောဂါထိန်းချုပ်ရေးဆိုင်ရာအစီအမံများကို ပိုမိုတင်းကျပ်ရန် တိုက်တွန်းခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် တောင်အာဖရိက၊ ဗြိတိန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ပထမဆုံးတွေ့ရှိခဲ့သည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျော်တီ**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲဝင်ကစားသမားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**မနီလာ မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံ၌ တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲဝင် ကစားသမားများအားကိုဗစ်-၁၉ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အားကစားသမားများအပါအဝင် ပြည်သူ ၅၀၀ ခန့်သည် မနီလာမြို့တော်ရှိ ဟိုတယ်တစ်ခု၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့သည်။ အဆိုပါ အားကစားသမားများအား တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသက် ၂၁ နှစ်အရွယ် လေ့လော့်အားကစားသမားတစ်ဦးဖြစ်သည့် Cris Nievarez ပါဝင်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၏ အားကစားသမိုင်းတွင် အဆိုပါလေ့လော့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသည်မှာ ၂၁ နှစ်ကြာပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်သည့်အတွက် ဘေးကင်းစွာယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး လေ့ကျင့်ခန်းများဆောင်ရွက်ရာတွင် အာရုံစူးစိုက်နိုင်ပြီဖြစ်ကြောင်း Cris Nievarez က ဆိုသည်။

ဖိလစ်ပိုင်အစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများအပါအဝင် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲနှင့် ပါရာလံပစ်အားကစားပြိုင်ပွဲဝင် ကစားသမားများနှင့် တာဝန်ရှိသူများအား ဦးစားပေးထိုးနှံပေးလျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာအားကစား ပြိုင်ပွဲတစ်ခုတွင် ပါဝင်မည့် အားကစားသမားများနှင့် ဝန်ထမ်းများကိုလည်း ကာကွယ်ဆေးဦးစားပေး ထိုးနှံပေးလျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၇၀၀၀ ကျော်ရှိလာ

**ဗျူနိုအေးရိစ် မေ ၂၀**

အာဂျင်တီးနားနိုင်ငံ၌ မေ ၂၉ ရက်အထိ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၇၇၀၀၀ ကျော်ရှိကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၇၇၁၀၈ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၈၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၇၃၂၂၆၃ ဦးရှိလာကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၂၀၆၃၁၆၀ အား အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၆၆၆၈၈ ဦးရှိပြီး ယခုနှစ်နှစ်လယ်ပိုင်းအတွင်း နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**



# မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၈ ဒသမ ၅ သန်းကျော် ရှိသွားပြီဖြစ်

**ရာဘတ် မေ ၂၀**

မော်ရိုကိုနိုင်ငံ၌ မေ ၂၉ ရက်အထိ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၈၅၂၁၁၇၇ ဦး ရှိသွားပြီဖြစ်ကြောင်း မော်ရိုကိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးသူများအနက် ၅၂၄၂၀၇၅ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူများဖြစ်ကြောင်း မော်ရိုကိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မော်ရိုကိုနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ်လက်ခံရရှိပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၂၈ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၅၁၈၈၆၈ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၅၀၆၇၄၀ ရှိကြောင်း မော်ရိုကိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**



## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၇၀၇၀၂၆၆၂ ဦး |
| သေဆုံးသူ | ၃၅၅၅၀၂၇၁ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၅၂၆၉၅၉၈၈ ဦး |

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၆၀၀၀၀ ကျော်ရှိလာ

**ဆော်ပေါ်လို မေ ၂၀**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀၁၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၄၆၁၀၅၇ ဦး ရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၉၆၇၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၆၄၇၁၆၀၀ ရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် နိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။


လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၆၆ ဒသမ ၇ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းနှင့် ယင်းလူဦးရေအနက် ၂၁ ဒသမ ၉ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူများဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ကသာ၊ စမ်းချောင်းနှင့် မူဆယ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၉ ရက် ည ၈ နာရီတွင် ကသာမြို့နယ် ပင်းမလွတ်ကျေးရွာအနီး ကသာ- အင်းတော်သွားကားလမ်း၌ သဲကို မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀ တို့ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၃ နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတော (အလယ်)ရပ်ကွက် မြောင်းမြလမ်း၌ နိုင်လင်းထက်မောင်းနှင်၍ မမာထ(ခ) ရားမီး လိုက်ပါလာသည့် Alphard အမျိုးအစားမော်တော်ယာဉ်ကို သတင်းအရ စောင့်ဆိုင်းနေစဉ် အဆိုပါ မော်တော်ယာဉ် ရောက်ရှိလာပြီး ယာဉ်ပေါ်မှ မမာထ(ခ)ရားမီးသည် ကတ်ထူပုံး တစ်ပုံးကို ကိုင်ဆောင်၍ ဆင်းလာသဖြင့် စစ်ဆေးရှာဖွေစဉ် နိုင်လင်းထက်မှာ မော်တော်ယာဉ်အား မောင်းနှင်ထွက်ပြေးသွားသောကြောင့် ၎င်းကတ်ထူပုံးအား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၁၀၀၀၀၀ကိုသိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မွန်းလွဲ ၃ နာရီခွဲတွင်



သက်ပိုင်စိုး(ခ)ပိုင်စိုး၊ မယဉ်လဲ့အေးတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်ရှိ နိုင်လင်းထက်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ နေအိမ်ရှေ့သို့ ရောက်ရှိလာသော ထွန်းကျော်(ခ) သံချောင်း မောင်းနှင်လာသည့် Crown အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကိုလည်းကောင်း ။

မေ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သိန်းသန်းချိ မော်တော်ယာဉ် ရပ်နားဝင်းအတွင်းရှိ ကားဂိတ်၌ သတင်းအရ သက်ပိုင်စိုး(ခ) ပိုင်စိုးကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၃ နာရီခွဲတွင် ၎င်းငှားရမ်းနေထိုင်သည့် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်ရှိ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မယဉ်လဲ့အေးကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား




# ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ တံတား နှစ်စင်း အကြမ်းဖက်သောင်းကျန်းသူများ ဖြိုချဖျက်ဆီး



နေပြည်တော် မေ ၃၀

ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ တံတားနှစ်စင်းကို အကြမ်းဖက်သောင်းကျန်းသူများက ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကယားပြည်နယ် ဖရူဆိုမြို့နယ် လွိုင်ကော်-ဒီးမော့ဆို-ဘော်လခဲသွားကားလမ်းပေါ်ရှိ တံတား နှစ်စင်းကို အကြမ်းဖက် သောင်းကျန်းသူအင်အား ၇၀ ခန့်က ဖြိုချဖျက်ဆီးသွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဖရူဆိုမြို့နှင့် ဒီးမော့ဆိုမြို့ကြား ဖရူဆိုမြို့နယ် ကဒါလားကျေးရွာအနီးရှိ အရှည် ပေ ၃၀၊ အကျယ် ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားအား ဘက်ဟိုးယာဉ်ဖြင့် တံတား၏တစ်ဖက်တစ်ချက်စီ အကျယ် ၁၅ ပေ၊ အနက် ၁၅ ပေခန့်ရှိ မြေကျင်းများတူးကာ ဖြိုချဖျက်ဆီးခဲ့ပြီး အဆိုပါတံတားအနီးရှိ အရှည်ပေ ၃၀၊ အကျယ်ပေ ၂၀ ရှိ သံကူကွန်ကရစ် တံတားအား ဖရူဆိုမြို့နယ်ဘက်ခြမ်းမှ ဘက်ဟိုးယာဉ်ဖြင့် အကျယ် ၁၅ ပေ၊ အနက် ပေ ၂၀ ခန့် မြေဖျက်ကျင်းများ တူးခဲ့ရာ တံတားမှာ ပြိုကျခြင်းမရှိဘဲ တံတားလက်ရန်းနှင့် ကမ်းကပ်ခုံ ၁၀ ပေ ခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် တံတားများ ပြိုကျကာ မြေဖျက်ကျင်းများ တူးဖော်ထားမှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် တံတားများအား အများပြည်သူများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖျက်ဆီးခဲ့သူ အကြမ်းဖက် သောင်းကျန်းသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ စစ်ဆေး ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူကို ဖမ်းဆီးရမိ

နေပြည်တော် မေ ၃၀

နိုင်ငံ၏အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေး ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ကလွင်ရွာမရပ်နေ မဖွေးသူအောင် (ဘ) ဦးကျော်သိန်းသည် ၎င်း၏ Pan Ei Phyu Facebook account ဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေခြင်း၊ တရားမဝင် အဖွဲ့အစည်းဖြစ်သည့် CRPHနှင့် NUG အား ထောက်ခံသည့် စာသားများ ရေးသားခြင်း၊ Non CDM နိုင်ငံ့ဝန်ထမ်းများကို Social Punishment ပြုလုပ်ခြင်း၊ အများပြည်သူနှင့် အစိုးရဝန်ထမ်းများကို အထိတ်တလန့်ဖြစ်စေရန်နှင့် ပြစ်မှုကျူးလွန်လာစေရန် သွေးထိုးလှုံ့ဆော် ရေးသားခဲ့သဖြင့်



တရားခံ
မဖွေးသူအောင်(ခ)ပန်းအိဖြူ

၎င်း၏နေအိမ်၌ မေ ၂၉ ရက်တွင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး မြိတ်မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-ပဒါန်းလမ်းပေါ်၌ ယာဉ်မတော်တဆမှုဖြစ်

နေပြည်တော် မေ ၃၀

ရခိုင်ပြည်နယ် အမ်းမြို့နယ် လေးအိမ်စုကျေးရွာအနီး အမ်း-ပဒါန်းလမ်း မိုင်တိုင်အမှတ် (၉၁)၌ မေ ၂၉ ရက် မွန်းလွဲ ပိုင်းတွင် ရန်ကုန်မှအမ်းမြို့သို့ ယာဉ်မောင်း ဦးမောင်ဦး မောင်းနှင်လာသော Light Truck အမျိုးအစားယာဉ်သည် ဘရိတ်ပေါက်၍ လမ်းဘေးရှိ ပေ ၇၀ ခန့် အနက်ရှိသော ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားရာ အမ်းမြို့နယ် မီးသတ်စခန်းမှ ဦးစီးအရာရှိဦးအောင်သန်းဌွေးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သောယာဉ်ဖြင့် အနက်ပေ ၇၀ ရှိသော ချောက်အတွင်း တိမ်းမှောက်နေသည့် ယာဉ်အား ဆွဲတင်ပေးသည်။

ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါရှိသူများ အနေဖြင့် ပွန်းပဲ့ဒဏ်ရာ အနည်းငယ် (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

**အောင်မျိုး**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၁၂ ခုနှစ်၊ မေလ ၃၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၅၆၁၄၃၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၇၆၀၅၀ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၂၁၈၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ များမှာ ၄၂၆၃ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၆၅၉၀ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြိတ်မြို့နယ် | ၂၂၇ | ၂၂၆၇၉၈ | ၁၄၃၅၆၃ | ၃၈၅၁၉ | ၁၅၄၈ | ၂၁၂၇၆ |
| ၂ | ပုလောမြို့နယ် | ၈၉ | ၁၁၄၀၂၃ | ၇၆၇၇၂ | ၁၆၈၆၂ | ၁၃၂၅ | ၁၃၁၀၄ |
| ၃ | သရက်ချောင်းမြို့နယ် | ၁၁၀ | ၁၀၆၄၃၆ | ၇၈၇၂၇ | ၁၁၆၉၃ | ၆၆၄ | ၁၀၈၉၄ |
| ၄ | ရေဖြူမြို့နယ် | ၁၁၄ | ၁၁၄၁၇၄ | ၇၆၉၈၈ | ၁၅၁၀၉ | ၇၂၆ | ၁၁၃၁၆ |
| | စုစုပေါင်း | ၅၄၀ | ၅၆၁၄၃၁ | ၃၇၆၀၅၀ | ၈၂၁၈၃ | ၄၂၆၃ | ၅၆၅၉၀ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။



သရက်ချောင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၄ မြို့နယ်တွင် မဲရုံပေါင်း ၅၄၀ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၁၁၉၃၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၀၇၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၄၁၁၈၂၊ မြေပြင်လက်ကျန် ၂၃၅၃၁၈ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၆၆၇၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၁၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မြိတ်မြို့နယ် | ၂၂၇ | ၂၄၁၂၇၂ | ၁၅၆၇၇၈ | ၈၄၄၉၄ | ၈၂၇၁၂ | ၁၈၆၉ | ၈၇ |
| ၂ | ပုလောမြို့နယ် | ၈၉ | ၁၂၅၁၉ | ၇၆၉၈၈ | ၄၈၅၃၁ | ၄၇၇၇၆ | ၈၀၇ | ၅၂ |
| ၃ | သရက်ချောင်းမြို့နယ် | ၁၁၀ | ၁၁၈၅၂၂ | ၆၆၀၄၁ | ၅၂၄၈၁ | ၅၀၂၀၄ | ၂၆၄၁ | ၃၆၄ |
| ၄ | ရေဖြူမြို့နယ် | ၁၁၄ | ၁၂၆၆၁၈ | ၇၀၉၄၂ | ၅၅၆၇၆ | ၅၄၆၂၆ | ၁၃၆၀ | ၃၁၀ |
| | စုစုပေါင်း | ၅၄၀ | ၆၁၁၉၃၁ | ၃၇၀၇၄၉ | ၂၄၁၁၈၂ | ၂၃၅၃၁၈ | ၆၆၇၇ | ၈၁၃ |

၆။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၈၅၃၈၁ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၈၂၁၈၃ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **စာမျက်နှာ ၁၆ သို့** ❒

- **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၅၆၁၄၃၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၇၆၀၅၀ ဦးဖြစ်**
- **မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၈၂၁၈၃ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၄၂၆၃ ဦး၊ ၂ ကြိမ် ပါဝင် နေသူများမှာ ၅၆၅၉၀ ဦးဖြစ်**

- **မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၄ မြို့နယ်တွင် မဲရုံပေါင်း ၅၄၀ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၁၁၉၃၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၀၇၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၄၁၁၈၂၊ မြေပြင်လက်ကျန် ၂၃၅၃၁၈ ဖြစ်ကြောင်း တွေ့ရှိရ**
- **ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၆၆၇၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၈၁၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရ**
- **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၁၈၅၃၈၁ ဦး ပိုမိုများပြားနေ**



ပုလောမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ရေဖြူမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

❒ စာမျက်နှာ ၁၅ မှ

**“အခန်း(၆) မဲစာရင်းပြုစုခြင်း”ပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”**ဟု ပြဋ္ဌာန်းထားသော်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၄ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၄၂၆၃ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၅၆၅၉၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ သရက်ချောင်းမြို့နယ်၊ မယ်ကဲကျေးရွာအုပ်စု၊ ရေဖျက်ကျေးရွာ မဲရုံအမှတ်(၇၉)တွင် မဲဆန္ဒရှင် ၂၀၇ ဦး ရှိသည့်အနက် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မပါရှိသူ ၅၃ ဦး၊ ပဲဒက်ကျေးရွာအုပ်စု မဲရုံအမှတ်(၁၀၆) တွင် မဲဆန္ဒရှင် ၂၃၃ ဦး ရှိသည့်အနက် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် မပါရှိသူ ၉၀ ဦး၊ စုံစင်ကျေးရွာအုပ်စု၊ စုံစင်ဖျားကျေးရွာ မဲရုံအမှတ်(၅၂)တွင် မဲဆန္ဒရှင် ၉၅၁ ဦးရှိသည့်အနက် မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်မပါသူ ၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်မပါသူ ၂၄၄ ဦး၊ မွေးသက္ကရာဇ်မပါသူ ၁၀ ဦး၊ အဖအမည်မပါသူ ၁၁ ဦး၊ အမိအမည်မပါသူ ၁၀ ဦးတို့အား ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စိစစ်တွေ့ရှိရသည်။

၉။ သရက်ချောင်းမြို့နယ်၊ ကဇိတံတားဦးကျေးရွာအုပ်စု မဲရုံအမှတ်(၁၀)တွင် ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ ပျောက်ဆုံးနေသဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ စစ်ဆေးခဲ့ရာ ကြိုတင်မဲလက်မှတ် အရေအတွက်နှင့် လက်ကျန်မဲအရေအတွက်စာရင်း အတိအကျမရရှိနိုင်ကြောင်း စိစစ်တွေ့ရှိရသည်။

၁၀။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၃၇၂၉၇၂ ဦးဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၃၇၀၇၄၉ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၂၂၂၃ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၆၆၇၇ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၈၁၃ စောင် တွေ့ရှိရခြင်း၊

(ဃ) မဲဆန္ဒရှင်စာရင်းပုံစံ(၁)တွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ မွေးသက္ကရာဇ်၊ အမိ အမည်၊ အဖအမည် စသည့်အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိဘဲ မဲစာရင်းတွင် ထည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုခဲ့ခြင်း၊

( င ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင် စာရင်းပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

( စ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ မဲဆန္ဒရှင်လက်မှတ် စသည်တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဇ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ပုလောမြို့နယ်၊ သရက်ချောင်းမြို့နယ်နှင့် ရေဖြူ မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**နေပြည်တော် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်းခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်နှင့် ပညာရေးဝန်ထမ်းများ၊ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “မြန်မာ့ကျောင်း” သီချင်းဖြင့် အခမ်းအနားကို သီဆိုဂုဏ်ပြုဖွင့်လှစ်ပြီး ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပညာရေး



ဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့သော ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် Mask၊ Face Shield နှင့် Hand Gel များ ပေးအပ်ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူးက အခြေခံပညာကျောင်းသုံးပုံနှိပ်စာအုပ်များ ပေးအပ်ရာ ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းဦးကလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းသုံးဗလာစာအုပ်များနှင့် ခဲတံများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားကျောင်းသူတစ်ဦးစီကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဇာတိမာန်” သီချင်းဖြင့် သီဆိုဂုဏ်ပြုနှုတ်ဆက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခန်းမအတွင်းပြသထားသော ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ကျောင်းအပ်နှံရေးနေ့ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မေ ၃၀**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၉ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ တနိုင်းမြို့၊ ဗန်းမော်မြို့၊ ပူတာအိုမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့၊ ဗထူးတပ်မြို့၊ ရပ်စောက်မြို့နယ်၊ မိုင်းပန်မြို့၊ နမ့်စန်မြို့၊ မိုင်းနောင်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းဖြတ်မြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကျိုက်ထိုမြို့၊ သံဖြူဇရပ်မြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့၊ ကော့ကရိတ်မြို့၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့၊ အင်းမမြို့၊ မင်းလှမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း၊ စာသင်ဆောင်အတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပြန်လည်ပြုပြင်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောင်းအပ်ချိန်

❖ နေရောင်ခြည် လင်းအလက်
ခင်းနံနက် လေပြည်ချို
အေးမြသာကို။
ကျေးငှက်တို့ တေးသီဆို
ပန်းလှပျို မွှေးထုံသင်း
ဤရပ်မြေ နယ်တစ်ရိုး
ချစ်ကြိုးသွယ်ခင်း။

❖ ခါမလင့်
အမှာဆင့်ပုံသွင်၊
မျိုးစေ့မှန် မြေခံကောင်း
ပျိုးပေါင်းဖွဲ့ဆင်။
ရေလောင်းလို့ပြုပြင်
မြေဆွပေါင်းသင်ခါခါလုပ်၊
ဥပမာ နှိုင်းယှဉ်ပြ
လောကပြယုဂ်။

❖ ရင်သွေးငယ် အနာဂတ်
ရှည်မျှော်တတ် မိဘတွေ၊
ကျောင်းအပ်ချိန် ကျောင်းအပ်ကြ
တက်ကြွသလေ။
မော်မဆုံးပါဘူး
ပျော်တပြုံးပြုံးရယ်နဲ့
အချိန်ရှိတုန်း လုံ့လခြွေ
ကျောင်းတော်မြေ သွားမနေး၊
ပန်းမကိုင်ရှုံအဖုံဖုံ
ဖူးပွင့်စုံ သင်းထုံမွှေးသလို၊
ရင်သွေးသား ပြုံးကြည်ရွှင်
မိဘရင် အကြည်ဓာတ်
(ခုချိန်မှာလေ)လွှမ်းပတ်တယ်လေး။

**နှင်းဇာခြည်မြင့်(ရွှေကျွန်းမြေ)**

# လှည်းကူးမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**လှည်းကူး မေ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီခွဲတွင် လှည်းကူးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမ၌ အထက လှည်းကူး ကျောင်းသားလေးများက ကျောင်းအပ်နှံရေးနေ့သီချင်း သီဆိုဖျော်ဖြေ၍ ကျင်းပခဲ့သည်။

လှည်းကူးမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း ၁၂ ကျောင်း၊ အထကခွဲ ကိုးကျောင်း၊ အလကရှစ်ကျောင်း၊ အလကခွဲ ၁၆ ကျောင်း၊ မူလတန်းကျောင်း ၁၁၀၊ မူလတန်းလွန်ကျောင်း ၃၀၊ အမကခွဲ တစ်ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၂၂ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ကိုးကျောင်း၊ မူကြိုကျောင်း လေးကျောင်း စုစုပေါင်း ၂၂၁ ကျောင်းရှိကြောင်း သိရသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ရှေးဦးစွာ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် မြို့နယ်ကျောင်းအပ်နှံရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်ဇော်က အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်သိန်းရွှေက လှည်းကူးမြို့နယ်အတွင်း ကျောင်းအပ်နှံရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းက ပညာရေးနှင့်ပတ်သက်၍ အားပေးစကားပြောကြားခဲ့ပြီး အလှူရှင်များ လှူဒါန်းထားသော အလှူငွေများနှင့် ကျောင်းသုံးစာရေးကိရိယာများအား ထောက်ပံ့ပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ လှည်းကူး



မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ ၁၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# သားနှင့်သမီး အားနှင့်ထီး

**ရေနံ့သာမောင်ကျော်ညွန့်**



**မိဘတို့သည် မိမိတို့ရင်သွေး ယနေ့ကျောင်းနေအရွယ်များကို "ပညာပြည့်ဝ နှလုံးလှ" သူများဖြစ်ပေါ်လာအောင် သင်ယူလေ့ကျင့်စေခြင်းဖြင့် မိမိတို့လိုလားသည့် "အားနှင့်ထီး" ကဲ့သို့သော "သားနှင့်သမီး" များ ဖြစ်ပေါ်လာပေမည်။ သို့မှသာ မိဘတို့သည် မိမိတို့ရင်သွေး ယနေ့ကျောင်းနေအရွယ်များအားလုံး၏ နောင်ရေးကို စိတ်အေးကြရမည်ဖြစ်။**

**ငယ်စဉ်အခါ ပညာရှာ**

"ငယ်စဉ်အခါ ပညာရှာ"ဆိုသောစကားသည် မြန်မာတို့၏ ဘိုးဘွားစဉ်ဆက်နာယူမှတ်သားခဲ့ရသော ထုံးတမ်းစဉ်လာအမှာစကားဖြစ်ပါသည်။ နုပျိုသစ်လွင်ငယ်ရွယ်စဉ်တွင် ပညာသင်ယူရန်၊ ပညာဆည်းပူးရန်၊ ပညာရှာမှီးရန် သတိပေးတိုက်တွန်းနေသော သတိပေးတိုက်တွန်းစကားဖြစ်ပါသည်။ ထိုအမှာစကားအရ နုပျိုသစ်လွင်ငယ်ရွယ်စဉ်တွင် ပညာသင်ယူရမည်၊ ပညာဆည်းပူးရမည်၊ ပညာရှာမှီးရမည်ကို သတိမူကြရမည်ဖြစ်ပါသည်။

ငယ်စဉ်ကာလ ကျောင်းနေအရွယ်ကလေးငယ်များကိုယ်တိုင်က ပညာသင်ယူရန်၊ ပညာဆည်းပူးရန်၊ ပညာရှာမှီးရန် အရေးကြီးသကဲ့သို့ မိဘတို့သည်လည်း မိမိရင်သွေးသားငယ်သမီးငယ်ကျောင်းနေအရွယ်များကို ပညာသင်ယူစေရန်၊ ပညာဆည်းပူးစေရန်၊ ပညာရှာမှီးစေရန်အတွက် အမြဲတစေ အားပေးတိုက်တွန်းနေရန် အရေးကြီးလှပေသည်။ မိဘတို့က မိမိတို့ ရင်နှစ်ချစ်သားချစ်သမီး ကျောင်းနေအရွယ်များကို ကျောင်းသို့အပ်နှံကာ ပညာသင်ယူစေခြင်း၊ ပညာဆည်းပူးစေခြင်း၊ ပညာရှာမှီးစေခြင်းသည် မိမိတို့၏သားရတနာ၊ သမီးရတနာများ အရွယ်ရောက်၍ လူလားမြောက်သည့်အခါတွင် ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင်ပို့ဆောင်ပေးနေခြင်း ဖြစ်ပါသည်။

**ပညာမရှိ သူ၏ဝန်ထမ်း**

လောကနီတိဆရာက "ပဏ္ဍိတကဏ္ဍ" အပိုဒ် "၁၅"တွင်–

"ဗျတ္တ ပုတြ ကိမလသော၊
အဗျတ္တော ဘာရဟာရကော။
ဗျတ္တကော ပူဇိတော လောကေ၊
ဗျတ္တ ပုတြ ဒိနေ ဒိနေ။" ဟူ၍ မိန့်ဆိုထားပါသည်။

အနက်အဓိပ္ပာယ်ကား –

'ပုတြ၊ချစ်သား။ ဗျတ္တ၊ အတတ်ပညာသင်ပါလေ့။ ကိံ၊ အဘယ်ကြောင့်၊ အလသော၊ ပျင်းဘိသနည်း။ အဗျတ္တော၊ အတတ်ပညာ မရှိသောသူသည်၊ ဘာရဟာရကော၊ သူတစ်ပါး၏ဝန်ကို ထမ်းဆောင်နေရသော သူတစ်ပါး၏ အစေအပါးဖြစ်တတ်၏။ ဗျတ္တကော၊ အတတ်ပညာရှိသောသူကို၊ လောကေ၊ လောက၌၊ ပူဇိတော၊ သူတစ်ပါးတို့က ပူဇော်ကြ၏။ အားကိုးကြ၏။ ရိုသေလေးမြတ်ဆည်းကပ်ကြ၏။ တသ္မာ၊ ထို့ကြောင့်၊ ပုတြ၊ ချစ်သား၊ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း၊ ဗျတ္တ၊ အတတ်ပညာသင်ပါလေ့။" ဟူ၍ ဖြစ်ပါသည်။

လောကနီတိဆရာက ကျောင်းနေအရွယ်တွင် အတတ်ပညာမသင်ယူခဲ့သောကြောင့် အတတ်ပညာမတတ်ကျွမ်းပါက နောင်အခါ ကြုံတွေ့ရလတ္တံ့သော ဆိုးကျိုးဆိုးပြစ်များနှင့် ကျောင်းနေအရွယ်တွင် အတတ်ပညာသင်ယူခဲ့သောကြောင့် အတတ်ပညာတတ်ကျွမ်းပါက နောင်အခါ ရလာလတ္တံ့သော ကောင်းကျိုးချမ်းသာများကို ထုတ်ဖော်ပြလျက် ကျောင်းနေအရွယ်တွင် ကျောင်းနေကာ ပညာသင်ယူရန် လမ်းညွှန်တိုက်တွန်းထားခြင်းဖြစ်ပါသည်။

**ကုဋေရှစ်ဆယ်သူဌေးသား**

ကျွန်တော်ငယ်စဉ် ပထမတန်းကျောင်းသားဘဝက ရွတ်ဆိုကျက်မှတ်ခဲ့ရသော ပျို့ကဗျာတစ်ပုဒ် ရှိပါသည်။ အဆိုပါ ပျို့ကဗျာသည် ကျောင်းနေအရွယ်တွင် ကျောင်းမှာလည်း မနေ၊ ပညာလည်းမသင်ယူခဲ့သော ကုဋေရှစ်ဆယ် သူဌေးသားတစ်ဦး၏ ဘဝနိဂုံးအဆုံးသတ်ရပုံကို ရေးဖွဲ့သီကုံးထားခြင်း ဖြစ်ပါသည်။

"မောင်ငယ်ရင်သွေး၊ နာဘိသေးလေ့
ရှေးသရောခါ၊ ပြည်ဗာရာဝယ်
ကုဋေကြွယ်သား၊ သူဌေးအားလျှင်
သားတစ်ယောက်ဖြစ်၊ ချစ်၍တစေ
အိမ်မှာနေ၍၊ စာပေမကျ
မိဘစုတေ့၊ ခန္ဓာရွေ့သော်
အရှေ့အနောက် တောင်မြောက် ဘယ်မှာ
မသိပါငြား၊ သူဌေးသားသည်
သိုထားမတတ်၊ အရပ်ရပ်၌
နှံ့အပ်ဥစ္စာ၊ ရှိသည်ငှာကို
များစွာကျွန်ပေါင်း၊ မကောင်းခိုးသူ
ယူ၍ပြေးရှောင်း၊ အိမ်ကိုရောင်း၍
ထောင်းထောင်းကျေလျက်၊ ခွက်လက်စွဲကာ
တောင်းစားပါလည်း၊ နင်သာလူမိုက်
ဒုစရိုက်ဟု ရိုက်ပုတ်လိုက်ကြ
ရွာမှထွက်လေ၊ တောမှာသေသည်
ကောင်သေလင်းတကျ၏တည်း။"

ပျို့ကဗျာလာသူဌေးသားကို သင်ခန်းစာယူပြီး ကျောင်းနေအရွယ်ကလေးများသည် ကျောင်းနေအရွယ်တွင် ကျောင်းနေပြီး ဘဝအခြေခံကောင်းအောင် သင်ကြားလေ့ကျင့်ပေးနေသော ပညာအခြေခံကောင်းများကို သင်ယူကြရမည် ဖြစ်ပါသည်။

မိဘများကလည်း မိမိရင်သွေးကျောင်းနေအရွယ်ကလေးများကို ပျို့ကဗျာလာကုဋေရှစ်ဆယ်သူဌေးသားလို မဖြစ်စေရအောင် ကျောင်းသို့အပ်နှံ၍ ပညာသင်ယူစေရန် အရေးကြီးလှပေသည်။

**မိဘတလည်း ရန်သူမည်၏**

မိဘတို့သည် မိမိရင်သွေးကျောင်းနေအရွယ်များကို ပညာသင်ယူရမည့်အရွယ်တွင် ပညာသင်ယူစေရန် အားမပေးဘဲ လျစ်လျူရှုထားခဲ့ပါမူ "မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ" စသည့် မိဘဝတ္တရားပျက်ကွက်ခြင်းဖြစ်ပေသည်။ မိဘတို့ဝတ္တရား ပျက်ယွင်းခဲ့သောကြောင့် ကျောင်းနေအရွယ်တွင် ပညာမသင်ယူခဲ့ရသော သားသမီးတို့သည် အရွယ်ရောက်၍လူလားမြောက်သည့်အခါ၌ ဘဝကို ဆင်းရဲပင်ပန်းခြင်းကြီးစွာဖြင့် ရုန်းကန်ကြရလေတော့၏။ သူတစ်ပါးခိုင်းသမျှစေသမျှ ဆောင်ရွက်ပေးကြရလေတော့၏။ သူတစ်ပါး၏အစေခံဘဝသို့ အလိုလိုရောက်ရှိသွားရလေတော့၏။ တွေးခေါ်မြော်မြင်ဆင်ခြင်နိုင်စွမ်းမရှိသည့် လူဖြစ်ဆုံးရှုံး လူမိုက်ကြီးလုံးလုံးဖြစ်ရလေတော့၏။ ထိုအခါမှ ကျောင်းနေအရွယ်ဘဝက ပညာမသင်ယူခဲ့ရသည်ကို ယူကျုံးမရနောင်တရနေလေတော့၏။

နောင်တနှင့်အတူ ကျောင်းနေအရွယ်တွင် ပညာသင်ယူစေရန် အားမပေးခဲ့သော၊ မတိုက်တွန်းခဲ့သော၊ ပညာသင်ယူစေရန် ပျက်ကွက်ခဲ့သောမိဘတို့ကို အလိုလိုအပြစ်မြင် အပြစ်တင်နေလေတော့၏။ တွေးခေါ်မြော်မြင်ဆင်ခြင်နိုင်စွမ်း မရှိတော့သည့်အခါ မှားသည် မှန်သည်မသိဘဲ မိဘတို့ကိုပင် ရန်သူအသွင် ထင်မြင်နေလေတော့၏။

ထို့ကြောင့် လောကနီတိဆရာက "ပဏ္ဍိတကဏ္ဍ" အပိုဒ် "၁၆ " တွင်–

"မာတာ ဝေရီ ပိတာ သတြု၊
ယေန ဗာလော န သိက္ခိတော။
သဘာမဇ္ဈေန သောဘတိ၊
ဟံသမဇ္ဈေ ဗကော ယထာ။" ဟူ၍ ဆိုမိန့်ခဲ့ပေသည်။

အနက်အဓိပ္ပာယ်ကား –

"ယေန၊ အကြင်မိဘသည်၊ ဗာလော၊ သားငယ်ကို၊ နသိက္ခိတော၊ အတတ်ပညာသင်မပေးအံ့၊ သာမာတာ၊ ထိုမိခင်သည်၊ ဝေရီ၊ အပြင်ရန်သူမည်၏။ သော ပိတာ၊ ထိုအဖသည်၊ သတြု၊ အတွင်းရန်သူမည်၏။ သော၊ ထိုအတတ်ပညာ မတတ်သောသားသည်၊ ဟံသမဇ္ဈေ၊ ဟင်္သာတို့၏အလယ်၌၊ ဗကော ယထာ၊ ဗျိုင်းကဲ့သို့၊ သဘာမဇ္ဈေန၊ သဘင်အလယ်၌၊ နသောဘတိ၊ မတင့်တယ်။" ဟူ၍ဖြစ်ပေသည်။

ရင်သွေးတို့၏နောင်ရေးကို သတိမမူဘဲ ကျောင်းနေအရွယ် သားငယ် သမီးငယ်များကို ကျောင်းအပ်နှံပြီး ပညာသင်ယူစေရန် တာဝန်ပျက်ယွင်းသည့်မိဘများ သတိမူစရာ ဖြစ်ပါသည်။

**ဗလငါးတန်ပြည့်ဝရန်**

မြတ်စွာဘုရားရှင်က "သီလနှင့်ပညာ" သည် "ဘဝအတွက် အမြတ်ဆုံးဥစ္စာ" ဟူ၍ ဟောမြွက်မိန့်ကြားခဲ့ပါသည်။ "သီလ" ဟူသည် "ကိုယ်ကျင့်တရား" ဖြစ်ပြီး "ပညာ" ဟူသည် "(၁) ခွဲခြားသိမြင်နိုင်သောအသိဉာဏ်၊ (၂) အတတ်ပညာ" ဟူ၍ ဖြစ်ပါသည်။ သီလကို ဆောက်တည်စောင့်ထိန်းခြင်းလည်းကောင်း၊ ပညာကို သင်ယူလေ့ကျင့်ခြင်းဖြင့်လည်းကောင်း ရယူနိုင်ပေသည်။

သီလနှင့် ပညာသည် ဟန်ချက်ညီမျှနေရပေမည်။ သို့မှသာ သီလတိမ်းစောင်းလျှင် ပညာဖြင့်ထိန်းကျောင်းတည့်မတ်ပေးနိုင်မည်ဖြစ်ပြီး ပညာတိမ်းစောင်းလျှင် သီလဖြင့် ထိန်းကျောင်းတည့်မတ်ပေးနိုင်မည်ဖြစ်ပေသည်။ သီလလုံသော်ငြား ပညာနုံနဲ့သော်၊ ပညာပြည့်စုံသော်ငြား သီလမလုံသော် တစ်ဖက်စောင်းနင်း အစွန်းရောက်လေတော့၏။ ထို့ကြောင့် သီလရောပညာပါ အညီအမျှပြည့်ဝဖို့ လိုအပ်လှပေသည်။

ရှေးရှေးအခါများ၌ ဘုန်းတော်ကြီးကျောင်းများမှ ဘုန်းတော်ကြီးများက ရဟန်းရှင်လူအများကို သီလရောပညာပါ ပြည့်စုံအောင်လေ့ကျင့်သင်ကြားပေးကြ၏။ ယခုအခါ၌ နိုင်ငံတော်က အတန်းအဆင့်ဆင့်သင်ကြားပေးနေသည့် အခြေခံပညာသင်ကျောင်းများကို တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပြီး အတန်းအဆင့်ဆင့်သင် အခြေခံပညာသင်ကျောင်းများမှ ဆရာ ဆရာမတို့က သီလနှင့်ပညာ ပြည့်စုံအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

ဆိုရသော် ပညာရေးဝန်ကြီးဌာနရှိ အတန်းအဆင့်ဆင့်သင် အခြေခံပညာသင်ကျောင်းများမှ အခြေခံပညာသင်ကြားရေး ဆရာ ဆရာမများသည် အတန်းလိုက်သင်ယူလျက်ရှိကြသော ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအား ပညာအခြေခံကောင်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိသည့်နည်းတူ ကိုယ်ကျင့်တရားဆိုင်ရာ၊ အခြေခံကောင်းများကိုလည်း သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။ ပညာအခြေခံကောင်းများနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံကောင်းများကို သင်ကြားလေ့ကျင့်ပေးနေခြင်းသည် ပညာပြည့်ဝ နှလုံးလှသည့် ဗလငါးတန်ပြည့်ဝသော လူရည်ချွန် လူရည်မွန်မောင်မယ်များ ဖြစ်ပေါ်လာအောင် မွေးမြူပေးနေခြင်း ဖြစ်ပါသည်။

**စာမျက်နှာ ၁၉ သို့** ❖

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်။**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အစဉ်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❖ စာမျက်နှာ ၁၈ မှ

**ပညာပြည့်ဝ နှလုံးလှဖို့**

ကျေးဇူးတော်ရှင်မန်လည်ဆရာတော်ဘုရားကြီးက“မဃဒေဝလင်္ကာသစ်”တွင်–

“ပညာပြည့်ဝ၊နှလုံးလှသော်
ကိစ္စကြီးငယ်၊ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။” ဟူ၍ ‘ပညာပြည့်ဝ နှလုံးလှ’

ပါက မည်သည့်အကြောင်းကိစ္စကိုမဆို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း သီကုံးဖွဲ့ဆိုမိန့်ကြားထားပါသည်။

“ပညာပြည့်ဝ နှလုံးလှ” သူသည် “သီလနှင့်ပညာ”၊ “ပညာနှင့်သီလ” ဟန်ချက်ညီမျှပြည့်ဝနေသူဖြစ်ပါသည်။ ယနေ့ကျောင်းနေအရွယ်အားလုံးကို “ပညာပြည့်ဝ နှလုံးလှ” သူများ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်မွေးမြူပေးကြရမည် ဖြစ်ပါသည်။ “ပညာပြည့်ဝ နှလုံးလှ”သည့် မြန်မာ့လူမှုအဖွဲ့အစည်းဖြစ်ပေါ်လာမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

မိဘများက မိမိရင်သွေးကျောင်းနေအရွယ်များကို “ပညာပြည့်ဝ နှလုံးလှ” သူများ ဖြစ်လာစေရန် အာသီသပြင်းပြသကဲ့သို့ နိုင်ငံတော်ကလည်း ယနေ့ကျောင်းနေအရွယ်အားလုံးကို “ပညာပြည့်ဝ နှလုံးလှ”သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်လာစေရန် အာသီသပြင်းပြလျက်ရှိ၏။

ထို့ကြောင့် ယနေ့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ကျောင်းနေအရွယ်အားလုံး ကျောင်းနေရေးအတွက် အခြေခံပညာအတန်းလိုက် ကျောင်းသားကျောင်းသူများအားလုံးကို ဘာသာစုံကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကိုဗစ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကာကွယ်ရေးသုံးပစ္စည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ အားကစားကြေး၊ မိဘဆရာအသင်းကြေး၊ စာကြည့်တိုက်ကြေး စသည့် မည်သည့်အခကြေးငွေကိုမျှ ပေးဆောင်စရာမလိုဘဲ စရိတ်ငြိမ်းကင်းလွတ်ခွင့်ပေးခြင်းစသဖြင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်ကာ စွမ်းစွမ်းတမံဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

**ကျောင်းနေအရွယ်များအားလုံး နောင်ရေးစိတ်အေးဖို့**

မိဘတို့ သည် မိမိရင်သွေးသားသမီးများကို သားရတနာ သမီးရတနာများဟူ၍ အမှုကွန်းကာ အမွှမ်းတင်ကြသည်။ အမွှမ်းတင်ထိုက်သည့် သားရတနာ သမီးရတနာများအဖြစ် တွေ့မြင်နေရသကဲ့သို့ မိဘတို့ကို အမြဲတစေစိတ်ဆင်းရဲအောင် အမျိုးမျိုးအဖုံဖုံနည်းမျိုးစုံနှင့် ဆိုးသွမ်းရမ်းကားမိုက်မဲသောသားဆိုး သမီးဆိုးများကိုလည်း တွေ့မြင်နေရပါသည်။ ထို့ကြောင့် မြန်မာ့လူမှုအဖွဲ့အစည်းတွင်–

“ငယ်စဉ်သော်သား ကြီးသော်ကျား။
ငယ်စဉ်သော်သား ကြီးသော်အား။
ငယ်စဉ်သော်သမီး၊ ကြီးသော်မီး။
ငယ်စဉ်သော်သမီး ကြီးသော်ထီး။”

ဟူ၍ ဆိုထုံးပြုခဲ့ကြခြင်း ဖြစ်ပါသည်။ မိဘတိုင်းသည် မိမိတို့၏သားကို အားကိုးရသည့် “အား” အဖြစ် လိုလားကြပြီး ဆိုးသွမ်းသောင်းကျန်းသည့် “ကျားဆိုး” အဖြစ် မလိုလားကြပေ။ ထိုနည်းတူ သမီးတို့ကိုလည်း မိဘတို့အားအရိပ်မိုးပေးသည့် “ထီး” အဖြစ် လိုလားကြပြီး မိဘတို့အား အမြဲတစေ ပူလောင်စေသည့် “မီး” အဖြစ် မလိုလားကြပေ။

မိဘတို့၏ရင်သွေး ကျောင်းနေအရွယ်များသည် အဖြူထည်သက်သက် နုနယ်လွန်းလှ၏။ တိမ်းလွယ်စောင်းလွယ်၊ ယိမ်းလွယ်ယိုင်လွယ်သည့် အရွယ် ဖြစ်ပါသည်။ မယိမ်းမယိုင်၊ မတိမ်းမစောင်းအောင် ထိန်းကျောင်းပေးကြရပေမည်။ သို့မှသာ မိဘတို့၏ “သားနှင့် သမီး” တို့သည် မိဘတို့ လိုလားသော “အားနှင့် ထီး”များ ဖြစ်လာကြပေမည်။ မယိမ်းမယိုင်အောင်၊ မတိမ်းမစောင်းအောင် မထိန်းနိုင်၊ မထိန်းကျောင်းဘဲ ထားမိပါကမိဘတို့၏ “သားနှင့် သမီး” တို့သည် မိဘတို့မလိုလားသော “ကျားနှင့် မီး” ဖြစ်လာမည်ကို လေးလေးနက်နက် ဆင်ခြင်သတိမူသင့်လှ၏။

ထို့ကြောင့် မိဘတို့သည် မိမိတို့ရင်သွေး ယနေ့ကျောင်းနေအရွယ်များကို “ပညာပြည့်ဝ နှလုံးလှ” သူများဖြစ်ပေါ်လာအောင် သင်ယူလေ့ကျင့်စေခြင်းဖြင့် မိမိတို့လိုလားသည့် “အားနှင့် ထီး” ကဲ့သို့သော “သားနှင့် သမီး”များ ဖြစ်ပေါ်လာပေမည်။ သို့မှသာ မိဘတို့သည် မိမိတို့ရင်သွေး ယနေ့ကျောင်းနေအရွယ်များအားလုံး၏ နောင်ရေးကို စိတ်အေးကြရမည် ဖြစ်ပါသတည်း။ ။

# ကော့သောင်းမြို့နယ်၌ ၂၀၂၁–၂၀၂၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



**ကော့သောင်း မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အထက(၁)ကော့သောင်း ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိုးက ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် မြို့နယ်အတွင်းကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများ၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချို့နှင့် ဌာနဆိုင်ရာများ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မေ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၀-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄၅)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၁၉,၆၄၂)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၅၇၁)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၂၁)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၁၃၂,၃၁၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၀-၅-၂၀၂၁) ရက်နေ့၊ ည (၈: ၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၉၄) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၂) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၀) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၃) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၈) ခု | (၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁၃) ခု | (၁၁) ဦး |
| စုစုပေါင်း | (၉၁၂) ခု | (၄၅) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၀၃၅၃၁၈ | ၂၇၈၁၈၉၆၁ | ၆၀၉၄၁၂ |
| ၂။ | အိန္ဒိယ | ၂၇၈၉၄၈၀၀ | ၂၅၈၁၈၉၆၁ | ၃၂၅၉၉၈ |
| ၃။ | ဘရာဇီး | ၁၆၄၇၁၆၀၀ | ၁၄၈၆၉၆၉၆ | ၄၆၁၁၄၂ |
| ၄။ | ပြင်သစ် | ၅၆၅၇၅၇၂ | ၅၃၁၂၁၀၅ | ၁၀၉၃၅၈ |
| ၅။ | တူရကီ | ၅၂၃၅၉၇၈ | ၅၀၉၄၂၇၉ | ၄၇၂၇၁ |
| ၆။ | ရုရှား | ၅၀၆၃၄၄၂ | ၄၆၇၇၈၇၀ | ၁၂၁၁၆၂ |
| ၇။ | ဗြိတိန် | ၄၄၈၀၉၄၅ | ၄၂၈၆၂၄၉ | ၁၂၇၇၇၅ |
| ၈။ | အီတလီ | ၄၂၁၃၀၅၅ | ၃၈၄၅၀၈၇ | ၁၂၆၀၀၂ |
| ၉။ | အာဂျင်တီးနား | ၃၇၃၂၂၆၃ | ၃၂၈၈၄၆၇ | ၇၇၁၀၈ |
| ၁၀။ | ဂျာမနီ | ၃၆၈၄၆၇၂ | ၃၄၇၈၆၀၀ | ၈၉၀၀၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၈၁၆၀၄၁ | ၁၆၆၃၉၉၈ | ၅၀၄၀၄ |
| ၂။ | ဖိလစ်ပိုင် | ၁၁၃၆၂၇ | ၁၁၄၉၀၁၀ | ၂၀၈၆၀ |
| ၃။ | မလေးရှား | ၅၆၅၃၃ | ၄၈၄၇၈၇ | ၂၇၂၉ |
| ၄။ | ထိုင်း | ၁၅၄၃၀၇ | ၁၀၅၂၄၄ | ၁၀၀၂ |
| ၅။ | မြန်မာ | ၁၄၃၅၇၁ | ၁၃၂၃၁၈ | ၃၂၁၆ |
| ၆။ | စင်ကာပူ | ၆၂၀၂၈ | ၆၁၄၂၃ | ၃၂ |
| ၇။ | ကမ္ဘောဒီးယား | ၂၉၄၀၄ | ၂၂၁၈၈ | ၂၀၉ |
| ၈။ | ဗီယက်နမ် | ၆၉၀၈ | ၂၉၅၀ | ၄၇ |
| ၉။ | လာအို | ၁၉၁၁ | ၁၄၂၆ | ၃ |
| ၁၀။ | ဘရူနိုင်း | ၂၄၁ | ၂၂၈ | ၃ |



## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မေ ၂၀**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# အစွန်းရောက်နိုင်ငံရေးအကြမ်းဖက်သမားများ လက်တွဲဖယ်ရှား

ရဲယံ

မည်သည့်နိုင်ငံ၏ အစိုးရကမှ အကြမ်းဖက်သမားတို့၏ ရည်ရွယ်ချက် ပြည့်ဝအောင် လိုက်လျောရိုး ထုံးစံမရှိပါ။ အကြမ်းဖက်သမားများနှင့် ညှိနှိုင်းခြင်း၊ လိုက်လျောခြင်းမလုပ်ပါ။ ဤအရာသည် အစိုးရတိုင်းက ပြည်သူအတွက် ဆောင်ရွက်ပေးရမည့်၊ အကာအကွယ်ပေးရမည့် လုပ်ရိုးလုပ်စဉ်တစ်ခုပင်။ အကြမ်းဖက်မှုများသည် အစွန်းရောက် စိတ်ဓာတ်ကို အခြေခံသည်။ လက်ရှိ မြန်မာ့နိုင်ငံရေးတွင် နိုင်ငံရေး အစွန်းရောက် စိတ်ဓာတ်ရှိသူများသည် ၎င်းတို့၏ နိုင်ငံရေးအကျိုး အမြတ်အတွက် အကြမ်းဖက်မှုများကို လက်နက်အဖြစ် အသုံးပြု လျက်ရှိသည်။ နိုင်ငံရေးအကျိုးအမြတ်အတွက် အကြမ်းဖက်နည်း လမ်းကို ကျင့်သုံးခြင်းသည် မှန်ကန်သော နည်းလမ်းမဟုတ်။ သို့သော် ရွေးကောက်ပွဲ မသမာမှုများကို အကြောင်းတည် ဖြစ်ပေါ် လာသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် အကြမ်းဖက်မှုများ ပါဝင်လာခဲ့ပေပြီ။ ယခု ပြည်သူအများ သွားလာနေထိုင်ရာနေရာများ တွင် ပေါက်ကွဲမှုများဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြင့် ပြည်သူ များထံ အကြောက်တရား ဖြန့်ဝေလျက်ရှိသည်။

**ပညာရေးသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ဖြစ်**

အထင်ရှားဆုံးမှာ ကျောင်းများပြန်လည်မဖွင့်နိုင်အောင် ခြိမ်းခြောက်ခြင်းပင်။ ပညာရေးသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် အတွက် အဓိကဖြစ်သည်ကို နိုင်ငံရေးအစွန်းရောက်သူများအနေဖြင့် မသိ၍ မဟုတ်။ သိ၍ အညာကိုင်ခြင်း ဖြစ်ပေလိမ့်မည်။ စာသင်ကျောင်း များ မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲခြင်း၊ ဆရာ ဆရာမများအား ခြိမ်းခြောက် ခြင်းတို့ဖြင့် ပညာသင်ကြားခွင့် ဆုံးရှုံးအောင် ဖန်တီးလျက်ရှိသည်။

အစိုးရ၏ လုပ်ငန်းဆောင်တာများ နှောင့်နှေးစေရေးအတွက် ဆိုင်ကယ်စီးသပိတ်၊ အသံတိတ်သပိတ်၊ ညသပိတ်၊ လူမဲ့သပိတ်၊ ပြည်လုံးကျွတ်သပိတ် စသည်ဖြင့် သပိတ်ပေါင်းစုံ ဖန်တီးလှုံ့ဆော် လျက်ရှိသည်။

ထို့အပြင် ပြည်သူများအကြား စိတ်လှုပ်ရှားမှု မြင့်တက်နေသည့် ယခုအချိန်၌ ကောလာဟလများကို ဖန်တီးဖြန့်ဝေကြသည်။ ဘဏ် များ ပြိုလဲမည်၊ ငွေစက္ကူများ ဖျက်သိမ်းမည်၊ စက်သုံးဆီ ပြတ်လပ် မည်၊ စားနပ်ရိက္ခာပြတ်လပ်မည် စသည်ဖြင့် နိုင်ငံမတည်မငြိမ် ဖြစ်စေ မည့် အကြောင်းအရာပေါင်းစုံကို မရိုးရအောင် ဖြန့်ဝေလျက်ရှိကြသည်။

ကောလာဟလများ၏ နောက်ကွယ်က အကြောင်းရင်းမှာ အစိုးရယန္တရားအခက်တွေ့ရေး၊ အစိုးရအပေါ် ပြည်သူများ အယုံ အကြည်မရှိရေးပင် ဖြစ်သည်။ နိုင်ငံမတည်ငြိမ်မှုဖြစ်စေရန် လှုံ့ဆော် ဖန်တီးခြင်း၊ ဆူပူအကြမ်းဖက်တိုက်ခိုက်ခြင်းတို့ကြောင့် ပြည်သူတို့၏ လူမှုစီးပွားအခက်အခဲ ဖြစ်လာကြသည်။ ထို့ကြောင့် နိုင်ငံရေးအမြတ် ထုတ်လိုသူများ၏ ရည်ရွယ်ချက် မပြည့်ဝနိုင်စေရန် မှားယွင်းသည့် သတင်းအချက်အလက်များကို ဆင်ခြင်သတိပြုရမည်ဖြစ်သည်။

တစ်ဖက်မှလည်း အကြမ်းဖက် နိုင်ငံရေးအစွန်းရောက်များသည် လက်နက်ကိုင် ခြောက်လှန့်မှုများ၊ ဗုံးခွဲခြောက်လန့်မှုများ၊ မီးရှို့ ဖျက်ဆီးတိုက်ခိုက်မှုများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို လုပ်ကြံ သတ်ဖြတ်မှုများဖြင့် အကြမ်းဖက်မှုများကို လစ်လျှင်လစ်သလို ကျူးလွန်လျက်ရှိသည်။



မြောက်ဥက္ကလာပမြို့နယ်ရှိ DENKO ဆီဆိုင်၌ အကြမ်းဖက်သူများက လက်လုပ်မိုင်းဖောက်ခွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

ထိုသို့ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်နေသော်လည်း ၎င်းတို့က ပြည်သူများအကြား ဝါဒဖြန့်သည်မှာ ဒီမိုကရေစီခေါင်းစဉ်တပ်၍သာ။ အကြမ်းဖက်နိုင်ငံရေးအစွန်းရောက်သူများက ၎င်းတို့ အောင်မြင်မှု မရှိခဲ့လျှင် လက်ရှိအစိုးရလက်ဝယ် အာဏာအခွန့်ရှည်ပြီး ဒီမိုကရေစီ အရေးပျက်ပြယ်မည်ဟူသော လွဲမှားသည့် သတင်းအချက်အလက်ကို ဖြန့်ဝေလျက်ရှိသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

၎င်းတို့ ညွှန်းဆိုနေသလို လက်ရှိအစိုးရသည် အာဏာအခွန့်ရှည် စေရန် ရည်ရွယ်ဖွဲ့စည်းထားသည့် ဖွဲ့စည်းမှုမျိုးလည်း မဟုတ်။ နိုင်ငံ့ အာဏာကို မတရားနည်းလမ်းဖြင့် ရယူခြင်းမှ ကာကွယ်ထိန်းသိမ်း ခြင်းသာဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်သည့် အစိုးရအဖွဲ့တွင် တိုင်းရင်းသားများအပါအဝင် နိုင်ငံရေးပါတီအသီးသီး မှ ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည်။ တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများပါဝင်သော အစိုးရတစ်ရပ်အဖြစ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ကြိုးပမ်းဖော် ဆောင်သွားမည်ဖြစ်သည်။

ထိုသို့ ဖော်ဆောင်ရာ၌လည်း နိုင်ငံအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ စနစ်တကျ ဖော်ဆောင်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများဘက်မှလည်း နိုင်ငံရေးခံယူချက် ကွဲပြားနေစေ ကာမူ အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများတွင် ပါဝင်မှုမရှိစေရန် အထူးသတိပြုရမည် ဖြစ်သည်။ ထို့အတူ အားပေးကူညီမှု မပြုမိရန်လည်း အရေးကြီးပေသည်။

အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့် မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်မှုတို့သည် အကြမ်းဖက်မှုများတွင် အကျုံးဝင်လျက် ရှိသည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူခံရ နိုင်ပေသည်။

အလားတူ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်ဖြစ်စေ၊ လွတ်မြောက်စေရန်အတွက်ဖြစ်စေ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့် ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်း၊ ၎င်းအဖွဲ့ဝင်များအား အဆောက်အအုံနှင့်နေရာတစ်ခုခု အသုံးပြုခွင့် ပေးခြင်း၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှု ဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင် ပေးရန်ပြုလုပ်ခြင်း၊ ၎င်းတို့ အသုံးပြုရန် ရည်ရွယ်၍ဖြစ်စေ၊ အသုံးပြု မည်ဟုသိလျက်နှင့်ဖြစ်စေ ငွေကြေးကောက်ခံခြင်း၊ လက်ခံခြင်း၊ ထောက်ပံ့ခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ အားပေးခြင်း၊ ကူညီခြင်း၊ လှုံ့ဆော်ခြင်း စသည်တို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများနှင့် ငြိစွန်းပြီး အရေးယူအပြစ် ပေးခြင်း ခံရနိုင်သည့်အတွက် ပြည်သူများက သတိပြုဆင်ခြင်ကြ ရမည်ဖြစ်သည်။

**ဆင်ခြင်တုံတရားနည်းပါးသူတို့၏ သဘောထားများ**

**ဘေးလွတ်ကင်းရာနေရာမှ CRPH နှင့် NUG တို့၏ ဝါဒဖြန့်မှုများ၊ မြှောက်ပင့်စေစားမှုများကို ပကတိအတိုင်း သိမြင်နားလည်ရမည့် အချိန် ဖြစ်သည်။ နိုင်ငံရေးအကျိုးအမြတ်ရလိုမှုကို ဇာတ်စုံမခင်းဘဲ အရေးတော်ပုံအောင်ရမည်ဆိုသည့် ပင့်လုံးများကြောင့် အပြစ်မဲ့ ပြည်သူများလည်း သေဆုံးမှုများရှိခဲ့သည်။ ပြည်တွင်း၊ ပြည်ပမှ အကြမ်းဖက်သမားများနှင့် လော်ဘီများ၏ မြှောက်လုံးပင့်လုံးများ၊ ဆင်ခြင်တုံတရားနည်းပါးသူတို့၏ သဘောထားများကလည်း အကြမ်း ဖက်မှုများကို ဖိတ်ခေါ်လျက်ရှိသည့်အတွက် သတိချပ်ရမည်ဖြစ်သည်။**

လက်တွေ့တွင် ပြည်သူများသည် မည်သို့မည်ပုံ ကျူးလွန်မည် မသိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို စိုးရိမ်ထိတ်လန့်နေကြပြီး တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားလျက်ရှိသည်။ တည်ငြိမ်မှုလိုလား လျှင်၊ အေးချမ်းမှုကို လိုလားလျှင် တည်ငြိမ်အေးချမ်းမှုကို မလိုတမာ ဖျက်ဆီးနေသည့် မြှောက်ပင့်သွေးထိုးနေသူများ၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေသူများကို ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းရမည်သာ။

အကြမ်းဖက်မှု ကျူးလွန်သူများသည် ပြည်သူလူထုအတွင်း ရောနှောနေထိုင်ပြီး ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ပြီး ပါက လူထုအတွင်းပင် လျှိုးဝင်ပျောက်ကွယ်သွားခြင်းကြောင့် ပြည်သူ လူထု၏ ပူးပေါင်းစွမ်းအားဖြင့်သာ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဖျက်သမားများနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ၊ မသင်္ကာစရာများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးအကြောင်းကြားခြင်းဖြင့် ပြည်သူ လူထု၏ အကျိုးစီးပွားကို ကာကွယ်သွားရမည် ဖြစ်သည်။ ထိုသို့ ပြည်သူများက အသိပေးနိုင်ရန်အတွက် သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးအဖွဲ့အစည်းများထံ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့မဟုတ်၊ ဆူပူအကြမ်းဖက်မှုများကို ပြည်သူနှင့်အတူ ထိထိ ရောက်ရောက် ပူးပေါင်းဖယ်ရှားနိုင်ခြင်းမရှိပါက နိုင်ငံအတွက် ကြီးမား သည့်အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ်နေမည်။ သို့ဖြစ်၍ အကြမ်းဖက် လုပ်ရပ်များကို ပြည်သူလူထုနှင့် ပူးပေါင်းကာ ဥပဒေနှင့်အညီ ထိထိ ရောက်ရောက် အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ပြီး အများ အကျိုးအတွက် အဖျက်သမားများနှင့် ပတ်သက်သောသတင်းများ၊ လုပ်ဆောင်မှုများကို အသိပေးခြင်းသည် တာဝန်သိသော နိုင်ငံသား တစ်ဦးဖြစ်သည့်အပြင် ကိုယ့်ရပ်ရွာလုံခြုံရေးအတွက် ကာကွယ်ပေးမှု လည်း ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

- **ဘေးလွတ်ကင်းရာနေရာမှ CRPH နှင့် NUG တို့၏ ဝါဒဖြန့်မှုများ၊ မြှောက်ပင့်စေစားမှုများကို ပကတိအတိုင်း သိမြင်နားလည်ရမည့်အချိန် ဖြစ်သည်။ နိုင်ငံရေးအကျိုးအမြတ် ရလိုမှုကို ဇာတ်စုံမခင်းဘဲ အရေးတော်ပုံအောင်ရမည်ဆိုသည့် ပင့်လုံးများကြောင့် အပြစ်မဲ့ပြည်သူများ လည်း သေဆုံးမှုများ ရှိခဲ့သည်။**
- **ပြည်တွင်း၊ ပြည်ပမှ အကြမ်းဖက်သမားများနှင့် လော်ဘီများ၏ မြှောက်လုံးပင့်လုံးများ၊ ဆင်ခြင် တုံတရားနည်းပါးသူတို့၏ သဘောထားများကလည်း အကြမ်းဖက်မှုများကို ဖိတ်ခေါ်လျက် ရှိသည့်အတွက် သတိချပ်ရမည်ဖြစ်။**

## ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ရာတွင် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သာယာလှပစေရေး အတွက် သန့်ရှင်းရေးလုပ်ငန်းများကို မေ ၃၀ ရက် နံနက် ၈ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးစုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အထက (၂) ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ ဆရာမများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ကျောင်းအတွင်း၊ အပြင်သန့်ရှင်းရေးများ ပြုလုပ်ခြင်း၊ စာသင်ခန်းများပြင်ဆင်ခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေးအတွက် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိကျောင်းများ၌ ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများကိုအင်အား ၂၅၀ ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

**ကသာ**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသောပတ်ဝန်းကျင်၌ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် မေ ၃၀ ရက် နံနက် ၇ နာရီက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကသာမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးထက်ဝင်းဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဆရာ ဆရာမများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော စုစုပေါင်းအင်အား ၁၀၀ ခန့်တို့က ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**မိုးနဲ**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့၌ ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် အခြေခံပညာအထက်တန်းကျောင်း (တုန်ဟုန်း) ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၇ နာရီခန့်က နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ကျောင်းကော်မတီဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျောင်းအတွင်းရှိ ပေါင်းမြက်များ၊ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင် ရှင်းလင်းခြင်း၊စာသင်ခန်းအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ စာသင်ခုံများစီတန်းပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ပြင်ဆင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## လားရှိုး၌ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



**လားရှိုး မေ ၃၀**
ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ် (၁)အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ မေ ၂၈ ရက် နံနက် ၉ နာရီက ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပသည်။

ကျောင်းသုံးအခမဲ့ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ချိုဦးက ပေးအပ်ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း ) ပြည်နယ် ပညာရေးမှူးရုံးခွဲမှ ဆရာကြီး ဦးခင်မောင်ဌေးက လက်ခံရယူသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင်၂၀၂၁-၂၀၂၂ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ အတွက် ကျောင်းသုံးပုံနှိပ်စာအုပ် ၃၇၅၁၇၆ ဒါဇင်၊ ဗလာစာအုပ် ဒါဇင်ပေါင်း ၁၆၇၈၂၀၊ ခဲတံ ၉၉၉၈၆ ဒါဇင်၊ ဘောပင် ၁၉၅၆၅ ဒါဇင် ပေးအပ်ခဲ့ကြောင်း သိရပြီး လားရှိုးခရိုင်၌ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ အခြေခံပညာကျောင်းပေါင်း၉၆၅ ကျောင်းရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟားခါးမြို့၌ ချင်းပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



**ဟားခါး မေ ၃၀**
ချင်းပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဟားခါးမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံး တောင်ဇလပ်ခန်းမဆောင်၌ မေ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၃) ဦးကျော်ငြိမ်းက (၂၁) ရာစုခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် လူငယ်များအား မွေးထုတ်ပေးခြင်းဖြင့် လူမှုစီးပွားရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကာ ဆင်းရဲမွဲတေမှုကို လျှော့ချပြီး မိသားစုဝင်ငွေ မြင့်မားစေခြင်း၊ မိသားစုကျန်းမာရေးမြှင့်တင်ပေးခြင်း၊ လူမှုအဖွဲ့အစည်းများကို အားဖြည့်ပေးခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့စေခြင်းစသည့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်သည့်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကလေးများ အားလုံး ပညာရေးကို ကောင်းစွာတတ်မြောက်ပြီး ဆီလျော်မှုရှိသော သင်ယူမှုဆိုင်ရာတတ်ကျွမ်းမှုများကို ရရှိစေရေး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ပညာရေးမှူး ဦးဘီကူးဒူက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာ အောင်မြင့်ဦးက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်မှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပေးအပ်ခဲ့သည့် ပုံနှိပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ နှာခေါင်းစည်းနှင့် မျက်နှာအကာများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၃)နှင့် ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီမှ ဒုတိယဗိုလ်မှူးကြီး သက်နိုင်ဦးတို့က ပေးအပ်ကာ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ်တွင် အထက်တန်း အဆင့် ၁၁၄ ကျောင်း၊ အလယ်တန်းအဆင့် ၂၅၅ ကျောင်း၊ မူလတန်းအဆင့် ၄၀၆ ကျောင်း၊ စုစုပေါင်း ၇၇၅ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**သံဖြူဇရပ် မေ ၃၀**
မွန်ပြည်နယ် မော်လမြိုင်ခရိုင်သံဖြူဇရပ်မြို့နယ်၌ ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး (ပူးတွဲ) ဦးမြင့်ဦးက မြို့နယ်အတွင်းကျောင်းအပ်နှံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူသည်။

ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ ကျောင်းဆောက်လုပ်ရန်နှင့် ပရိဘောဂပစ္စည်းများအတွက် လှူဒါန်းငွေ စုစုပေါင်းကျပ် ၁၂၄၁၄၀၀၀ ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

# ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်တယ်

**နွမ်ဂျာသိုင်း**



**နွမ်ဂျာသိုင်း**

(၁၉၄၂ - ၂၀၂၀)

၁၉၄၂ ခုနှစ်တွင် သာစည်မြို့၌ မွေးဖွားသည်။ အမည်ရင်း ဝင်းမြင့်မောင် ဖြစ်သည်။ အဘ ဦးမြ၊ အမိ ဒေါ်မမကြီးဖြစ်၍ မွေးချင်းခုနစ်ယောက်အနက် သားအကြီးဆုံးဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် အ-ထ-က (၂) အင်းစိန်မှ အထက်တန်းအောင်မြင်ပြီး စက်မှုတက္ကသိုလ်တွင် လျှပ်စစ်အင်ဂျင်နီယာဘာသာရပ်ဖြင့် ပဉ္စမနှစ်အထိ သင်ကြားခဲ့သည်။ ထို့နောက် တက္ကသိုလ် စာပေးစာယူသင်တန်းမှ သိပ္ပံဘွဲ့ (ရူပဗေဒ) ရရှိ၍ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင် မဟာသိပ္ပံ (ရူပဗေဒ) နောက်ဆုံးနှစ် အပိုင်း(က)အထိ တက်ရောက်ခဲ့သည်။

၁၉၆၉ ခုနှစ်မှစ၍ **အဟိ၊ သင့်ဘဝ၊ တိုင်းရင်းမေ** စသော စာစောင်များတွင် ကဗျာနှင့် ဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် **ပါးကွက်ကြား နှင့် လပြည့်ဝန်း** ကဗျာလုံးချင်း ထုတ်ဝေ၍ ၁၉၇၉ ခုနှစ်တွင် **အချစ်ဆုံးသူ၏ အတ္ထုပ္ပတ္တိ** အမည်ရှိ ဝတ္ထုဖြင့် လုံးချင်းလောကသို့ ဝင်ရောက်ခဲ့သည်။ ယနေ့အထိ လုံးချင်းဝတ္ထုရှည် ပေါင်း (၉၇)အုပ် ရေးသားပြုစုခဲ့ပြီးဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟို အမှုဆောင် ကော်မတီဝင်အဖြစ်လည်းကောင်း ၂၀၁၂ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ)ဆု ရွေးချယ်ရေးအဖွဲ့ဝင်နှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဆရာနွမ်ဂျာသိုင်းသည် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၇ ရက် တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**နိဒါန်း**

ပြတင်းက ကြည့်သောအခါ ပတ်ချာလည်သည့် လောကကြီးကို မြင်ရသည်။ အနီးရှိ လမ်းအစပ်နှင့် လယ်မြေများက နောက်၌ ကျန်ခဲ့လျက် အဝေးမှ တောများ၊ တောင်များက မိုးကုပ်စက်ဝိုင်းနှင့်အတူ ရှေ့သို့ပြေးနေသည်။

ဇလီဖားတုံးနှင့် သံလမ်း၏ ခွင့်ပြုမှုပေါ် မူတည်ပြီး အတတ်နိုင်ဆုံး အလျင်အမြန်မောင်းနှင်နေသည့် ရထား၏အရှိန်ကြောင့် ပြတင်းမှလေများကလည်း တဟူးဟူး တိုးဝင်နေသည်။

လေကြောင့် ဆံပင်များလွင့်ခါနေသလို လေထဲတွင် တစ်ချက်တစ်ချက် ပါလာသော သဲများကြောင့်လည်း မျက်နှာတစ်ခုလုံးကျိန်းစပ်စပ်ဖြင့် ကြမ်းတမ်းနေ၏။ နေကျရာ၏ တစ်ဖက်ခြမ်းကို ရောက်နေသဖြင့် နေပူရောင်နှင့် တိုက်ရိုက် ထိမနေသော်လည်း ကျဲကျဲဖြူဖြူကြီးပူနေသည့် ဆောင်းနေ့လယ်ခင်း နေအရှိန်က အပူငွေ့အဖြစ် မျက်နှာကို လာဟပ်နေသည်။ တစ်ကိုယ်လုံးလည်း အိုက်စပ်စပ်နှင့် နုံးနေသည်။

ရထားတစ်တွဲလုံးလိုလိုလည်း ပျင်းရိငြီးငွေ့ဖွယ် ခရီးခြောက်ခြောက်ကပ်ကပ်ကြီး၏ နှိပ်စက်မှုကြောင့် ငိုက်သူငိုက်၊ အိပ်သူကအိပ် ဖြစ်နေကြပြီ။ သည်ကြားထဲ သက်သက်နှင့် တစ်ခုံကျော်မှ ဖွင့်ထားသော ခရီးဆောင်ရေဒီယိုမှလာနေသော သီချင်းကလည်း သီချင်းကြီးသံ။

သီချင်းကြီးထဲမှာမှ လောက၏ စိတ်ညစ်ညူးဖွယ်တို့ကို သတိပြုမိစေရန် သတိပေး စပ်ဆိုထားသော "နိဗ္ဗိန္ဒဘွဲ့" ဓမ္မဂီတ တေးဘုမ္မာသီချင်းကြီး။

" မြေ... ရေ... လေ... မီး ဓာတ်ကြီးအစုပါ။ လွန်တရာ မမြတ်သော အတ္တဘောခန္ဓာ၊ မုန်းဘွဲ့ မလွန်ပါ သုံးဆယ့်နှစ်ကောဋ္ဌာ၊ မုန်းဘွဲ့မလွန်ပါ သုံးဆယ်နှစ်ကောဋ္ဌာ၊ မိုက်မဲ အဝိဇ္ဇာ စိတ်တဏှာ အနိဋ္ဌာ၊ ဣဋ္ဌာရုံထင်မိမှာ၊ ကာယအပုပ်ကောင်ဟာ ဟုတ်ယောင်သာ ရုပ်ဆောင်စွာ၊ ချုပ်နှောင်ကာ သူလှည့်စား၊ တရားကွာ မှားရှာကြများသတ္တဝါ "

အဝေးသို့ ကြည့်နေသော သက်သက်၏ မျက်လုံးများ မှုန်မှေးသွားသည်။ သီချင်းထဲမှ စာသားလေးကို နှုတ်ကနေ ပြေအောင် ပြန်ရွတ်ကြည့်လိုက်၏။

"မိုက်မဲ. အဝိဇ္ဇာ.. စိတ်တဏှာ အနိဋ္ဌာ... ဣဋ္ဌာရုံထင်မိမှား ကာယအပုပ်ကောင်ဟာ အဟုတ်ယောင်သာ ရုပ်ဆောင်စွာ ချုပ်နှောင်ကာ သူလှည့်စား တရားကွာ... မှားရှာကြများသတ္တဝါ "

တေးဘုမ္မာသည် ပျင်းစရာကောင်းသော သီချင်းတစ်ပုဒ် အမှန်ဖြစ်သည်။ သို့သော် တော်ရုံ ဉာဏ်ဖြင့် မမြင်နိုင်သောလောက၏ မာယာကိုတော့ ကောင်းစွာထွင်းဖောက်ပေးနိုင်သော သီချင်းပါလားဟု သက်သက်ရင်ထဲကနေ မှတ်ချက်ချမိသည်။

မာယာ...။

သည်လောကကြီးသည် မာယာများလှသော လောကကြီးဖြစ်၏။ အဝိဇ္ဇာဆိုသော မသိမှု၊ အမိုက်မှောင်အမြင်တွင် အနိဋ္ဌာရုံများကလည်း ဣဋ္ဌာရုံဖြစ်နေသည်။ အမှန်တွေကလည်း မှားနေသည်။ အမှားကိုလည်း မှန်သည်ဟု မြင်ခဲ့ရသည်။ ထိုအမှားကြောင့်ပင် ရင်ထဲ၌ ထိခိုက်ကြေကွဲစရာကိစ္စတွေကလည်း ဆက်တိုက်ဖြစ်ပွားခဲ့ရသည်။

တွေးရင်းနှင့် သက်သက်မျက်လုံးများတွင် မျက်ရည်များ ရစ်ဝိုင်းလာ၏။

အမှား။ ဘဝတွင် ဆိုးဝါးခါးသီးစွာ မှားခဲ့မိသော အမှား။

"နင်အရမ်းမှားတယ် သက်သက်။ နင့်လောက်မိုက်တဲ့သူ လောကမှာ ရှိမှရှိသေးရဲ့လားတောင် မသိတော့ဘူး"

ကိုယ့်ကိုယ်ကိုယ် နင့်နင့်သီးသီးပင် ပြောချလိုက်သည်။

သို့သော် စိတ်ထဲကတော့ တစ်ခုခုကို သိနေပါသည်။ ထိုအသိမှာ တခြားမဟုတ်။ သူ့လို မှားခဲ့သူများ၊ မှားနေဆဲများ၊ မှားလုလုများ၊ မှားလတ္တံ့များ၊ သူ့လို မိန်းမသားလောကတွင် များပြားစွာ ရှိနေဦးမည်ဟု။

အဘယ်ကြောင့်ဆိုသော် သည်အမှားမျိုးက မိန်းမတစ်ယောက်မှသာ မှားနိုင်သလို မိန်းမသားများ အလကားနေရင်း မှားချင်စိတ်ပေါက်လာနိုင်သည့် အမှားလည်းဖြစ်သည်။ မိန်းမများ မှားရန်ဟု ပရိယာယ်ဝေဝုစ်များစွာဖြင့် လောကကြီးက ဆင်ထားသော ထောင်ချောက်ကြီးနှင့်လည်း တူသည်။

သက်သက်က မျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ်သိမ်းရင်း ကောင်းကင်ပြင်ကြီးကို လှမ်းကြည့်လိုက်သည်။ သည်ကောင်းကင်ကြီးသည် လောကကြီးတစ်ခုလုံးကို ဖုံးအုပ်ထားသည့် အမိုးမျက်နှာကြက်ကြီးဖြစ်၏။

ဖြစ်နိုင်လျှင် သူ့ဘဝတွင် ကြုံခဲ့ဆုံခဲ့ရသည့် အဖြစ်အပျက်များအားလုံးကို ထိုအမိုးမျက်နှာကြက်ကြီးပေါ်တွင် လှည့်လည်သွားလာနေသည့် နေမင်းကြီးပေါ်၌ ထင်ရှားသော စာလုံးကြီးများဖြင့် ရေးပြထားလိုက်ချင်၏။

ထိုစာလုံးများကို ကမ္ဘာမြေပြင်ပေါ်ရှိ မိန်းမများအားလုံး တစ်ယောက်မကျန် ဖတ်ရှုလိုက်စေချင်သည်။

သူ့ဘဝ စာသားများကို မိန်းမသားများ ဖတ်မိပါလျှင် မှားပြီးသူများအတွက် သင့်တော်ရုံသာ အကျိုးသက်ရောက်မှုရှိနိုင်သော်လည်း မှားခါနီး၊ မှားအံ့ဆဲဆဲနှင့် လုံးဝမမှားဖူးသေးသည့် မိန်းကလေးများအတွက်မူ အမှားနှင့်အတူ သူတို့ ကြုံတွေ့လာရမည့် စိတ်ဒုက္ခစိတ်သောကများမှကယ်တင်သင့်သလောက် ကယ်တင်နိုင်ပေလိမ့်မည်။

ဖြစ်နိုင်လျှင် ထိုစာသားများသည် ကမ္ဘာလောကကြီး တည်နေသရွေ့ မပျောက်ပျက်သော ကပ္ပဋ္ဌိတိ တစ်ခုအတွက် နောက်ထပ် ဤကမ္ဘာပေါ်ရောက်လာမည့် မိန်းမအတွက် တည်တံ့စေချင်သေးသည်။

မဖတ်ရ မဖတ်ရသည့်တိုင် ဖတ်သူတစ်ယောက် တလေရှိ၍ ထိုတစ်ယောက်တလေသည် ထိုစာများမှတစ်ဆင့် သက်သက်စေတနာလေးကို သိသွားရလျှင် သက်သက်ကို ပြစ်တင်ရှုတ်ချ မုန်းတီးသွားကောင်း မုန်းတီးသွားမည်ဖြစ်သော်လည်း သူ့ဘဝအတွက် သင်ခန်းစာတစ်ခုကိုမူ ထိုဖတ်သူ မလွဲမသွေ ရရှိသွားနိုင်မှာ သေချာပေသည်။

သို့သော် သက်သက် စာရေးဆရာမဟုတ်။

စာရေးခြင်းအတတ်ပညာကို မသင်ယူ မဆည်းပူး မလေ့ကျင့်မိခြင်းအတွက် သက်သက် အရမ်းနောင်တရသည်။

ထိုအဖြစ်အပျက်များကို စာရေးတတ်သူတစ်ယောက်ယောက်အား အလုံးစုံဖွင့်ပြောပြလိုက်ချင်နေ၏။

x x x x x

**အပိုင်း(၁)**

- ၁ -

သက်သက်သည် စာရေးတတ်သူ မဟုတ်။

သို့အတွက် အဖြစ်အပျက်တစ်ခုကို ဝတ္ထုတစ်ပုဒ်အဖြစ် ရေးမည်ဖြစ်ဆိုလျှင် ဖတ်သူ၏စိတ်၌ ကြည်နူးစွဲမက်ဖွယ်ဖြစ်အောင်မည်သို့ စတင်ရေးသားရမည်ဆိုသည်ကို လုံးဝမသိ။

လွမ်းဆွတ်ဆွေးမြည့်ဖွယ်ကောင်းသည့် ရာသီဥတုအလှရှုခင်းလေးက စတင်ရမည်လား။ သစ်ရွက်ကလေး ကြွေကျခြင်း၊ ငှက်ကလေးတစ်ကောင် အဝေးသို့ ပျံသွားခြင်း၊ နှင်းမှုန်လေးများ ဝေနေခြင်း၊ နေရောင်လေးများ ဖြာကျနေခြင်း စသည်တို့ဖြင့် ဝတ္ထုလေးကို ဖွင့်ရမည်လား မဝေခွဲတတ်။

သို့သော် အဖြစ်အပျက်ကို အဖြစ်အပျက် သက်သက်အနေနှင့် ပြောမည်ဆိုသည့်တိုင် ထိုပင်မ အဖြစ်အပျက်အကြောင်း စတင်မပြောခင် ပဏာမ ခြေဆင်းအဖြစ်ဖြင့် ထိုအဖြစ်အပျက်များမတိုင်ခင် သမိုင်းဦးကာလ ဘဝအကြောင်းလေးကိုတော့ သက်သက် စ၍ပြောချင်သည်။

အဘယ်ကြောင့်ဆိုသော် ဘာမှ ထူးထူးခြားခြား မဟုတ်သည့်တိုင် ထိုအကြောင်းလေးသည် ဤ အဖြစ်အပျက်ကြီးတွင် အသင့်အတင့်အရေးပါ အရေးကြီးသောကိစ္စတစ်ခု ဖြစ်နေသောကြောင့်ပင်။

များသောအားဖြင့် မိန်းကလေးတစ်ယောက် (သို့မဟုတ်) လူတစ်ယောက် အမှားတစ်ခုကို ကျူးလွန်မိပြီဆိုလျှင် ထိုမိန်းကလေး (သို့မဟုတ်) ထိုလူ၏ အသိဉာဏ်နှင့် ပညာကို ဦးစွာအပြစ်တင်သည်မှာ လူတိုင်း၏အကျင့်ပင် ဖြစ်နေတတ်သည်။

ကိုယ်ကိုယ်တိုင် အမှားများစွာ ကျူးလွန်ဖူးနေပါလျက် အခြားသူတစ်ဦး မှားပြီဆိုသည်နှင့် လူတိုင်းလိုလိုသည်

" ဟယ်... မိုက်လိုက်တာ..."

" အို... ဒီလောက်တောင် အသုံးမကျရသလား။ နည်းနည်းပါးပါးတောင် ခေါင်းထဲ မစဉ်းစားတတ်တော့ဘူးလား....."

စသော စကားများကို အလွယ်တကူပင်ပြောမိလိုက်ကြသည်။မှားသူက မှားပြီမို့ အပြစ်တင်သည်ကို မှားသည်ဟု မပြောချင်သော်လည်း ထိုအပြစ်တင်သူများသည် လူတိုင်းလုပ်သင့်လျက် လူတိုင်းလုပ်ရန်မေ့နေသော အလုပ်တစ်ခုကိုမူ လုပ်ဖြစ်အောင်လုပ်ပါဟု တိုက်တွန်းချင်သည်။

ထိုအလုပ်မှာ တခြားမဟုတ်။

သူဘာကြောင့် မှားသလဲ။ သူလည်း အမှားမှန်းသိရင်တော့ သိသိကြီးနဲ့ ပေးမှားမှာမဟုတ်ဘူး။ ဒါမှမဟုတ် မှားမှန်းသိလျက်နဲ့ ဇွတ်မှားရင်လည်း အကြောင်းတစ်ခုခုတော့ ရှိရမယ်။ အဲဒီအကြောင်းဟာ ဘာအကြောင်းလဲဆိုသော ကိစ္စများကို စူးစမ်းသင့်သောအချက်ပင်ဖြစ်သည်။

အပြစ်တင်ရုံသက်သက်ဖြင့် အပြစ်တင်သူမှာ ဘာမှမထူးခြားတတ်။ စူးစမ်းခြင်းဖြင့်သာ စူးစမ်းသူ၌ အဖိုးတန် အသိတစ်ခုခု ရလာတတ်သည်။

အနီးဆုံး ဥပမာပေးရလျှင် ယခုသက်သက်၏ အဖြစ်၌ပင် ဤအခြင်းအရာကို တွေ့နိုင်သည်။ သက်သက်သည် ဘဝတွင် သွက်သွက်လည်အောင် မှားခဲ့သူဖြစ်သည်ဟု ဆိုနိုင်သည်။ သို့အတွက် သက်သက်ကို မိုက်လိုက်တာ၊ အသိဉာဏ်မရှိလိုက်တာဟုလည်း အပြစ်တင်နိုင်ပါသည်။

သို့သော် ထိုအမှားကို မမှားခင်နှင့် မှားပြီးသည့်တိုင် သက်သက် လုံးဝမမိုက်ခဲ့။ သက်သက်မှာ အသိဉာဏ်မမဲ့ခဲ့။ စင်စစ် သက်သက်သည် အလွန်စဉ်းစားတတ် ၍ အလွန်လိမ္မာသော မိန်းကလေး တစ်ယောက်သာဖြစ်ခဲ့ပါ၏။

"ကောင်လေးက မဆိုးပါဘူး သက်သက်ရယ်။ ရုပ်ကလေးကလည်းချော၊ သဘောကလည်း ကောင်းပုံရတာပဲ။ သူ့မိဘတွေကလည်း အတော် အဆင့်မြင့်မြင့်တွေထဲကပဲ မဟုတ်လား.."

စားပွဲပေါ်တွင် မဖောက်ဘဲ ပစ်တင်ထားသော စာအိတ်ထပ်လေးများကို ကြည့်ရင်း မမဆွေက လေသံအေးအေးဖြင့် ပြောသည်။ သက်သက် ခေါင်းညိတ်ရင်း

"ဟုတ်တယ် မမဆွေ၊ သူ့အခြေအနေက မမဆွေပြောသလိုပဲ။ ဘယ်ဘက်ကမှ ချွတ်ယွင်းချက် သိပ်မရှိသလိုဘဲ။ ဒါပေမယ့် သက်သက် စိတ်မျိုးနဲ့ကျတော့ သူ့ကိုဘယ်လိုမှ အမှတ်ပေးလို့ မရဘူးဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ရုပ်ချောတာနဲ့ သဘောကောင်းတာပဲရှိတယ် မမဆွေ။ ရာထူးကြီးကြီး၊ ချမ်းချမ်းသာသာ မိဘတွေက ရွှေလို ဥထားတဲ့ တစ်ဦးတည်းသောသားပီပီ ကိုယ်ပိုင်အစွမ်းအစကျတော့ ဘာမှရှိတာ မဟုတ်ဘူး "

စာမျက်နှာ ၂၄ သို့ ✪

❂ စာမျက်နှာ ၂၃ မှ

“ဪ ဒါကတော့ အခုချိန်မှာ သူက ကျောင်းသားပဲရှိသေးတာ သက်သက်ရယ်။ ဒီလောက်ပဲ အစွမ်းအစရှိဦးမှာပေါ့ ”

သက်သက် ရယ်သည်။

“ယောက်ျားတစ်ယောက်ရဲ့ လူစွမ်းလူစဟာ ကျောင်းသားဘဝမှမဟုတ်ဘူး။ ကလေးဘဝကတည်းက သိသာပါတယ် မမရယ်။ ဒီပုံစံမျိုးက နောင်လည်း ဒီအတိုင်းပဲ ဖြစ်နေမှာပါ။ ဒါကလည်း ဒါပေါ့လေ။ နောက်တစ်ခုက သက်သက် အခုချိန်မှာ ဒီကိစ္စတွေ သိပ်ပြီးစိတ်မဝင်စားချင်သေးဘူး။ ဘွဲ့မရခင်မှာ စိတ်ဖြောင့်ဖြောင့်နဲ့ စာထဲပဲ စိတ်ဝင်စား နေချင်သေးတယ်”

မမဆွေက ဘာမှဆက်မပြောတော့ဘဲ ခေါင်းညိတ်သည်။ ပြီးမှတစ်ချက်ရယ်၍ စားပွဲပေါ်မှ စာအိတ်လေးတစ်ထပ်ကို ကောက်ယူကြည့်ရင်း

“ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ သက်သက်က မမဆွေထင်တာထက်တောင် အများကြီးလိမ္မာပါတယ်။ မမဆွေကလည်း ဘာရယ်မဟုတ်ပါဘူး။ ဒီကောင်လေးက သက်သက်ကို အနွံအတာအရမ်းခံပြီး ဇွဲကောင်းကောင်းနဲ့ လိုက်နေလွန်းလို့ သနားသွားပြီး သူ့ဘက်ကနေ ရှေ့နေလိုက်ပေးကြည့်တာပါ။ မမဆွေ အောင်သွယ်လုပ်တာ မဟုတ်ဘူးနော် ”

သက်သက်က ပေါ့ပေါ့ပါးပါးရယ်လျက် –

“ဟုတ်ပါတယ် မမဆွေရဲ့၊ သက်သက် သိပါတယ်။ သူကလည်း သနားစရာကောင်းလောက်အောင်ကို လုပ်ပြနေတာ မဟုတ်လား။ ရေးလိုက်ရတဲ့ စာကလည်း နေ့တိုင်းလိုလို၊ လူချင်းလာတွေ့နေတဲ့ကြားက ရောင်းစားရင် သူဌေးဖြစ်လောက်အောင်ကို အပတ်စဉ်စာတွေ ပို့နေတာပဲ”

“အေးလေ။ အဲဒါတွေလည်း သက်သက် တစ်စောင်မှ မဖတ်ဘူးမဟုတ်လား”

“ရှေ့ပိုင်းတစ်စောင်၊ နှစ်စောင်တုန်းကတော့ ဖတ်ပါသေးတယ်။ မထူးပါဘူး မမရယ်၊ ဒါတွေပါပဲ။ သက်သက်က သူ့ကိုပြန်ချစ်ဖို့အကြောင်းနဲ့ သက်သက်ဆီက အချစ်ကိုပြန်မရရင် သူ့ဘဝမှာ ဘာမှအဓိပ္ပာယ်မရှိတော့တဲ့ အကြောင်းတွေပါပဲ”

မမဆွေက ရယ်သည်။ စာထပ်လေးများ၏ တစ်ဖက်တွင် ထပ်၍တင်ထားသော စာအုပ်များကို ကြည့်ရင်း၊ သက်သက် သည့်မျှရင့်ကျက်နေခြင်းမှာ သည် စာအုပ်တွေ ဖတ်ထားခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်ရမည်ဟုလည်း မှတ်ချက်ချလိုက်၏။

ထိုအချိန်က သက်သက် စီးပွားရေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်ကျောင်းသူဖြစ်နေပေပြီ။ သို့သော် ဆယ့်ခြောက်နှစ်မပြည့်ခင် ကျောင်းအုပ်ဆရာမကြီး၏ ထောက်ခံချက်ဖြင့် ဆယ်တန်းဖြေခွင့်ရကာ အောင်လာသူမို့ သက်သက်၏အသက် ၁၉ နှစ်ပဲ ရှိသေးသည်။

မိဘများက စစ်ကိုင်းမှာ နေကြသည်မို့ သက်သက် အဆောင်ကျောင်းသူအဖြစ် တက္ကသိုလ်မှာ တက်ရသည်။ မမဆွေ (ခေါ်) ခင်မြင့်ဆွေက သက်သက်၏ အခန်းဖော်။ ဆယ်တန်းမှာကျတာနှင့် ဘာနှင့်မို့ အတန်းတူသော်လည်း ခင်မြင့်ဆွေက သက်သက်ထက် အသက် နှစ်နှစ်ကျော်ကျော် အသက်ကြီးသည်။

ပထမနှစ်ကတည်းက ခင်လာသူများမို့ သက်သက်အကြောင်းကိုလည်း ခင်မြင့်ဆွေ “က”မှ “အ” အထိနီးပါး သိနေသည်။ တက္ကသိုလ်သက်တမ်း လေးနှစ်အတွင်းမှာ ခင်မြင့်ဆွေတွင် ရည်းစား သက်တမ်းနှစ်နှစ်ပြည့်သွားသည့်တိုင် ငယ်သူသက်သက်က အခုအချိန်အထိ ကလေးတစ်ယောက်ပမာ သန့်စင်နေသေးသည်။

သို့သော် အလှတွင်လည်း သက်သက်က သာသလို လိုက်သူမှာလည်း သက်သက်ကများသည်။ သည်ကြားထဲက သက်သက်၏ အလိမ္မာနှင့် သက်သက်၏ ဣန္ဒြေကို ခင်မြင့်ဆွေ မကြာခဏ အောချအံ့သြရလေ့ရှိသည်။

ခုစားပွဲပေါ်တွင် စာထပ်များပြသနာမျိုးကလည်း သည်တစ်ခါသာ ဖြစ်ဖူးသည်မဟုတ်။ ပထမနှစ်ကပင် အကြိမ်ကြိမ်ကြုံခဲ့ဖူးပြီးသား။

သက်သက်၏ ကျောင်းနေဘဝလေးသည် လှပ၍ ချစ်စရာကောင်း၏။

(ဆက်လက်ဖော်ပြပါမည်)

**✻ သူဘာကြောင့် မှားသလဲ။ သူလည်း အမှားမှန်းသိရင်တော့ သိသိကြီးနဲ့ ပေးမှားမှာမဟုတ်ဘူး။ ဒါမှမဟုတ် မှားမှန်းသိလျက်နဲ့ ဇွတ်မှားရင်လည်း အကြောင်းတစ်ခုခုတော့ ရှိရမယ်။ အဲဒီအကြောင်းဟာ ဘာအကြောင်းလဲ ဆိုသောကိစ္စများကို စူးစမ်းသင့်သောအချက်ပင်ဖြစ်။**

**✻ အပြစ်တင်ရုံသက်သက်ဖြင့် အပြစ်တင်သူမှာ ဘာမှမထူးခြားတတ်။ စူးစမ်းခြင်းဖြင့်သာ စူးစမ်းသူ၌ အဖိုးတန်အသိ တစ်ခုခုရလာတတ်။**

(ဆရာနွမ်ဂျာသိုင်း၏ “ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်” စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)

## ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ဘာတွေကို လိုက်နာဆောင်ရွက်ရမလဲ ?

- ❖ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု (၈) ကြိမ် ခံယူရပါမည်။ (ကိုယ်ဝန် (၃) လအတွင်း စောနိုင်သမျှ စောစောတွင် ပထမအကြိမ်၊ ကိုယ်ဝန် (၅) လနှင့် ကိုယ်ဝန် (၆) လတွင် ဒုတိယနှင့် တတိယအကြိမ်၊ ကိုယ်ဝန် (၇) လတွင် စတုတ္ထအကြိမ်၊ ကိုယ်ဝန် (၈) လမှ ကလေးမွေးဖွားသည့်အချိန်အထိ နှစ်ပတ် တစ်ကြိမ်ဖြင့် ပဉ္စမမှ အဋ္ဌမအကြိမ်အထိ)
- ❖ သံဓာတ်နှင့် ဖောလစ်ဓာတ်ပါသော အားဆေးကို နေ့စဉ် တစ်နေ့ (၁) လုံး မှန်မှန်သောက်ပါ။
- ❖ မေးခိုင်၊ ဆုံဆို့နာ ကာကွယ်ဆေးကို ထိုးရမည့်အကြိမ်အရေအတွက်အတိုင်း ထိုးပါ။
- ❖ လုံလောက်စွာ အိပ်စက်အနားယူပါ။
- ❖ သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှု လုပ်ပါ။
- ❖ ဆေးလိပ်၊ အရက် သောက်သုံးခြင်း၊ ကွမ်းစားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို လုံးဝ (လုံးဝ)ရှောင်ရှားပါ။
- ❖ မွေးဖွားမည့်အစီအစဉ် ကြိုတင်စီစဉ်ထားပါ။ (မွေးဖွားမည့်ရက်၊ မွေးဖွားမည့်နေရာ၊ မွေးဖွားပေးမည့်သူ၊ အရေးပေါ်အခြေအနေတွင် သွားရောက်မည့် ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာန၊ အဆိုပါနေရာသို့ သွားရောက်ရန် သယ်ယူပို့ဆောင်မှု စသည်ဖြင့်)
- ❖ ကိုယ်ဝန်ဆောင်နေစဉ် အောက်ဖော်ပြပါ လက္ခဏာများ ဖြစ်ပေါ်လာပါက ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနများသို့ ချက်ချင်းသွားရပါမည်။
    - မိန်းမကိုယ်မှ သွေးဆင်းခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း
    - ခေါင်းပြင်းထန်စွာကိုက်ပြီး အမြင်မှုန်ဝါးခြင်း
    - အန်ခြင်း၊ ရင်ညွန့် (သို့) ညာဘက်နံရိုးအောက် အောင့်ခြင်း
    - ဝမ်းဗိုက်အလွန်အမင်း ဆက်တိုက်နာခြင်း
    - ဖျားပြီးအိပ်ရာမှ မထနိုင်လောက်အောင် အားနည်းခြင်း
    - အသက်ရှူမြန်ခြင်း၊ အသက်ရှူခက်ခြင်း
    - ကလေးလှုပ်ရှားမှုနည်းခြင်း

**မိခင်နှင့်ကလေးကျန်းမာစေရန် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းနှင့် ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုကို စောနိုင်သမျှစောစောနှင့် (၈)ကြိမ် အချိန်မှန်၊ အကြိမ်ပြည့် စောင့်ရှောက်မှုခံယူပါ။ ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ ချက်ချင်း သွားရောက်ရမည့် အထက်ဖော်ပြပါ လက္ခဏာတစ်ခုခု ဖြစ်ပါက ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ ချက်ချင်းသွားရောက်ပါ။**

Reference: Maternal and reproductive health program (3.7.2020)

## မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်ပြီး ဘာတွေသိထားသင့်သလဲ?

- ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး ***(Vibrio cholerae)*** ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပါသည်။
- ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။
- ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/ အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက်စသည်တို့မှတစ်ဆင့် အစားအစာ/ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ – မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- ရောဂါပိုးသည် ကူးစက်ခံရသူ၏ အူအတွင်းတွင် enterotoxin ဟုခေါ်သော အဆိပ်ဓာတ်အား ထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့် ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာ ဆုံးရှုံးစေ၍ အသက်သေဆုံးသည်အထိ ရောဂါလက္ခဏာများ ပြင်းထန်စွာခံစားရနိုင်ပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ ကြုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/ လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ** – အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် အိမ်သာမှ ဆင်းချိန်တိုင်းတို့တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။ ရေကိုကျိုချက်၍ သောက်သုံးပါ။ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးပါ။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ။ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ)ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။**



မျက်တွင်းချိုင့်ဝင်ခြင်း



အရေပြား၏ ကြုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း

# အောင်မြင်မှုအတွက် အသေးအဖွဲကစ၍ ဂရုစိုက်ဖြေရှင်းပါ

နွေဦးမောင်

လူတိုင်းသည် မိမိတို့ ဆောင်ရွက်ခဲ့သမျှ လုပ်ဆောင်မှုတိုင်းအတွက် ထိုက်တန်သောအောင်မြင်မှုကို ရယူလိုကြသည်။ လူအများစုသည် ထိုအောင်မြင်မှုများကို အလွယ်ကူဆုံးနည်းဖြင့် ရယူလိုကြသည်။ အောင်မြင်မှု ဆိုသည်ကို အလွယ်တကူရယူနိုင်သော ဆုလာဘ်တစ်ခုဟုလည်း ထင်မှတ်နေတတ်ကြသည်။ ထိုမျှသာမက အောင်မြင်မှုရရှိနေသော အခြားသူများကိုကြည့်ပြီး ထိုသူများအနေဖြင့် အရာရာတွင် အလွယ်တကူဖြင့် အောင်မြင်မှု ရရှိနိုင်ကြသည်ဟု ထင်မှတ်မှားတတ်ကြသည်။

**ပေးဆပ်မှုအရင်းအနှီးကြီးမား**

စင်စစ်အောင်မြင်သူတစ်ဦး ဖြစ်လာစေရန် နှစ်ပေါင်းများစွာ ပင်ပန်းခက်ခဲမှုများကို ရင်ဆိုင်ကျော်လွှားရင်း လေ့ကျင့်ကြိုးစားခဲ့ကြရသည်ကိုမူ သိရှိနိုင်သူ နည်းပါးလှပါသည်။ တစ်ပါးသူတစ်ဦး၏ အောင်မြင်မှု ကန့်လန့်ကာနောက်ကွယ်တွင် မည်မျှ အချိန်ကုန်ဆုံးပြီး ရင်းနှီးမြှုပ်နှံခဲ့ကြရသည်ကို သိရှိနိုင်ရန် ခက်ခဲလှပါသည်။ လက်ရှိကာလတွင် အောင်မြင်မှုတစ်ခု ရရှိရန်အတွက် အတိတ်ကာလက အောက်ခြေတာဝန်များကို ကျေကျေပွန်ပွန် ဆောင်ရွက်ပြီး အောက်သက်ကျေစေရန် ကိုယ်စိတ်အပင်ပန်းခံ အဆင်းရဲခံခဲ့ကြရသည်ကို မည်သူမျှ မသိနိုင်ကြပါ။ အောင်မြင်မှုတစ်ခုကို အပြုံးနှင့် အောင်ပွဲခံရယူနေချိန်တွင် ထိုကာလမတိုင်မီက ပေးဆပ်မှုအရင်းအနှီးကြီးမားခဲ့သည်ကို မသိနိုင်ကြပါ။

> **စင်စစ်အောင်မြင်နေသူအများစု၏ ဘဝအစတို့သည် ခါးသီးခက်ထန်ခဲ့ကြသည်။ သူတို့သည် အောက်ခြေဘဝတွင် အချိန်များစွာကုန်ဆုံးကြရသည်။ နောက်လိုက်ဘဝတွင် ခံစားမှုတို့ကို မျိုသိပ်လျက် သူတစ်ပါးစိတ်၏ အလိုအကျအတိုင်း လှုပ်ရှားရုန်းကန်ခဲ့ကြရသည်။ ထိုကာလများအတွင်း သူတို့သည် အရာရာတွင် အသေးအဖွဲကစပြီး လေ့ကျင့်မှတ်သားခဲ့ကြရသည်။ သို့အတွက် ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ပင်ပန်းမှု၊ ခက်ခဲမှု၊ ခါးသီးမှုများကို အံကြိတ်ဖြတ်ကျော်ခဲ့ကြရသည်။ အကြောင်းမှာ ထိုအသေးအဖွဲလေးများသည် ကြီးမားသော ပြဿနာကြီးများ ဖြစ်ပေါ်တတ်သည်ကို နားလည်သဘောပေါက်နိုင်စွမ်းရှိသောကြောင့် ကြိုတင်အပင်ပန်းခံ ကာကွယ်ခဲ့ကြရခြင်းဖြစ်။**

စင်စစ်အောင်မြင်နေသူအများစု၏ ဘဝအစတို့သည် ခါးသီးခက်ထန်ခဲ့ကြသည်။ သူတို့သည် အောက်ခြေဘဝတွင် အချိန်များစွာ ကုန်ဆုံးကြရသည်။ နောက်လိုက်ဘဝတွင် ခံစားမှုတို့ကို မျိုသိပ်လျက် သူတစ်ပါးစိတ်၏ အလိုအကျအတိုင်း လှုပ်ရှားရုန်းကန်ခဲ့ကြရသည်။ ထိုကာလများအတွင်း သူတို့သည် အရာရာတွင် အသေးအဖွဲကစပြီး လေ့ကျင့်မှတ်သားခဲ့ကြရသည်။ သို့အတွက် ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ပင်ပန်းမှု၊ ခက်ခဲမှု၊ ခါးသီးမှုများကို အံကြိတ်ဖြတ်ကျော်ခဲ့ကြရသည်။ အကြောင်းမှာ ထိုအသေးအဖွဲလေးများသည် ကြီးမားသော ပြဿနာကြီးများ ဖြစ်ပေါ်တတ်သည်ကို နားလည်သဘောပေါက်နိုင်စွမ်းရှိသောကြောင့် ကြိုတင်အပင်ပန်းခံ ကာကွယ်ခဲ့ကြရခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့်လည်း နောက်လိုက်ငယ်သားဘဝတွင် ပြဿနာအသေးအဖွဲများကို စတင်ဖြေရှင်းလေ့ကျင့်ခြင်းဖြင့် အတွေ့အကြုံ ရင့်ကျက်လာသောတစ်ချိန်တွင် ပိုမိုကြီးမားသော အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း ရှိစေခြင်းကြောင့် ဖြစ်သည်။ ပြဿနာအသေးအဖွဲများကို အောက်သက်ကျေစွာ ဖြေရှင်းခဲ့သောကြောင့် ပြဿနာ၏ သဘောသဘာဝ၊ အခက်အခဲများ၏ အနေအထားကို လျင်မြန်စွာ အကဲခတ်ဖြေရှင်းနိုင်စွမ်းဟူသည့် အကျိုးရလဒ်စွမ်းရည်ကို ရရှိနိုင်ခဲ့ကြပါသည်။

ထို့ကြောင့် အောင်မြင်မှုကို ရယူလိုသူတိုင်း ခုရေတွင်းတူး ခုရေကြည်သောက်အဆင့်ကို ရရှိနိုင်မည် မဟုတ်သည့်အပြင် အကြောင်းများစွာကြောင့် ထိုသို့ရရှိသွားပါကလည်း အခြေခံတာဝန်များကို နားမလည်၊ အသေးအဖွဲ ပြဿနာများကို မဖြေရှင်းနိုင်၊ အောက်ခြေသဘောတရားများကို မသိရှိသောကြောင့် အောက်သက်မကျေ အောက်ခြေမခိုင် ယိမ်းယိုင်ပြိုလဲတတ်သည်ကို သတိထားကြရပါမည်။ ရင်ဆိုင်ဖြေရှင်းစရာ အကြောင်းကိစ္စကို တွေ့ကြုံလာရသောအခါ ထိုက်တန်သောအတွေ့အကြုံ အရည်အချင်း မပြည့်စုံခဲ့သော် တွေ့ကြုံရသည့် အခက်အခဲသည် နှစ်ဆတိုးများပြားလာတတ်သည်ကို နားလည်သဘောပေါက်ကြရပါမည်။ အကြောင်းအရာတစ်ခု၊ ပြဿနာတစ်ခု၏အတွင်းသဘောကို ကျကျနန လေ့လာသိရှိထားနိုင်မှသာ လုပသေသပ်သော ဖြေရှင်းမှုအတွေ့အကြုံကောင်းများရရှိပြီး ဘဝတစ်လျှောက် နောင်အရှည်သဖြင့် အောင်မြင်မှုများ ရရှိနိုင်ပါလိမ့်မည်။

**စေ့စပ်သေချာတိကျခြင်းသာဖြစ်**

အသေးအဖွဲ အတိုက်အခိုက်များကို တုံ့ပြန်မှုမပြုဘဲ ဂရုစိုက်ဆင်ခြင်ရှောင်ရှားခြင်း၊ လိုအပ်သလို ဖြေရှင်းခြင်းပြုသူများကို ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ပေါ့ရှုပ်ရှုပ် နေထိုင်တွေးခေါ်တတ်သူများက ဇီဇာကြောင်သူများအဖြစ် သတ်မှတ်တတ်ကြပါသည်။ စင်စစ်ဇီဇာကြောင်ခြင်းမဟုတ်ဘဲ အရာရာတွင် စေ့စပ်သေချာတိကျခြင်းသာဖြစ်ပြီး နောင်တစ်ချိန်တွင် အောင်မြင်မှုရရှိသူချင်း အတူတူတွင်ပင် စေ့စပ်သေချာသူများက လုပသပ်ရပ်သော အောင်မြင်မှုကို ရရှိသွားနိုင်ခြင်းက သက်သေခံနေတတ်ပါသည်။ ထို့ကြောင့် မိမိတို့ကျင်လည်ကျက်စားနေသည့် ဝန်းကျင်အလိုက် ဆောင်ရွက်မှုတိုင်းတွင် အောင်မြင်ပြီးမြောက်မှုကို ရရှိပိုင်နိုင်စေရန် လျှောက်လှမ်းရမည့် လမ်းကြောင်းကို ရွေးချယ်ထားကြရန်လိုပါသည်။ အကယ်၍ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကို မခံနိုင်သောကြောင့် မှန်ကန်သောလမ်းကြောင်းကို သွေဖည်ခဲ့ပါလျှင် မိမိကိုယ်တိုင်သာ ဆုံးရှုံးမှုကို ကြုံတွေ့ကြရပါလိမ့်မည်။

အသေးအဖွဲ ကိစ္စလေးများကို အရေးတယူ ဆောင်ရွက်ရခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ လူ့ဘောင်လောကကြီးတွင် အသေးအဖွဲပြဿနာလေးများ ဆက်စပ်စုပေါင်းမိသောအခါ တားမရဆီးမနိုင်သော ဖြေရှင်းရန်ခက်ခဲသည့် ပြဿနာကြီးများ ဖြစ်သွားတတ်ပါသည်။ ထို့ကြောင့် မြန်မာစကားပုံတွင် အမှိုက်ကစ ပြာသာဒ် မီးလောင်ဟူသော စကားပုံပေါ်ပေါက်လာရပါသည်။ မထင်မှတ်သော အောက်ခြေပြဿနာ အသေးအဖွဲလေးက ဆိုးကျိုးသက်ရောက်မှု ပြင်းထန်သောပြဿနာကြီးများ ဖြစ်ပေါ်လာတတ်ပါသည်။ အရာရာတိုင်းတွင် အသေးအဖွဲကိစ္စလေးများဖြေရှင်းခြင်း အရေးကြီးပုံကို သိရှိနားလည် သဘောပေါက်ထားသောသူများသည် ဖြေရှင်းမှုနည်းလမ်းကို ရှာဖွေနိုင်စွမ်းရှိပြီး အောင်မြင်မှုပန်းတိုင်ကို သေချာပေါက် လှမ်းကိုင်နိုင်မည်မှာ မလွဲပါ။

၁၉၇၇ ခုနှစ်တွင် ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် ပုံပြင်စာအုပ်တစ်အုပ်ကို ထိုစဉ်က မြဝတီမဂ္ဂဇင်းတိုက်က ထုတ်ဝေခဲ့ပါသည်။ ထိုပုံပြင်စာအုပ်တွင် အသေးအဖွဲကိစ္စလေးများနှင့်ပတ်သက်ပြီး ပြဿနာငယ်လေးများသည် ပြဿနာကြီးများ ဖြစ်ပေါ်တတ်ခြင်း၏ အခြေခံအကြောင်းတရားဖြစ်ပုံကို နေမင်းထွန်း ဘာသာပြန်ရေးဖွဲ့သည့် အိန္ဒိယရိုးရာ ပုံပြင်တစ်ပုဒ်ဖြစ်သော “ဒုက္ခပေးတတ်သော အသေးအဖွဲကိစ္စလေးများ” ပုံပြင်တွင် ဖတ်ရှုနိုင်ပါသည်။

ပုံပြင်က တင်ပြထားသည်မှာ တစ်ရံရောအခါက အိန္ဒိယနိုင်ငံတွင် ဗာလာဟိတ်အမည်ရှိသော ဘုရင်ကြီးတစ်ပါးရှိပြီး အမတ်ကြီးဆစ်ဆာသည် ဘုရင်ကြီးထံတွင် ခစားခဲ့သည်။ တစ်နေ့တွင် အခြားသောအမတ်များ၏ ကုန်းချောမှုကြောင့် ဘုရင်ကြီးသည် မတတ်သာဘဲ ဆစ်ဆာကို ခက်ခဲသောအလုပ်တစ်ခုကို အောင်မြင်စွာဆောင်ရွက်ရန် စေခိုင်းခဲ့ရပြီး မဆောင်ရွက်နိုင်ပါက အပြစ်ဒဏ်ပေးမည်ဟု မိန့်မှာခဲ့ရသည်။ သို့သော်ဆစ်ဆာသည် အမိန့်ကိုခံယူပြီး အချိန်တစ်လတောင်းယူကာ နန်းတော်မှထွက်ခွာလျက် ကျေးလက်တွင် ဆောင်ရွက်စရာများဆောင်ရွက်ခဲ့သည်။ မနာလိုသူများက ဘုရင်ကြီးအား ဆစ်ဆာသည် စေခိုင်းသည်ကို မလုပ်ဘဲ အရုပ်လေးများ ထုလုပ်ရင်း ရွာသားများပြောပြသည့် သူတို့၏ မကျေနပ်ချက်များကို နားထောင်နေကြောင်း လျှောက်တင်ကြသည်။ သို့သော် အချိန်စေ့ရောက်သည့်အခါ ဆစ်ဆာသည် နန်းတော်သို့ ပြန်လည်ရောက်ရှိလာပြီး သူထုလုပ်ထားသည့် အရုပ်လေးများကို ဘုရင်ကြီးရှေ့တွင် ချပြပြီး ကစားပုံကို ပြောပြသည်။ ဆစ်ဆာ၏ ကစားကွက်မှာ စစ်တုရင်ကစားခြင်း ဖြစ်ပါသည်။ ထို့အပြင် စစ်ကြေညာတော့မည့် တောင်ဘက်အရပ်မှ ဘုရင်ကြီးကို ဖိတ်ခေါ်ပြီး ယှဉ်ပြိုင်ကစားစေသည်။ အကျိုးဆက်မှာ ဧည့်သည်ဘုရင်ကြီးက ဗာလာဟိတ်ဘုရင်ကြီး၏ စစ်ရေးစွမ်းရည်ကို ထိတ်လန့်ပြီး စစ်ကြေညာမှု ရုပ်သိမ်းသွားခြင်းပင်တည်း။ ထို့ကြောင့် ဗာလာဟိတ်ဘုရင်ကြီးက ဆစ်ဆာကို ကျေးဇူးတင်သောကြောင့် ဆုချီးမြှင့်ရန် ပြင်ဆင်သည့်အခါ ဆစ်ဆာတောင်းဆိုသည့်ဆုမှာ စစ်တုရင်ကစားကွက်တစ်ကွက်စီပေါ်တွင်သာ ဆန်စေ့များတင်ပေးရန်ဖြစ်ပြီး ပထမအကွက်မှ ဆန်စေ့၏နှစ်ဆကို နောက်တစ်ကွက်တွင် တင်ပေးရန်ဖြစ်သည်။ ကျားကွက်များပေါ်တွင် ဆန်စေ့များ တင်ထားရင်းမှ များပြားလာသောအခါ စစ်တုရင် ခြောက်ဆယ့်လေးကွက်မြောက်ပေါ်တွင် တင်ထားရမည့် ဆန်စေ့အရေအတွက်ကို ဘုရင်ကြီးက စိတ်မသက်မသာစွာ မေးမြန်းသည့်အတွက် ဆစ်ဆာက ၁၈, ၄၆၆, ၇၄၄, ၀၇၃, ၇၀၉, ၅၅၁, ၆၁၅ စေ့ပါဟု လျှောက်ထားပါတော့သည်။

**အသေးအဖွဲများဟု အထင်မသေးဘဲ ဖြေရှင်းသင့်**

ပုံပြင်၏ဆိုလိုရင်းမှာ ဆန်စေ့လေးများ တစ်စေ့ချင်းစီကဲ့သို့ အသေးအမွှားပြဿနာလေးများ တစ်ခုချင်းစီသည် စုပေါင်းသွားသောအခါ အံ့သြဘနန်း ကြီးမားသွားတတ်ပုံကို ညွှန်းဆိုနေခဲ့ပါသည်။ ထို့ကြောင့် အသေးအဖွဲများဟု အထင်မသေးဘဲ သေသေချာချာ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း အိန္ဒိယပုံပြင်လေးက မီးမောင်းထိုးတင်ပြထားပါသည်။

အဆိုပါပုံပြင်ကို သုံးသပ်ရပါလျှင် အရေးမထားလောက်စရာ ပြဿနာအသေးအဖွဲလေးများသည် စုပေါင်းမိပြီး အားကောင်းလာသောအခါ ကြီးစွာသော ဒုက္ခကို ဖြစ်ပေါ်စေတတ်ကြောင်း သိရှိနိုင်ပါသည်။ ထို့ကြောင့် မိမိတို့ဘဝလမ်းကြောင်းတွင် တွေ့ကြုံရသော ပြဿနာအသေးအဖွဲလေးများကို ဂရုတစိုက်ဖြေရှင်းရင်း မိမိတို့၏ ရွေးချယ်ထားသော လမ်းကြောင်းများအတိုင်း မဆုတ်မနစ် ဆက်လက်လျှောက်လှမ်းသွားကြရမည် ဖြစ်ပါသည်။ မိမိရွေးချယ်လျှောက်လှမ်းနေသော လမ်းကြောင်းပေါ်တွင် ပြဿနာအသေးအဖွဲလေးများ များပြားလှပါသည်ဆိုကာ ထိုလမ်းကြောင်းကို လက်လျှော့နောက်ဆုတ်ပြီး နောက်ထပ်လမ်းကြောင်းသစ်ရွေးချယ်ခြင်း သို့မဟုတ် အခြားသူများ ရွေးချယ်ထားသော လမ်းကြောင်းများကို အားကျငေးမောနေခြင်းဖြင့် အချိန်ကုန်မနေသင့်ပါပေ။ မိမိလမ်းကြောင်းတွင် အခက်အခဲများ၊ ပြဿနာများ မည်သို့ပင်ရှိစေကာမူ နောက်မဆုတ်စတမ်း လျှောက်လှမ်းကြရပါမည်။ အခက်အခဲများ၊ ပြဿနာများဆိုသည်မှာ သဘာဝတရားက မိမိတို့အသီးသီးနှင့် ထိုက်တန်သလောက် ဖန်တီးထည့်သွင်းပေးထားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မိမိတို့ သက်ဆိုင်ရာလမ်းကြောင်းများတွင် ပြဿနာအသေးအဖွဲလေးများ ရှိတတ်သကဲ့သို့ အခြားသူများ လျှောက်လှမ်းသော လမ်းကြောင်းများတွင်လည်း သူတို့နှင့် ထိုက်တန်သော အခက်အခဲ အသေးအမွှားများ ရှိနေမည်မှာ လောကဓမ္မတာ ဖြစ်ပါသည်။

**နည်းပါးသွားနိုင်**

ထို့ကြောင့် တွေ့ကြုံလာမည့် အသေးအဖွဲ ပြဿနာလေးများကို ကြောက်ရွံ့ထိတ်လန့် ရှောင်ရှားရန်လည်း မလိုအပ်သလို ဂရုတစိုက်မဖြေရှင်းဘဲ ချန်လှပ်ထားရန်လည်း မဖြစ်သင့်ပါ။ မိမိတို့၏ ဘဝပန်းတိုင်များကို လျှောက်လှမ်းရင်း ထိုအသေးအဖွဲလေးများကို ဖြေရှင်းသွားခြင်းသည် မိမိတို့၏ဘဝခံနိုင်ရည်ကို အဆင့်မြှင့်တင်ခြင်းပင်ဖြစ်ပြီး နောင်တွေ့ကြုံရမည့် ဘဝအခက်အခဲကြီးများကို ဖြေရှင်းနိုင်ရန် ကြိုတင်လေ့ကျင့်ခြင်းသည်လည်း မည်ပါသည်။ အထူးသဖြင့် ပြဿနာအသေးအဖွဲကလေးများကို ဖြေရှင်းနေသောကြောင့် အသေးအဖွဲကလေးများမှ ဖြစ်တည်လာမည့် ကြီးမားသောပြဿနာများ မိမိတို့၏ဘဝလမ်းကြောင်းပေါ်တွင် နောင်တစ်ချိန်ဖြစ်လာမည့် အခြေအနေ နည်းပါးသွားနိုင်ပါသည်။

မည်သူမဆို ဆုံးရှုံးဖူးလေမှ၊ အခက်အခဲများကို တွေ့ကြုံဖူးလေမှ အောင်မြင်မှုကို တန်ဖိုးထားတတ်ကြသည်။ အောင်မြင်မှု၏အရသာကို ခံစားတတ်ကြသည်။ အောင်မြင်မှုအရသာကို ခံစားတတ်မှသာ အောင်မြင်မှု၏တန်ဖိုးနှင့် အဓိပ္ပာယ်နက်ရှိုင်းမှုကို သေချာစွာ နားလည်သဘောပေါက်နိုင်ကြသည်။ ထို့ကြောင့် အခက်အခဲအသေးအဖွဲမှ ကြီးကြီးမားမားအထိ နောက်မတွန့်စတမ်း ကြိုးပမ်းအားထုတ် ဖြေရှင်းရမည့် တာဝန်ဝတ္တရားများနှင့် ရရှိလာနိုင်မည့် အောင်မြင်မှု အသီးအပွင့်များ၏ အလားအလာကို ကြိုတင်အကဲခတ်နိုင်စွမ်း ရှိကြရပါမည်။

စာမျက်နှာ ၂၆ သို့ ◆

# ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး မေ ၃၀**

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများနှင့် ခရိုင်များအလိုက် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် တောင်ကြီးခရိုင်အသင်းနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဆုချီးမြှင့်ပွဲကျင်းပရာ ပူးတွဲ တတိယဆုရရှိသော လင်းခေးခရိုင်အသင်းနှင့် ကျိုင်းတုံခရိုင်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ငါးသိန်းစီတို့ကို ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအောင်မြင့်နှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ အတွင်းရေးမှူး ဦးနေလင်းတို့က လည်းကောင်း၊ ဒုတိယဆုရရှိသော တောင်ကြီးခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု ကျပ်ရှစ်သိန်းကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခွန်သိန်းမောင်က လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုဖြစ်သည့် ဂိုးအကောင်းဆုံး၊ နောက်တန်းအကောင်းဆုံး၊ အလယ်တန်းအကောင်းဆုံး၊ ရှေ့တန်းအကောင်းဆုံး၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမား ဆုရသူများအား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းစီတို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဆုချီးမြှင့်ပေး၍လည်းကောင်း၊ ပထမဆုရရှိသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလိတ်ကလည်းကောင်း၊ ငွေကျပ် ၁၀ သိန်းနှင့် ဆုဖလားတို့ကို ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းကလည်းကောင်း ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# ငါ့သရောက်ဒေသထွက် သောက်ရေအိုးနှင့် အခြားအိုးများ ဈေးနှုန်းပုံမှန်သာ ရောင်းချနေရ

**ညောင်ဦး မေ ၃၀**

ညောင်ဦးခရိုင် ငါ့သရောက်မြို့ အမှတ်(၃) တောင်ကုန်းရပ်မှ ထွက်ရှိသည့် သောက်ရေအိုးနှင့် အခြားအိုးများ ဈေးနှုန်းအတက်အကျမရှိဘဲ ပုံမှန်သာရောင်းချနေရကြောင်း အိုးအမျိုးမျိုးရောင်းချသည့် ဦးနေလင်းထံမှ သိရသည်။

ငါ့သရောက်မြို့ အမှတ်(၃) တောင်ကုန်းရပ်သည် တစ်ရွာလုံး ရိုးရာအိုးလုပ်ငန်းကို ခေတ်အဆက်ဆက်ပြုလုပ်ရောင်းချလာသည့်ဒေသဖြစ်သည်။ အိုးလုပ်ရန်အတွက် ရွာပတ်လည်ရှိ နုန်းမြေသားများနှင့် သဲဆန်သည့်မြေအမျိုးအစားကို အသုံးပြုရကြောင်း၊ ထန်းဆွဲမြူအိုးများကို ထန်းရာသီမစတင်မီကတည်းက ကြိုတင်ပြီး ထန်းဆွဲမြူအိုးအမြောက်အမြား လုပ်ကိုင်ထားကြောင်း၊ ထန်းရာသီ စတင်ချိန် အနီးဝန်းကျင်နယ်များမှ ထန်းတောင်သူများနှင့် ဒေသတွင်းထန်းတောင်သူများက ထန်းဆွဲမြူအိုးများ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

တောင်ကုန်းရွာမှ တစ်နှစ်လျှင် ထန်းဆွဲမြူအိုး နှစ်သိန်းခွဲကျော်နှစ်စဉ် ထုတ်လုပ်ရောင်းချရကြောင်း၊ သောက်ရေအိုးများကိုတစ်နှစ်ပတ်လုံး ရောင်းချရပြီး အခြားအိုးများကိုလည်း တစ်အိမ်လျှင် အနည်းငယ်စီ ပြုလုပ်ရောင်းချကြောင်း၊ မြေရေဆေးဇလုံ၊ မြေသားဘုရားပန်းအိုး၊ မြေသားပန်းအိုး၊ မြေသားစုဘူး၊ မုန့်ပျားသလက်အိုးကင်း၊ မြေသားအရက်ချွေးပေါင်းခံအိုး (အရက်ချက်အိုး)၊ မြေသားကောက်ညှင်းပေါင်းအိုး၊ မြေသားပန်းအိုး၊ မြေသားဟင်းချက်အိုး၊ သောက်ရေအိုးအလတ်၊ အကြီးနှင့် ထန်းဆွဲမြူအိုးများ ပြုလုပ်ရောင်းချကြကြောင်း သိရသည်။ ငါ့သရောက်ဒေသထွက် သောက်ရေအိုးနှင့် ထန်းဆွဲမြူအိုးများသည် ပါးလွှာပေါ့ပါးပြီး ခိုင်ခံ့ခြင်းကြောင့် ငါ့သရောက်ဒေသထွက် အိုးရယ်လို့ နာမည်တစ်လုံးဖြင့် ထင်ရှားကျော်ကြားကြောင်း ဦးနေလင်းက ပြောသည်။

အိုးအမျိုးမျိုးပြုလုပ်ရာတွင် အိုးပြင်လှည့်နှင့် အိုးထွင်းဆရာနှစ်ဦးသာ လိုအပ်ပြီး အိုးပြင်လှည့်မှာ လူတိုင်းလှည့်တတ်သော်လည်း အိုးထွင်းဆရာမှာ အနည်းငယ်သာရှိသည်။ တစ်ရွာလုံး အိုးထွင်းဆရာခေါ် အိုးလုပ်သည့် ပညာရှင်များမှာ အမျိုးသမီးများသာရှိကြောင်း သိရသည်။

အိုးပြင်လှည့်စက် တစ်မျိုးတည်းဖြင့် အိုးအမျိုးမျိုးကို မိမိလိုချင်သည့် အိုးပုံစံဖြတ်တောက်ယူငင်ရပြီး ပြုလုပ်ကြသည်။ အိုးများကို ပခုက္ကူမြို့၊ ကျောက်ပန်းတောင်းမြို့၊ တောင်သာမြို့၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့များမှ အိုးပွဲစားများ လာရောက်ဝယ်ယူကြပြီး ငါ့သရောက်ဒေသထွက် အိုးများ ဈေးနှုန်းပုံမှန်အတိုင်း ရောင်းချနေရကြောင်း သိရသည်။

**ကိုထိန်(KPD)**



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

◆ စာမျက်နှာ ၂၅ မှ

မြန်မာစကားပုံတစ်ခုဖြစ်သော မွေ့မှန်လျှင် တွင်းဝင်ဖြောင့်ရမည်ဆိုသည်ကို ကြားဖူးကြပါလိမ့်မည်။ မိမိတို့၏ ဘဝလမ်းကြောင်းအတိုင်း ပန်းတိုင်ဆီသို့ ချီတက်လျှောက်လှမ်းကြရာတွင် ပတ်ဝန်းကျင်ရိုက်ခတ်မှုများကို အနည်းနှင့်အများ တွေ့ကြုံကြရမည်မှာ ဓမ္မတာတစ်ခု ဖြစ်ပါသည်။ မိမိ၏ဘဝလမ်းကြောင်းတွင် တွေ့ကြုံရသော ပြဿနာအသေးအဖွဲ့များကို ဖြေရှင်းနေခြင်းအား ပတ်ဝန်းကျင်မှ အမျိုးမျိုးဝေဖန်ရိုက်ခတ်မှုများကို တုံ့ပြန်ဖြေရှင်းနေရန် အချိန်ရှိနိုင်မည်မဟုတ်ပါ။ မိမိရွေးချယ်ထားသောလမ်းကြောင်းသည် မိမိ၏ဘဝသာဖြစ်သည့်အတွက် မိမိ၏ဘဝ ပြည့်စုံကုံလုံကြွယ်ဝအောင်မြင်နိုင်ရေးသည် မိမိ၏ကြိုးပမ်းအားထုတ်မှုပေါ်တွင် မူတည်နေပါသည်။ မိမိက မြန်ဆန်မှန်ကန်စွာ ဖြေရှင်းကျော်လွှားသွားနိုင်လျှင် မိမိ၏ပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိသွားမည်မှာ အမှန်ပင်ဖြစ်ပါသည်။

လူတိုင်းသည် မိမိတို့အတွက် သက်ဆိုင်ရာ ဘဝလမ်းကြောင်းကို သေချာစွာ ရွေးချယ်ပြီးပါက အရှိန်အဟုန်ဖြင့် ချီတက်လျှောက်လှမ်းနိုင်ရေးအတွက် လမ်းကြောင်းပြင်ပမှ ရိုက်ခတ်မှုများကို ပမာမထားဘဲ မိမိလမ်းကြောင်းပေါ်မှ ဖြေရှင်းစရာ သေးသေးဖွဲဖွဲ၊ ကြီးကြီးမားမားကိစ္စများစွာကို ဦးနှောက်နှင့်ခွန်အား စနစ်တကျအသုံးချပြီး ရင်ဆိုင်ဖြေရှင်းကြရမည် ဖြစ်ပါသည်။ သို့အတွက် လောကလူသားတိုင်း မိမိတို့သက်ဆိုင်ရာ ဘဝလမ်းကြောင်း လျှောက်လှမ်းရင်း အခက်အခဲဟူသမျှ ကျော်လွှားအောင်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းတင်ပြရေးသားလိုက်ရပါသည်။ ။

■

○ မန်စီးတီးအသင်းမှ

ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲကို ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့တဲ့ မန်စီးတီးအသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ယူပြီး ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးဖို့ နည်းပြဂွါဒီယိုလာက မျှော်လင့်ထားခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ချယ်လ်ဆီးအသင်းက ပွဲကစားချိန် ၄၂ မိနစ်မှာ ရရှိခဲ့တဲ့ ဟာဗက်ဇ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဟာဗက်ဇ်ရဲ့ သွင်းဂိုးဟာ ကစားသမားဘဝတစ်လျှောက် ပထမဆုံး ချန်ပီယံလိဂ် သွင်းဂိုးလည်း ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ မန်စီးတီးအသင်းထက် ဂိုးရရှိနိုင်မယ့် အခွင့်အရေးကောင်းတွေ ရရှိခဲ့ပေမယ့် တိုက်စစ်မှူး တီမိုဝါနာ အသုံးမချနိုင်ခဲ့တာကြောင့် ဂိုးရရှိမယ့်အခွင့်အရေး နှစ်ကြိမ်အထိ ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အသင်းရဲ့သမိုင်းတစ်လျှောက် အဓိကအရေးပါတဲ့ဥရောပပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ခုနစ်ပွဲမှာ ခြောက်ပွဲအထိ ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ပြီး အသင်းပိုင်ရှင်အဘရာမိုဗစ်ချ် လက်ထက်မှာပဲ ၂၀၁၁-၂၀၁၂ နဲ့ ၂၀၂၀-၂၀၂၁ တို့မှာ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ ၂၀၁၂-၂၀၁၃ နဲ့ ၂၀၁၈-၂၀၁၉ တို့မှာ ယူရိုပါလိဂ်ဖလားနှစ်ကြိမ် တို့ကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။



ချယ်လ်ဆီးအသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

နည်းပြ ဂွါဒီယိုလာဟာ ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်တို့မှာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်ဆွတ်ခူးထားနိုင်ခဲ့ပြီး ယခုနှစ်မှာ ချယ်လ်ဆီးအသင်းနဲ့ အတူ ချန်ပီယံလိဂ်ဖလား ရယူနိုင်ဖို့ မျှော်လင့်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြဂွါဒီယိုလာရဲ့ မျှော်လင့်ချက် ပျက်ပြယ်ခဲ့ရတာ ဖြစ်ပါတယ်။ နည်းပြတူချယ်ကတော့ နောက်ဆုံးဘောလုံးရာသီသုံးရာသီအတွင်းမှာ ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့တဲ့ တတိယမြောက် ဂျာမနီနိုင်ငံသား နည်းပြတစ်ဦးဖြစ်လာခဲ့ပြီး ၂၀၁၉ ခုနှစ်က ဂျာမနီနိုင်ငံသား နည်းပြကလော့ဟာ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ရယူနိုင်ခဲ့ကာ ၂၀၂၀ ပြည့်နှစ်မှာ ဂျာမနီနိုင်ငံသား နည်းပြ ဖလစ်က ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နည်းပြ တူချယ်ကတော့ ပြီးခဲ့တဲ့နှစ်က ပီအက်စ်ဂျီအသင်း နည်းပြအဖြစ်ရှိနေစဉ် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ် အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ယခုနှစ်မှာ ချယ်လ်ဆီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကို ရယူ ဆွတ်ခူးနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်းနည်းပြအဖြစ် ဆက်ရှိနေရေးအတွက် စာချုပ်သက်တမ်းတိုးသွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။ ချယ်လ်ဆီးကစားသမား ပူလီဆစ်ကတော့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ပထမဆုံး အမေရိကန်နိုင်ငံသား ကစားသမား တစ်ဦးဖြစ်သလို ချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးပေးနိုင်ခဲ့တဲ့ ပထမဆုံး အမေရိကန်နိုင်ငံသား ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ငွေကြယ်

❑ တိုကျိုအိုလံပစ်မှ

အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်ဆန်းပိုင်းတွင် တစ်ကမ္ဘာလုံးကြုံတွေ့ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိုလံပစ်ပြိုင်ပွဲအပါအဝင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများအားလုံး ရွှေ့ဆိုင်းခဲ့ရသည်။

ယခင်က အိုလံပစ်ပြိုင်ပွဲ လက်ရည်စစ်ပွဲကာလကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် မေလဆန်းအထိ သတ်မှတ်ခဲ့သော်လည်း ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ ပြိုင်ပွဲများ ကျင်းပနိုင်ခြင်းမရှိတော့သဖြင့် ရက်ပြောင်းလဲကာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ ဇွန် ၁၃ ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ထို့ကြောင့် အိုလံပစ်ဝင်ခွင့်အတွက် ရမှတ်များကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် ဇွန် ၁၃ ရက်အတွင်း ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ BWF သည် ယခုနှစ်အတွင်း ပြိုင်ပွဲ ၁၀ ခုနှင့်အထက်ပြုလုပ်ရန် စီစဉ်ခဲ့သော်လည်း ကပ်ရောဂါကြောင့် အနည်းငယ်သာ ကျင်းပနိုင်ခဲ့ပြီး ပြိုင်ပွဲအများစုကို ရွှေ့ဆိုင်း/ဖျက်သိမ်းခြင်းများ ပြုလုပ်ခဲ့ရသည်။

ကြိုးပမ်းလျက်ရှိ

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး လက်ရှိအနေအထားအရ ဝင်ခွင့်ရရန် အခြေအနေကောင်းနေသည်။ သက်ထားသူဇာသည် မေ ၂၅ ရက်က နောက်ဆုံးထုတ်ပြန်ထားသည့် အိုလံပစ်ဝင်ခွင့်အတွက် အဆင့်သတ်မှတ်ချက်တွင် အဆင့် ၂၉ နေရာ၌ ရပ်တည်နေပြီး လက်ရှိအဆင့်အတိုင်း ရပ်တည်နိုင်ပါက အိုလံပစ်ဝင်ခွင့်ရရန် အခြေအနေကောင်းနေသည်။ သက်ထားသူဇာသည် အိုလံပစ်ဝင်ခွင့်ကာလအတွင်း ပြိုင်ပွဲ ၁၅ ခု ယှဉ်ပြိုင်ထားကြောင်း BWF က ထုတ်ပြန်ထားပြီး ရမှတ်စုစုပေါင်း အမှတ် ၂၃၆၅၀ ရရှိထားကြောင်း သိရသည်။

သက်ထားသူဇာသည် ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်အထိသာ ပြိုင်ပွဲများယှဉ်ပြိုင်ခဲ့ရပြီး နောက်ပိုင်းတွင် ယှဉ်ပြိုင်ရခြင်းမရှိတော့ပေ။ ယခုနှစ်အတွင်း ပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းခဲ့သော်လည်း ကပ်ရောဂါကြောင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ပေ။ သက်ထားသူဇာသည် ပြီးခဲ့သည့်နှစ် အနည်းငယ်ကတည်းက ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ပြုလုပ်သည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။

သတင်း- ရဲရင့်လွင်


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၁)ရှိ မြေအကျယ်အဝန်းပေ(၂၅x၅၀)အကျယ်ရှိ မြေပိုင်ဆိုင်မှုနှင့် ၎င်းမြေပေါ်တွင် တည်ရှိသော မြေညီထပ်(ခေါင်းရင်းခန်း) တိုက်ခန်း(၁)ခန်းတို့အား လက်ရှိနေထိုင်ပိုင်ဆိုင်သော ဒေါ်သန်းသန်း[၁၂/လမန(နိုင်)၀၃၁၆၀၇]ထံမှ ကျွန်ုပ်မိတ်ဆွေ (၂)ဦးမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်စိုး[၁၂/လမန(နိုင်)၀၃၅၀၆၈]၊**
**ဒေါ်အေးအေးမော်[၁၂/လမန(နိုင်)၀၀၈၇၁၆]တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းလွင်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၁)**
**အမှတ်(၂၉)၊ ဦးအောင်မင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၃၂၉၉၇၁၊ ၀၉-၇၃၀၈၆၈၇၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇၇)၊ မြေကွက်အမှတ်-(၄ ဂျီ/၂)၊ မြေရေိယာ(၀.၂၄၁)ဧကရှိ မြေပိုင်မြေ(မစိုက်ပျိုးမြေ) အမျိုးအစားမြေနှင့် တစ်နည်းအားဖြင့် အမှတ်(၆၆၅/ဘီ)၊ မြကန်သာ(၁)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ရောင်းချသူများဖြစ်ကြသော ၁။ ဒေါ်ခင်ခင်ရီ(ခ)ကိုးကျင်ဟွန်း [၁၂/ရကန(နိုင်)၀၆၄၆၄၁]၊ ၂။ ဒေါ်ခင် ခင်လေး [၁၂/ရကန(နိုင်)၀၆၂၀၀၇]၊ ၃။ ဦးအောင်မြင့် [၁၂/ဗတထ(နိုင်)၀၂၃၆၁၂]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တိုးတိုးရှိန် [၁၀/မလမ(နိုင်)၀၁၀၇၃၇]က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေနှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** |
| **(LL.B,B.D.S)** | **(LL.B,D.B.L)** |
| **(စဉ်-၁၄၄၇၉/၂၀၁၈)** | **(စဉ်-၈၅၆၄/၂၀၁၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃-H)၊ ၃၆လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၃၄၆၈၊ ၀၉-၇၇၅၀၅၃၄၆၈၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၆၉၅၁၈၁၂၁၀**

## ဥတုရာသီ တောကိုမှီ၏

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ လက်ပံလမ်း၊ အမှတ်(၁)၊ (၃)လွှာ(A)ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၇x၄၆)ပေ အခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မိမိလေး[၁၂/လသန(နိုင်)၀၀၅၁၀၄]က ကိုယ်တိုင်လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း တာဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနန်းဦးလင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၂၀၀/၂၀၁၆)**
**အမှတ်(၁၆)/၆-အေ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-43074071**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ တိုက်အမှတ်(A4)၊ အခန်းအမှတ်(၅၂၁)၊ အခန်းအမျိုးအစား Type(B)၊ အကျယ်အဝန်း(၉၀၅)စတုရန်းပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ၊ အခွင့်အရေးများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းစန္ဒာ[၉/မရတ(နိုင်)၀၀၃၅၅၁]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့စ၍ (၇)ရက်တွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အထက်ပါသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၇၁၈)**
**အမှတ်(၈၈)၊ ၃-လွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-780054060, 09-420608446**


## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၃၀**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**


**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန် 1 Unit Transparent Box with Breaker (30000) Nos ၊ 4 Unit Transparent Box with Breaker (3000)Nos၊ CT Transparent Box(5000)Nos နှင့် **55" Video Wall Display (၁၂)ချပ်** တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၁.၆.၂၀၂၁)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁.၇.၂၀၂၁)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**


တော

တောင်

ပျက်

ပြုန်း

မြေဆီ

သုဉ်း၏



## ကန့်ကွက်နိုင်ပါသည်


ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သစ္စာလမ်း၊ အမှတ်(၁၃၃/ခ)၊ ဦးသောင်းငွေ အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ (၄၀x၆၀)အနက်၊ မခွဲမစိတ်ရသေးသည့် မြေအကျယ်ပေ (၂၀x၆၀)+ပေပို(၅x၆၀)ပါရှိသည့် စုစုပေါင်း မြေအကျယ်ပေ (၂၅x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အေးအေးဝင်း[၈/ခမန(နိုင်)၀၀၀၄၂၅]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်ခင်တိုးတိုး [၉/တသန(နိုင်)၀၂၇၇၅၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာဌာနတွင် ဂရန်သစ်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်တိုးတိုး** | **ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)** |

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး၊ (ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


ရေပန်းအကြီး


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကျေးဇူးအထူးတင်ရှိခြင်း

၂၄-၅-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင် ဖခင်ကြီး သရေစည်သူ ဦးအောင်တိုး - နိုင်ငံတော်တရားသူကြီးချုပ်(ငြိမ်း)အား နာမကျန်းစဉ်မှ ကွယ်လွန်ချိန်အထိ အဘက်ဘက်မှ ပြုစုစောင့်ရှောက်ပေးကြသည့် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဂရုဏာတရားရှေ့ထား၍ နှစ်သိမ့်ပေးပါသော နိုင်ငံတော်အကြီးအကဲနှင့်မိသားစု၊ လိုက်ပါပို့ဆောင်၍ နှစ်သိမ့်ပေးပါသော ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)များ၊ ပြည်နယ်၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားသူကြီးချုပ်နှင့်တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ဝန်ထမ်း များ၊ ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာစီ (Dorothy Sein Pe)

B.A, B.Ed

**အသက်(၈၅)နှစ်**

**အထက်တန်းပြ ဆရာမ(ငြိမ်း)**

**အထက(၁) ပုသိမ်၊ အလက(၂) ကြည့်မြင်တိုင်**

**အထက (၄) လှိုင်**

(ဦးစိန်ဖေ-ဒေါ်သန်းရီ)တို့၏သမီးငယ်၊ (ဦးတင့်လွင်) (ကြေးနန်းရုံး၊ ဆက်သွယ်ရေး)၏ ဇနီး အမှတ်(၁၂၅)၊ စိမ်းလဲ့သာယာလမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါက်တာနီလာလွင်(အနုမြူစွမ်းအင်ဌာန)၊ ဒေါ်စန္ဒာလွင်(အလက-၃၊ ကြည့်မြင်တိုင်)၊ ဒေါ်ချိုမာလွင် (MFTB - ငြိမ်း၊ သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်)၊ (ဦးဇာနည်လွင်)၊ ဦးနေမျိုးလွင်၊ (ဗိုလ်ကြီးအောင်မျိုးလွင်)တို့၏ ကျေးဇူးရှင်မွေးသမိခင်ဖြစ်သူ ဒေါ်အမာစီသည် ၂၉-၅-၂၀၂၁ရက် ည ၁၁ နာရီတွင် ပင်လုံဆေးရုံကြီး၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား (၃၀-၅-၂၀၂၁) ရက်နေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိခင်ကြီး၏ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းမိတ်ဆွေများ၊ ကျောင်းသားဟောင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား လေးစားစွာ အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## 'မလေး' ဆေးပေါ့လိပ် လုပ်ငန်း၏အဓိပတိဖခင်ကြီး ဦးတင့်ဆွေ

ပခုက္ကူမြို့၊ မဟာဝိသုတာရာမ(အလယ်တိုက်) ဂေါပကအဖွဲ့၊ ဥက္ကဋ္ဌ

ပခုက္ကူမြို့၊ မဟာဝိဇယာရာမ၊ ပါဠိတက္ကသိုလ်(အရှေ့တိုက်)ဂေါပကအဖွဲ့၊ ဥက္ကဋ္ဌ

ပခုက္ကူမြို့၊ ပင်မ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ အဖွဲ့ခွဲ(၂၃)၊ ဥက္ကဋ္ဌ

ပခုက္ကူမြို့၊ သီတာအေး စာသင်ကျောင်းတိုက်၊ ဥက္ကဋ္ဌ

ပခုက္ကူမြို့၊ ဘိုးဘွားရိပ်သာ၊ ဥက္ကဋ္ဌ

ပခုက္ကူမြို့၊ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး ဂေါပကအဖွဲ့ နာယကကြီး

ပခုက္ကူမြို့၊ သီတဂူ စက္ခုဒါန တံတားဦးဆေးရုံတော် နာယကကြီး

မြန်မာနိုင်ငံဆေးပေါ့လိပ်လုပ်ငန်းရှင်များအသင်း၏ နာယကကြီး

ပခုက္ကူမြို့၊ ချမ်းမြေ့ဆေးရုံ(Vital Company Limited)၏ နာယကကြီး

ပခုက္ကူမြို့၊ ရောဂုဏ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ နာယကကြီး

ပခုက္ကူမြို့၊ ဦးအုန်းဖေ စာကြည့်တိုက်ကော်မတီအဖွဲ့၏ ဥက္ကဋ္ဌ

**အသက်(၈၁)နှစ်**

ပခုက္ကူမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးဝင်းနိုင်ဦး-ဒေါ်အေးအေးလွင်၊ ဦးရဲနိုင်ထွန်း-ဒေါ်မြင့်မြင့်မိုး၊ ဦးမျိုးလွင်-ဒေါ်မေသင်းနိုင်၊ ဦးအောင် ဖြိုးဝင်း-ဒေါ်လေးလေးမြင့်တို့၏ဖခင်၊ မဂျူးမျက်ခြယ်ဦး၊ မောင်ဆွေသန်းထွန်း၊ မဆွေ လွင်လွင်ဦး၊ မောင်ရဲမြတ်လွင်၊ မခင်ရွှေစင်၊ မောင်အောင်ကောင်းမြတ်တို့၏အဘိုး သည် ၂၉-၅-၂၀၂၁ ရက် ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၁ရက်နံနက် ၉နာရီတွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မောင်သန်းဇော်ထက်

## အသက်(၁၈)နှစ်

### အ.ထ.က(၁)ရန်ကင်းကျောင်းသားဟောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ အိမ်အမှတ်(၂၁၁၄)၊ ပုဂံလမ်းနှင့် ကျွန်းလှလမ်းထောင့်၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ ဥတ္တရသီရိမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၆/အေ-၂)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးစိုးသိန်း-ဒေါ်ခင်ချိုအုန်းတို့၏သား၊ ဦးကောင်းထက်စိုး-ဒေါ်တင်မျိုးဝင်း(ခ)ခိုင်မာ၊ ဦးနေဖြိုးဇင်-ဒေါ်သီသီအောင်၊ မောင်အောင်အောင်တို့၏ညီ၊ မလင်းလက်သီရိခေတ်၊ မဝင်းလဲ့သီရိမေ၊ မသက်နှိုင်းအိန္ဒြေတို့၏ ဦးလေးဖြစ်သူ မောင်သန်းဇော်ထက်သည် ၂၉-၅-၂၀၂၁(စနေနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂-၆-၂၀၂၁)ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ခုတင်(၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ မွန်းလွဲ ၂:၃၀ နာရီတွင် ကားများထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်ခိုင်

**အသက်(၇၀)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နေ (ဦးဂန့်ဂေါ-ဒေါ်ခင်သန်းမြ)တို့၏သမီးထွေး၊ အမှတ်(၃၈)၊ ၃လွှာ(B)၊ ရုံးကြီးလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးရဲညွန့်)၏ ချစ်လှစွာသောဇနီး၊ ဦးတင်အောင်သန်း-ဒေါ်ဝါဝါမိုး၊ ဒေါ်မိုးဝင့်ဝင့်ဖြိုး၊ ဦးနိုင်လင်းထွေး-ဒေါ်နှင်းလဲ့လဲ့၊ (ဦးအောင်မြင့်မြတ်သူ)၊ ဦးနန္ဒ-ဒေါ်သိမ့်သန္တာထွန်း၊ ဦးသူရ-ဒေါ်ကျော့ဇင်လင်းထိုက်တို့၏ ချစ်လှစွာသောမိခင်၊ မြေး(၆)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၀-၅-၂၀၂၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁-၆-၂၀၂၁ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်)။

ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၂၁ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမြင့်မောင် (ဖြူးမြို့နယ် ဦးစီးမှူးရုံး)

**အသက်(၅၂)နှစ်**

**လူဝင်မှုကြီးကြပ်ရေးမှူး**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်မောင်)-ဒေါ်အေးသိန်းတို့၏ သား၊ တာမွေမြို့နယ်နေ ဦးထွန်းရှိန်-(ဒေါ်အုံးသွင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဈေးကွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၄၀)နေ ဒေါ်နွယ်နီထွန်း၏ခင်ပွန်း၊ မောင်စံလင်းထက်၏ ဖခင်၊ ခေါ်ခင်သက်ဦး၏မောင်၊ ဦးသက်နိုင်၊ ဦးစိုးနိုင်တို့၏ ညီ၊ ဒေါ်ခင်ခင်သက်၊ ဒေါ်နွယ်နီအေး၊ ဦးနေမျိုး-ဒေါ်မြသီတာတို့၏ အစ်ကိုသည် ၂၉-၅-၂၀၂၁(စနေနေ့) ညနေ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၁ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေး အကြောင်းကြားအပ်ပါသည်။ [၄-၆-၂၀၂၁ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အမြဲတမ်းအောက်မေ့သတိတရလွမ်းဆွတ်ခြင်း

## ဖခင်ကြီး ဦးဖေကြည်

**[အလုပ်ရုံခွဲမှူး(ငြိမ်း)ဘဏ္ဍာရေး၊ ဒညင်းကုန်းအုတ်စက်]**

## ၁၀-နှစ်ပြည့်

## မိခင်ကြီး ဒေါ်မေစီ ၁-နှစ်ပြည့်

အဖေနှင့်အမေတို့ရဲ့ ကြီးမားလှတဲ့မေတ္တာတရား၊ ကျေးဇူးတရားတို့ကို အစဉ်သတိရလျက် ရည်စူးကုသိုလ်ကောင်းမှုများကို နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ပြီးအမျှပေးဝေလျက်ပါ။ မိဘ နှစ်ပါးရောက်ရှိရာ ဘုံဘဝမှသာဓုခေါ်ဆိုပါနော်။ အမျှ...အမျှ...အမျှ

**သမီးကြီး - ဒေါ်ခင်ဆွေသန်း**

**သမီးလတ် - ဦးအောင်ထူး-ဒေါ်လွင်လွင်ကြည်**

**သမီးငယ် - ဒေါ်ခင်မေကြည်**

**မြေးများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## အလ်ဟာဂျာဟ် ဒေါ်စန်းစန်းတင့်

## အသက် (၆၇) နှစ်

RC-1,ကန်တော့ခံဆရာမကြီး ဒေါ်စန်းစန်းတင့် (ဌာနမှူး-စာရင်းကိုင် အတတ်ပညာဌာန)သည် ၂၈-၅-၂၀၂၁ (သောကြာနေ့) ညနေတွင် အမေရိကန်နိုင်ငံ၊ နယူးယောက်တွင် အသခ်တဂုဏ်တော်ရှင်ဂရုဏာတော်ခံယူကာ အသျှင်ထံ အပြန်လမ်းလျှောက်လှမ်းသွားပါကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နာယကဆရာများ၊ လူမှုအကျိုးပြုအဖွဲ့**

**ပညာဒါနအမှုဆောင်အဖွဲ့၊ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

**(RC-1,RUBC,BC)**

## ဝမ်းနည်းကြေကွဲခြင်း

ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆွေ(ပခုက္ကူမြို့) အသက်(၈၁)နှစ်သည် ၂၉-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဒေါ်မြင့်မြင့်သိန်း(ကန်တော်လေး)

## အသက် (၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ အမှတ်-၁၉၊ (၅+၆)လွှာ၊ (၈၈)လမ်းနေ (ဦးခွေး-ဒေါ်ကျင်စိန်)တို့၏သမီးကြီး၊(ဦးအေးထွန်း)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်မြင့်ဇော်-ဒေါ်ထက်ထက်ကျော်၊ ဦးဇော်မင်းထွန်း၊ ဦးဇော်လင်းထွန်း၊ ဦးဇော်မျိုးထွန်းတို့၏မိခင်၊ မရှင်းသန့်မှူး၊ မောင်ခန့်မှူးထက်တို့၏ အဘွားသည် ၂၇-၅-၂၀၂၁ (ကြာသပတေးနေ့) နေအိမ်၌ကွယ်လွန်သွားပြီး ၂၈-၅-၂၀၂၁ (သောကြာနေ့)တွင် မီးသင်္ဂြိုဟ်အရိုးဂူသွင်းပြီးဖြစ်ပါ၍ ၂-၆-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မေကျင်

**ဦးစီးမှူး(ငြိမ်း)၊ သမဝါယမဝန်ကြီးဌာန**

**အသက်(၆၉) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်ရေတာရှည် လမ်းသစ် အမှတ်(၂၆) (B) နေ (ဦးချွန်ဝှမ်-ဒေါ် မြမေ)တို့၏ သမီး၊ ဦးရင်မောင်-ဒေါ်စန်းဝေ၊ ဦးအေးမောင်-ဒေါ်ခင်မြမြဦးတို့၏ ညီမ၊ ဦးထွန်းသိန်း-ဒေါ်ခင်မရှင်၊ ဦးယဉ်ထွေး-ဒေါ်သိန်းသိန်းတို့၏အစ်မ၊ ဦးအောင်ကိုကို-ဒေါ်ဝါဝါတင်၊ ဦးဝဏ္ဏကိုကို-ဒေါ်အေးအေးသန်း၊ ဗိုလ်မှူးကောင်းဝေယံ (ငြိမ်း)-ဒေါ်သက်ထက်မာအောင်တို့ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၃၀- ၅-၂၀၂၁ နံက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၁ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာအား ၅-၆-၂၀၂၁ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ညိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်စိုး

## အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ ဦးလှစိန်-ဒေါ်ခင်မေအေးတို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ ဦးခင်မောင်သန်း-ဒေါ်ကြင်မြ၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်(၆၁)နေ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝင်းဝင်းသန်း၊ ဒေါ်မြင့်မြင့်သန်း-ဦးစိုးမြင့်၊ ဦးအေးချိုသန်း-ဒေါ်ခိုင်ခိုင်ဦး၊ ဒေါ်ရီရီသန်း-ဦးစိုးမောင်ကြည်တို့၏ မောင်/အကို၊ တူ/တူမ ခုနှစ်ယောက်တို့၏ ဦးလေးဖြစ်သူ ဦးမောင်မောင်စိုးသည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့-အပိုလိုဆေးရုံကြီး၌ ၉၆ ပါးသောရောဂါဖြင့် ၂၆-၅-၂၀၂၁ရက် ညနေ ၅:၅၅နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၈-၅-၂၀၂၁ ရက် ညနေ ၄ နာရီတွင် Electric Crematorium သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီး၍ ၂၉-၅-၂၀၂၁ ရက်တွင် အရိုးပြာအားဂင်္ဂါမြစ်အတွင်းသို့ မျှောခါချပနကိစ္စအားပြုလုပ်ပြီးစီးပါကြောင်းရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုး မိတ်ဆွေများအား ညိုးငယ်စွာဖြင့်အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀)ရပ်ကွက်၊ အောင်ချမ်းသာ(၃)လမ်း၊ အမှတ်(၆၇၀)၊ အကျယ်အဝန်း အလျား (၄၀)ပေxအနံ (၆၀)ပေရှိ ဒေါ်တင်တင်ဝင်းအမည်ဖြင့်တည်ရှိသည့် မခွဲစိတ်ရသေးသော ပါမစ်မြေကွက်၏ ထက်ဝက်ဖြစ်သော ခေါင်းရင်းခြမ်း အလျား(၂၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်ဌေးဌေး[၁၂/ဒဂတ(နိုင်)၀၂၂၉၄၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုစန်း[၁၂/သကတ(နိုင်)၁၈၉၆၀၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၈-၅-၂၀၂၁) ရက်တွင် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုးချစ် (LL.B)** - **ဒေါ်သက်ဝေအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** - **အထက်တန်းရှေ့နေ**

**စဉ်-၁၆၂၇၄** - **စဉ်-၅၀၀၁၆**

**ဖုန်း-၀၉-၇၇၈၄၉၇၀၀၊ ၀၉-၇၇၃၅၆၂၀၈၂**

## တန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ရတနာလမ်း၊မြေကွက်အမှတ်(၆၀၂)၊(၄၀×၆၀)ပေရှိမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော(၂၂×၆၀)ပေ ခြေရင်းခြမ်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား **ဒေါ်ထားရီ** အမည်ပေါက်နှစ်(၆၀)ဂရန်မူရင်းနှင့်အတူ အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်လှဲ့လှဲ့ဝင်း (၁၂/သဃက(နိုင်) ၀၁၆၂၃၃)** က ၎င်းပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံအဆိုပြုပြီး အဆိုပါနှစ်(၆၀)ဂရန်မူရင်းဖြင့်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးအပ်၍ စရံပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ကိုကိုLL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၂)**

ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၄၄၅၀၈၆၃၆၊ ၀၉ ၇၆၆၈၅၄၈၄၀၊


## အာနိစ္စ

သစ်တောနဲ့ သစ်ပင်ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး




# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၂၉ ရက်)**

Coronavirus Disease 2019 (COVID-19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များ မပါ)အား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။



# ရန်ကုန်မြို့၌ အိမ်ခြံမြေအရောင်းအဝယ် အနည်းငယ်သွက်လက်ကောင်းမွန်

ရန်ကုန် မေ ၃၀

ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများရပ်တန့်ခဲ့ရပြီး လူနေထိုင်မှုစနစ်အတွက်အရေးပါသော အိမ်ခြံမြေဈေးကွက်ရပ်တန့်ခဲ့ရာ ယခုအခါ ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့၍ ရန်ကုန်မြို့ရှိ မြို့နယ်များ၌ အိမ်ခြံမြေအရောင်းအဝယ်များ အနည်းငယ်သွက်လက်ကောင်းမွန်လာပြီး အငှားဈေးကွက်သာ ကျဆင်းလျက်ရှိကြောင်း အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်နေသည့် ဝါရင့်အကျိုးဆောင်များထံမှသိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ


**တရုတ်နိုင်ငံက မောင်းသူမဲ့အာကာသယာဉ် တစ်စင်း အောင်မြင်စွာလွှတ်တင်**
စာမျက်နှာ » ၁၂

**သားနှင့်သမီး အားနှင့်ထီး**
စာမျက်နှာ » ၁၈



**မေ ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၅ ဦး တွေ့ရှိ**
စာမျက်နှာ » ၂၀

**အစွန်းရောက် နိုင်ငံရေးအကြမ်းဖက်သမားများ လက်တွဲဖယ်ရှား**
စာမျက်နှာ » ၂၁


# တိုကျိုအိုလံပစ် ကြက်တောင်ပြိုင်ပွဲဝင်ခွင့်ရ ကစားသမားများ ဇွန် ၁၅ ရက် ထွက်ပေါ်မည်

ရန်ကုန် မေ ၃၀

ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် တိုကျိုအိုလံပစ်ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ပြန်လည် ကျင်းပမည်ဖြစ်ပြီး ကြက်တောင်အားကစားနည်းလည်း ထည့်သွင်းကျင်းပမည်ဖြစ်ရာ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရ အားကစားသမားများကို ဇွန် ၁၅ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

တိုကျိုအိုလံပစ်ပြိုင်ပွဲ၏ ကြက်တောင်ပြိုင်ပွဲတွင် တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊

စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ❑

# မန်စီးတီးအသင်းကိုအနိုင်ရပြီး ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်မြောက်ဆွတ်ခူး




မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ မေ ၃၀ ရက် နံနက်ပိုင်းက ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက မန်စီးတီးအသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

**ပွဲထုတ်လာ**

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းက ဒီဘရိုင်း၊ မာရက်ဇ်၊ စတာလင်၊ ဖိုဒန်၊ ဂွန်ဒိုဂန်၊ ဘာနာဒိုဆေးလ်ဗား၊ ဝေါကာ၊ ဂျွန်စတုန်း၊ ဇင်ချန်ကို စတဲ့ကစားသမားတွေကို ၄-၃-၃ ကစားကွက်နဲ့ ပွဲထုတ်လာခဲ့ပြီး ချယ်လ်ဆီးအသင်းကတော့ တီမိုဝါနာ၊ ဘင်ချီဝဲလ်၊ မာဆင်မောင့်၊ ဂျော်ဂျင်ဟို၊ ဟာဗက်ဇ်၊ ကန်တီ၊ ရီစီဂျိမ်းစ်၊ သီယာဂိုဆေးလ်ဗား၊ အက်ပလီကူတာ၊ ရူဒီဂျာ စတဲ့ကစားသမားတွေကို ၃-၄-၂-၁ ကစားကွက်နဲ့ ပွဲထုတ်လာခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❍